## ရဝေထွန်း

# ရတနာစာပေ



www.dhammaransi.com

ရတနာစာပေ
ဒုတိယအကြိမ်
အုပ်ရေ - ၁၀၀၀ (တစ်ထောင်)
တန်ဖိုး [redacted] ၂၃၀-ကျပ်
၂၀၀၀ ခုနှစ်၊ ဇူလိုင်လ။
စာမူခွင့်ပြုချက်အမှတ် (၅၈/၂၀၀၀) (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၅၈/၂၀၀၀) (၁)
အဖုံးပန်းချီ - မိုက်မိုက် (ပြည်)

ထုတ်ဝေသူ - ဒေါ်ရွှေအိမ် (မြ-၀၁၂၉၉)
တိုင်းလင်းစာပေ၊ ၆၅၊ အုပ်စု (၃)၊
အောင်သိဒ္ဓိလမ်း၊ အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးမြတ်ကျော် (မြ ၀၅၇၇၈)
မြတ်ကျော်ပုံနှိပ်တိုက်၊ ၂၁၇၊ လမ်း (၃၀)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် - ဦးဝင်းအောင် (မြ ၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်
၈၄-၈၆၊ လမ်း (၅၀)၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - FUTURE TIME Idea Group
အမှတ် ၁၁၂၊ တတိယထပ်၊ ၉၂ လမ်း၊
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။
ဖုန်း ၂၈၁၉၂၉

www.dhammaransi.com

ရဝေထွန်း

# ရတနာသာဓေယ

စီစဉ်သူ
N Nyunt Than & Group
အမှတ် ၈(ဒီ)၊ ဦးကျော်လှလမ်းသွယ်၊
ပြည်လမ်း၊ ၇ မိုင်၊ ရန်ကုန်။
ဖုန်း ၀၁-၆၆၁၉၆၇

www.dhammaransi.com

www.dhammaransi.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | * ဤစာအုပ်အကြောင်း | ၇ |
| ၁။ | ဝိမုတ္တိယုဂပြဿနာ | ၁၅ |
| ၂။ | သိကြားမင်းနှင့်သာသနာ | ၂၇ |
| ၃။ | တဆုန်လ၌ကြုံရသော ဗုဒ္ဓနေ့ပွဲတော် | ၃၉ |
| ၄။ | ဒက္ခိဏာသာခါ | ၄၈ |
| ၅။ | ဘုရားကိုးဆူ | ၅၈ |
| ၆။ | ပွဲပေါင်းစုံခ တန်ဆောင်မုန်းလ | ၆၆ |
| ၇။ | သက္ကရာဇ်ဖြို့ကြမည်လော | ၇၈ |
| ၈။ | ကျွန် | ၉၀ |
| ၉။ | သေလေးပါးရှင်လေးပါးနှင့် ရှင်ဥပဂုတ် | ၁၀၀ |
| ၁၀။ | ရာသီစက်နှင့် စာစီချက် | ၁၁၁ |
| ၁၁။ | တစ်ကျိပ်ကိုးယောက်အပျိုစင် | ၁၂၂ |
| ၁၂။ | ဤမုသား | ၁၃၁ |


www.dhammaransi.com

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ဒေါက်ချာ | ၁၃၉ |
| ၁၄။ | မင်းဆရာဘဝနှင့် မြော်ရည်ချက်ဆန္ဒ | ၁၄၉ |
| ၁၅။ | သာလကာတစ်လင်ပန်း<br>ပင်ပန်းကာတစ်ယောက်မ | ၁၅၆ |
| ၁၆။ | ရဟန်းစာဆိုနှင့် သိင်္ဂါရရသ | ၁၆၅ |
| ၁၇။ | စိပ်ပုတီး | ၁၇၄ |
| ၁၈။ | သာသနာ့ဂုဏ်ရည် | ၁၈၇ |
| ၁၉။ | ပြစ်မှားမှု | ၁၉၈ |
| ၂၀။ | သမ္မုဒ္ဒေနှင့်သဗ္ဗမင်္ဂလာ | ၂၁၀ |
| ၂၁။ | သူရဿတီ | ၂၂၃ |

www.dhammaransi.com

# ဤစာအုပ်အကြောင်း

ဤ စာပေမှ စာရေးသူ၏ရတနာစာပေကို ပြန်လည် ထုတ်ဝေမည်ဟုဆိုကာ ရတနာစာပေ ကို မိတ္တူ ကူး၍ လာပြသဖြင့် ဝမ်းမြောက်ဝမ်းသာစာမူများကို ပြန်လည် ဖတ်ရှုမိသည်၊ ရတနာစာပေဟူသည်မှာ လွန်ခဲ့သောနှစ် ၃၀ (၁၉၆၉) ခန့်က ဓမ္မဗျူဟာစာစောင်တွင် လစဉ်ရေး သားခဲ့သော ဓမ္မဆောင်းပါးများကို ထိုစဉ်ကအမှတ် ၁-၂ စသည်ဖြင့် ထုတ်ဝေခဲ့သောစာအုပ်များဖြစ်သည်၊ စာရေး သူသည် ဓမ္မဗျူဟာစာစောင်တွင် ၁၀ နှစ်ကျော်ခန့် လစဉ် မပြတ် ဓမ္မဆောင်းပါးများကို အမည်ခေါင်းစဉ်အမျိုး မျိုးဖြင့် ရေးသားခဲ့ရာ စာစောင်ဖတ်ပရိသတ်များနှစ်သက် မှုကြောင့် စာစောင်တိုက်မှ ယင်းဆောင်းပါးတို့ကို စာအုပ် အဖြစ်စု စည်းထုတ်ဝေရာ၌ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး နှင့်စပ်သော မှတ်သားဖွယ်ရာအကြောင်းအရာများဖြစ်၍ ရတနာစာပေဟုအမည်ပညတ်တပ်ဆင်ထားခဲ့လေသည်။

www.dhammaransi.com

လွန်ခဲ့သော အနှစ် ၃၀ ကျော်က ရေးသားခဲ့သော စာပေများဖြစ်၍ ယခုပြန်လည်ဆန်းသစ်ထုတ်ဝေဖြစ်၍ စာအုပ်အသစ်ဖြစ်ပေါ်လာပြန်သောအခါ ဖတ်၍ပင်တစ်မျိုးအရသာရှိသည်ဟုဆိုရပေမည်။ ထိုစဉ်အခါက ဆောင်းပါးတစ်စောင်တစ်စောင်လျှင် စာမျက်နှာဖူးစကတ်ဖြင့် ၅ မျက် နှာအနည်းဆုံးထား၍ ရေးသားရလေ့ရှိသဖြင့်စာရေးသူ တို့သည် ဆိုင်ရာအကြောင်းအရာတိုင်းမှာပင် ပြည့်ပြည့်စုံစုံရှာဖွေဖော်ထုတ်လေ့လာ၍ ရေးသားနိုင်သဖြင့် ဖတ်ရသည်မှာ အားရပါးရရှိလှပါသည်။ ယခုခေတ်တွင် ဆောင်းပါးတစ်စောင့်လျှင် ၃ မျက်နှာခန့်ဖြင့် ပြီးအောင်ရေးသားရမြဲဖြစ်၍ အချိန်ကိုချွေတာလျက် လေ့လာဆန်းစစ်အနှစ်ချုပ်ပမာရေးသားရသဖြင့် တစ်ခါတရံဖတ်၍ အားရပါးရမရှိလှဟုဆိုရပါမည်။

ဤစာအုပ်ပါ ရတနာစာပေလာဆောင်းပါးတို့မှာ နှစ်ပေါင်း ၃၀ ကျော်ကာလက ရေးသားခဲ့သဖြင့် ယခုပြန်၍ဖတ်ရှုရာ၌ ပိုမို၍အရသာပေါ်လာသည့်ပြင် တွေ့ရခဲ့သော အကြောင်းအရာများဖြစ် ၍အမှန်ပင်ပြန်လည်ဖော်ထုတ်သင့်သောဆောင်းပါးများဖြစ်ကြောင်း စာဖတ်သူတို့သတိပြုမိ

www.dhammaransi.com

ပေလိမ့်မည်။ စာရေးသူအနေဖြင့် အချို့နေရာတို့တွင် ပြန်လည်ပြင်ဆင်ဖြည့်စွက်ထည့်သွင်းချင်သေးသလိုလိုဖြစ်မိသေးသည်၊ မိမိရေးသောစာများဖြစ်၍ မိမိအနေဖြင့် ဖတ်၍ အားမရသလိုလိုရှိခြင်းသာဖြစ်၍ အမှန်တကယ်မှာမူ ထိုဆောင်းပါးတို့တွင် လိုအပ်ချက်များ အားနည်းချက်များကား မရှိလှပါပေ၊ ထိုစဉ်ကပင် ပြည့်ပြည့်စုံစုံလေ့လာရေးသားချက်များဖြစ်၍ ယခုအသစ်ရေးသားလျှင်ပင် ထိုကဲ့သို့ပြည့်စုံသော ဆောင်းပါးမျိုးဖြစ်လာမည်မထင်ပါ။ ထို့ကြောင့်လည်း ဆောင်းပါးအားလုံးကိုပင် သတ်ပုံမျှလောက်သာပြင်ဆင်ဆောင်းပါးအသွားအလာ စာစကားတို့ကို လုံးဝမပြုပြင်ဘဲနေခဲ့ပါသည်။

ဤစာအုပ်ပါဆောင်းပါးတို့မှာ မူလမေ့ဗျူဟာစာစောင်တွင်ပါရှိသည့်အတိုင်းပင် ပြင်ဆင်ဖြည့်စွက်မှုမပြုဘဲ ရိုက်နှိပ်ဖော်ပြထားခြင်းဖြစ်သော်လည်း ဆောင်းပါအစဉ်မှာမူ ယခင်စာစောင်တွင်ပါသည့်အတိုင်း စဉ်ထားသည်ကား မဟုတ်ချေ၊ တည်းဖြတ်ထုတ်ဝေသူက ဆောင်းပါးအလေးအပေါ့အတိုအရှည်ကိုလိုက်၍ လိုအပ်သလိုစဉ်ပေးထားခြင်းသာဖြစ်ရာ အချို့အခန်းဆက်သဖွယ်သဘောတူဆောင်းပါး

www.dhammaransi.com

များမှာ စာအုပ်တွင်တစ်စောင်နှင့်တစ်စောင် ခြားကွာဝေးလံသွားရသဖြင့် စာဖတ်ရာ၌ တစ်မျိုးတစ်ဖုံဖြစ်သွားကောင်းသွားပေမည်။

ပုံစံအားဖြင့် ဤစာအုပ်ပါ 'စိပ်ပုတီး' ဆောင်းပါးတွင် စိပ်ပုတီး၊သမ္ဗုဒ္ဓေ၊ သဗ္ဗမင်္ဂလာဂါထာ၊ ဘုရားကိုးဆူနှင့် သူရသတီဆောင်းပါး ၅ ပုဒ်မှာ ပြဿနာတစ်ဆက်တည်းဖြစ်၍ စာစောင်၌ လဆက်ထည့်သွင်းခဲ့သော်လည်း စာအုပ်တွင် တည်းဖြတ်ထုတ်ဝေသူက ဟိုနေရာ သည်နေရာခွဲ၍ ထည့်လိုက်သဖြင့် စာအုပ်ဖတ်သူတို့အဖို့ စဉ်းငယ်တွေဝေစရာဖြစ်သွားနိုင်ပါ၏။ သို့သော်တစ်ချိန်တည်း တစ်ရှိန်တည်း ဆက်တိုက်မဖတ်ဘဲ ခပ်ဖြည်းဖြည်းဖတ်လျှင် ကာမသိသာနိုင်သဖြင့် ယခု ပြန်လည်ထုတ်ဝေရာ၌လည်း ပြင်ဆင်ပြောင်းလဲခြင်းမပြု ပဲ ယခင်အတိုင်းပင် ထားလိုက်ပါသည်။

နှစ်များစွာက စာအုပ်ကို ယခုပြန်လည်ဆန်းသစ်၍ ခေတ်နှင့်လျော်အောင် ထုတ်ဝေလိုက်သဖြင့် စာအုပ်ပုံစံနှင့် အနေအထားစသည် အနည်းငယ်ကွဲလွဲမှုရှိကောင်းရှိမည်ဖြစ်သော်လည်း အကြောင်းအရာမှာမူ ရတနာစာပေဆိုသည့်အတိုင်း အဖိုးတန်ရွှေငွေရတနာအဖြာဖြာတို့ကဲ့သို့

အခါခပ်သိမ်းသစ်လွင်နေမည်သာဖြစ်ပါလိမ့်မည်၊ ဤစာအုပ်ပါဆောင်းပါး ၂၁ ပါအကြောင်းအရာတို့မှာ မည်သည့်အခါကာလမှ ရိုးဟောင်း၍မသွားနိုင်သော ဗုဒ္ဓစာပေလောအကြောင်းအရာများသာဖြစ်သဖြင့် အခါခပ်သိမ်း လိုအပ်နေမည်သာဖြစ်ပါလိမ့်မည်။

အထူးအားဖြင့် ဤစာအုပ်ပါအချို့ဆောင်းပါးများမှာ စာစောင်တွင်ပါရှိစဉ်ကပင် စာပေနယ်တွင် လှုပ်ရှားခဲ့သောဆောင်းပါးများဖြစ်ခဲ့ပါသည်၊ ရာသီစက်နှင့်စာစီချက်စိပ်ပုတီး၊ ဘုရားကိုးဆူ၊ သူရဿတီ၊ ဒက္ခိဏာသာခါစသောဆောင်းပါးတို့မှာ စာဖတ်ပရိသတ်တို့ထံမှ စာဖြင့်လည်းကောင်း လူကိုယ်တိုင်လာရောက်တွေ့ဆုံ၍လည်းကောင်း ဆွေးနွေးခြင်း ကျမ်းရင်းအကိုးတောင်းကြခြင်းနှင့် အချို့စာစောင်တွင်ဆောင်းပါးရေး၍ ခိုးကျူးခြင်းများပြုခြင်းတို့ဖြင့် လှုပ်ရှားအသက်ဝင်ခဲ့သော ဆောင်းပါးများဖြစ်ပါသည်၊ ဗုဒ္ဓဘာသာလောကတွင် သူရဿတီကိုးကွယ်မှု အသားတက်နေချိန်ဖြစ်ရာ အဦးဆုံးသူရဿတီဝေဖန်ချက်ဖြစ်နေ သဖြင့် သူရဿရီဆောင်းပါးပါရှိချိန်တွင် ပိုမိုလှုပ်ရှား၍ ဗုဒ္ဓဘာသာတို့ အမြင်မှန်ရကာ သူရဿတီကိုးကွယ် မှုစွန့်ခွါခဲ့ကြသည်

ကို ကိုယ်တွေ့ကြုံရသဖြင့် အလွန်ရေးသားရကြိုးနပ်လှ ပါသည်။

ဤစာအုပ်ကို ပြန်လည်ဆန်းသစ်ထုတ်ဝေခြင်းနှင့် စပ်၍ ဆန်းသစ်ခြင်းကို ဆန်းစစ်ရမည်ဆိုက စာပေလော ကဌလည်းကောင်း ရုပ်ရှင်၊ ဂီတ အနုပညာလောကဌ လည်းကောင်းပြန်လည်ဆန်းသစ်ခြင်းမှာ ဤခေတ်တွင် ခေတ်စားလုပ်ကိုင်မြိုင်မြိုင်ဆိုင်ဆိုင်ကြီး လှုပ်ရှား၍ နေပေ ရာ တိမ်မြုပ်၍မသွားသင့်သော စာအုပ်စာပေနှင့် ရုပ်ရှင် ဂီတတို့အခါကာလအားလျော်စွာ ပြန်လည်ပေါ်ထွက်လာ သဖြင့် ခေတ်သူခေတ်သားတို့ ဗဟုသုတပွား၍ အသိပ ညာများပြားဖို့အကြောင်း ကောင်းသောအလေ့အလာဖြစ် သောကြောင့် အားပေးသင့်သော ဆန်းသစ်မှုများပင်ဖြစ် လေ၏။

စာရေးသူတို့သည် ရွှေတိဂုံစေတီတော် တနင်္ဂနွေ ထောင့် အာဇာနည်လမ်းပေါ်ရှိ မင်္ဂလာဗျူဟာအသင်းချုပ် ကြီးနှင့် တွဲ၍ ပိဋကဗျူဟာအဖွဲ့ဟု စာဟောင်းပေဟောင်း ရှာဖွေရိုက်နှိပ်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ ထိုအဖွဲ့မှ ရရှိသ မျှရန်ပုံငွေနှင့် လျော်ညီစွာ ရှေးဟောင်းစာပေများမှ စာ

ကောင်းပေကောင်းများကို ရှာဖွေ၍လည်းကောင်း ခေတ်ဟောင်းလွန်လေ အတိတ်ကရိုက်နှိပ်ခဲ့ဘူးသော စာကောင်းပေကောင်းများကို ဖော်ထုတ်၍လည်းကောင်း ရိုက်နှိပ်ခဲ့ရာ ဆရာတော်သံဃာတော်များနှင့် စာပေပညာရှင်များ၏ ချီးကျူးမှုကို ခံယူရရုံမက လာရောက်ပူးပေါင်းကာ လုပ်ဆောင်တာဝန်ယူပေးနေသည်ကိုပင် ခံယူရပေသည်။

ယခု ဤရတနာစာပေကိုပြန်လည်ဆန်းသစ်ထုတ်ဝေခဲ့သော စာပေကလည်း အသစ်အသစ်တို့ထက် တန်ဖိုးရှိသော အဟောင်းတို့ကိုပြန်လည်ဆန်းသစ်လိုသော အာသီသရှိသည့်အတိုင်း စာရေးသူထံသို့ ချဉ်းကပ်ကာ စာရေးသူရေးသားခဲ့သော စာပေများသာမက တန်ဖိုးရှိသော ရှေးဟောင်းစာပေများကို ထုတ်ဝေလိုပါသည်။မြန်မာစာပေလောကမှာသာ အကျိုးရှိမည်ဆိုလျှင် စီးပွားရေးကိုမငဲ့ကွက်ဘဲ သက်သက်စာပေစေ တနာအပြည့်ဖြင့် တာဝန်ယူလိုပါသည်ဟု ဆိုလာသဖြင့် စာရေးသူသည် ကိုယ်တိုင်ရေးသားသော ရတနာစာပေကဲ့သို့သော စာပေများအပြင် မြာဒို့ ဟာခန်းပို့ဟူသော ပို့ကဗျာလင်္ကာများ လောကုပ္ပတ္တိ

www.dhammaransi.com

ပကာသနီကဲ့သို့သော ဗုဒ္ဓဘာသာ သိမှတ်စရာစာပေများကို မူရင်းရှာ၍ ပေးခဲ့ရာ ဝမ်းမြောက် ဝမ်းသာပင် ရိုက်နှိပ်၍ တာဝန်ယူခဲ့ပေသည်။

ထို့ကြောင့် စာပေစေတနာရှင်ဒေါ်ညွှန့်ညွှန့်သန်းနှင့် မောင်ဖြစ်သူဦးမောင်မောင်သန်းတို့၏ စေတနာလုပ်အား ကြောင့် တိမ်မြှုပ်နေသောစာဟောင်းပေဟောင်း စာ ကောင်းစာမွန် တို့ ပြန်လည်ဆန်းသစ်ထွက်ပေါ်လာတော့ မည်ဖြစ်သဖြင့် စာရေးသူအဖို့ ဝမ်းမြောက်ဝမ်းသာ စာပေ စိတ်ထားဖြင့် ကြိုးစားအားထုတ်၍ စာအုပ်ကောင်းများကို ရှာဖွေပေးရ မည့်တာဝန်ကို ယူရင်း - ရတနာစာပေစာအုပ် အကြောင်း အမှာစကားကို ရေးသား၍ ကတိစာဝတ်ပြု လိုက်ရပါသတည်း။

ရဝေထွန်း

www.dhammaransi.com

# ရတနာစာပေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ဝိမုတ္တိယုဂ ပြဿနာ

မကြာမီက စာရေးသူထံ လိပ်စာတပ်၍ အမည်မဖော်လို သောမိတ်ဆွေတစ်ဦးထံမှ စာတစ်စောင် ရောက်လာသည်၊ စာမှာ တော်တော်ရှည်လျားပါသည်၊ ယုဂငါးမျိုး အကြောင်းကို အကျယ် ဖော်ပြ၍ သာသနာ ၂၅၀၀ ကျော်သော ယခုအချိန်၌ အလွန်ကောင်းမြတ်သော ဝိမုတ္တိယုဂခေတ်သို့ ပြန်လည်ရောက်ရှိလာသဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူစခေတ်နှင့် အလား

www.dhammaransi.com

တူစွာရဟန္တာပုဂ္ဂိုလ်များထွန်းကားလာတော့မည့်အကြောင်း ပုဂ္ဂိုလ်တစ်ဦး - ဟောပြောနေသည်ကို နာယူခဲ့ရ၍ ထိုအတိုင်းဖြစ်နိုင်မဖြစ်နိုင် မေးမြန်းထားလေသည်။

ဤပြဿနာမှာ မကြာမကြာပေါ်ပေါက်နေကျပြဿနာ တစ်ခုပင် ဖြစ်ပါသည်။ နာမည်ကြီး ဆရာတော်ဘုရားများလည်း မကြာမကြာဖြေရှင်းနေရသည်ကို ကြားရဘူးပေသည်။ ပြဿနာကို စတင်ဖော်ထုတ်ခဲ့သော ပုဂ္ဂိုလ်တို့ ကိုယ်တိုင်က နာမည်ကျော်ပညာရှိဘွဲ့ခံ ပုဂ္ဂိုလ်ကြီးများဖြစ်ခဲ့၍ ရှင်းလင်းဖြေကြားရသောပုဂ္ဂိုလ်တို့အဖို့လည်း တာဝန်ကြီးလှပေသည်။

ပြဿနာ၏ အထည်ကိုယ်ဖြစ်သော ယုဂငါးမျိုးနှင့် အဓိပ္ပါယ်ကို ဤ၌ဖော်ပြသင့်သည်ဟု ထင်ပါသည်။ ယုဂငါးမျိုးကား -

(၁) ဝိမုတ္တိယုဂ၊
(၂) သမာဓိယုဂ၊
(၃) သီလယုဂ၊
(၄) သုတယုဂ၊
(၅) ဒါနယုဂတို့တည်း။

ထိုငါးမျိုးတို့တွင် -

(၁) ဝိမုတ္တိယုဂဟူသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ရဟန္တာပုဂ္ဂိုလ်များ ထင်ရှားရှိနေသောကာလကိုဆိုသည်၊ မဂ်တရားဖိုလ်တရားများကိုကျင့်ကြံကြိုးကုတ်၍ရနိုင်သောခေတ်ကောင်းခေတ်မြတ်ကြီးပင်ဖြစ်သည်။ ပညာသိက္ခာထွန်းကားသောခေတ်ဟုဆိုလိုသည်။

(၂) ထိုရဟန္တာခေတ်ဟုဆိုသော ဝိမုတ္တိယုဂခေတ်ကြီးကုန်ဆုံးကွယ်ပသွားသောအခါ သမာဓိယုဂခေတ်သို့ရောက် ၍လာ၏၊ မဂ်တရား ဖိုလ်တရားများကို အားထုတ်ကြသော ခေတ်ဖြစ်၏၊ ထိုခေတ်၌ မဂ်ဖိုလ်ကိုမရနိုင်တော့ပဲလောကီစျာန် အဘိညာဉ်တို့ ကိုသာရနိုင်ပေတော့သည်၊ ပညာသိက္ခာကွယ်ပျောက်၍ သမာဓိ သိက္ခာထွန်းကားသော အချိန်ဟုဆိုလို၏။

(၃) လောကီစျာန် အဘိညာဉ်ခေတ်ဟု ဆိုအပ်သော သမာဓိယုဂခေတ်ကုန်ဆုံးကွယ်ပပြီးသည့်နောက် သီလယုဂခေတ်သို့ရောက်လာရ၏၊ ထိုခေတ်တွင်စျာန်သမာပတ်အားထုတ်မှုမရှိတော့ပဲ သီလကိုသာ အားထုတ်ကြရ

www.dhammaransi.com

တော့၏။ ရဟန်းသံဃာများ ပျောက်ကွယ်မ သွားသေး၊ သီလတရားအား ထုတ်မှုပျောက်ကွယ်မသွား သေးသဖြင့် စတုပါရိသုဒ္ဓိသီလစ သောသီလတရားများ၊ (၁၀) ပါး (၈), ပါး (၅)ပါးသီလများထွန်းကားနေသေးသော ခေတ်ဖြစ်၏။ အထူးအားဖြင့် သိက္ခာသုံးပါးတွင် သီလသိက္ခာသာ ကျန်ရှိတော့၍ရဟန်းတို့အဖို့ သီလတရားမှတစ်ပါး ဈာန်တရား မဂ်တရားတို့ကို အားထုတ်ကြိုးစားခြင်း လုံးဝမရှိတော့သော ခေတ်ဖြစ်လေသည်။

(၄) ထိုသီလယုဂ်ခေတ် ကုန်ဆုံးသွားပြီးသည့် နောက်တွင် သုတယုဂခေတ် ဖြစ်ပေါ်လာ၏၊ ထိုခေတ်တွင် ရဟန်းတို့သည် သီလကိုစင်ကြယ်အောင်ထိန်းသိမ်းခြင်းပင် မပြုတော့ပဲ စာပေကျမ်းဂန် သင်အံ့ပို့ချမှုမျှသာရှိတော့၏၊ တနည်းဆိုရသော် သီလစင်ကြယ်သူဟူ၍ပင်မရှိ၊ စာပေကျမ်းဂန်တတ်ကျွမ်းသူမျှကိုသာ အကောင်းဆုံးထား၍ ကိုးကွယ်ရသောခေတ်ဖြစ်လေသည်။

(၅) နောက်ဆုံးတွင် ထိုစာပေကျမ်းဂန် သင်အံ့ပို့ချမှုပင် မရှိတော့ပဲ ( ဝါ - သုတယုဂခေတ်ကြီး ကုန်ဆုံးပျက်ပြုန်း၍ သွားသောအခါတွင်) ထိုခေတ်ပေါ် ရဟန်းသံဃာ

www.dhammaransi.com

တော်တို့သည် ပစ္စည်းလာဘ်သပ္ပကာတို့ကိုသာ ရှာမှီး၍ ဒါနပြုခြင်း တတ်နိုင်သမျှ လှူဒါန်းပေးကမ်းခြင်းမျှကိုသာ ရဟန်းတရားအနေဖြင့် အားထုတ် ကြသောခေတ် (ဒါန ယုဂခေတ်) သို့ ရောက်ရှိလာရလေတော့သည်၊ အကျင့်တရားဟူ၍ မည်မည်ရရမရှိ၊ ရဟန်းအသွင်မျှသာကျန်ရှိနေပြီး စွန့်ကြဲပေးကမ်းမှု ကိုသာအမြတ်ဆုံးတရားအနေဖြင့် အားထုတ်နေရသော ခေတ်ကြီးတည်း၊ အလှူအတန်း ပေးကမ်းစွန့်ကြဲတတ်သောရဟန်းကိုပင် အကောင်းဆုံး အမြတ်ဆုံးထား၍ ကိုးကွယ်ရသောခေတ်ဟု ဆိုလိုပေသည်။

ဖော်ပြပါ ယုဂငါးမျိုးဟုဆိုအပ်သော သာသနာ ခေတ်ငါးမျိုးကို ထေရဂါထာအဋ္ဌကထာ ဒုတိယအုပ် ဖုဿထေရဂါထာ အဖွင့်၌ အဋ္ဌကထာဆရာ ရှင်ဓမ္မပါလ မထေရ်က“နောက်အနာဂတ်ကာလ၌ ဤတရားဆိုးများ ဖြစ်ပေါ်လာလိမ့်မည်” ဟူသောစကားတွင်ပါသော အနာဂတ်ကာလအဓိပ္ပါယ်ကို ဖွင့်ဆိုဖော်ပြရင်းဖွင့်ဆို ချက်မျှသာဖြစ်လေသည်။ ဤနေရာမှတပါး အခြား အဋ္ဌကထာဋီကာတို့၌ ဤယုဂငါးမျိုးဖော်ပြထားချက်တို့ကို

www.dhammaransi.com

မတွေ့ရပေ။

ဤဖုသသထေရဂါထာ အဋ္ဌကထာ၌လည်း ဖော်ပြပါ ယုဂင်းမျိုးကို အမည်မျှသာထုတ်ပြပြီး မည်သည့်အချိန်၌ မည်သည့်ယုဂဖြစ်ပေါ်၍ ယုဂတစ်မျိုးတစ်မျိုး၌ မည်မျှကြာနေမည် စသောစကားအရိပ်အမြွက်မျှမပါမရှိပေ၊ ယုဂငါးမျိုးတစ်ခုပြီး တစ်ခု ဖြစ်လာနိုင်သည်ဟူ၍သာ ဖော်ပြထားပေသည်၊ စင်စစ်မှာ သာသနာကွယ်ပျောက်ရာ၌ ဤယုဂငါးမျိုး အစဉ်အတိုင်း ဖြစ်ပေါ်လာပြီး နောက်ဆုံး သာသနာကွယ်ပျောက်သွားနိုင်ပုံကို ဖော်ပြထားခြင်းဟုသာ နားလည်ထားသင့်ပါသည်။

သို့သော် နောက်ဆရာတို့ကား ဤယုဂငါးမျိုးကို နှစ်အပိုင်းများဖော်ပြလျက် တစ်ခုပြီးတစ်ခုဖြစ်ပေါ်လာပြီး နောက်ဆုံးယုဂ ငါးမျိုးလုံး စုံသွားလျှင် ပဌမဝိမုတ္တိယုဂသို့ ပြန်လှည့်လာရမည့်အကြောင်းဖြင့် ရေးသားဟောပြော လာလေသည်၊ မည်သည့် ကျမ်းဂန်အထောက်အထားမျှ ခိုင်ခိုင်လုံလုံမရှိသဖြင့် အာစရိယ ပရံပရ ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်တို့၏ ထောက်ခံမှုကိုမရရှိခဲ့ပေ။

ထိုဆရာတို့ရေးသားဟောပြောပုံကား "ယုဂတစ်မျိုး

www.dhammaransi.com

တစ်မျိုးတွင် အနှစ် ၅၀၀ စီရှိသည်၊ ဘုရားပရိနိဗ္ဗာန် စံပြီးစ အချိန်မှစ ၍ ဝိမုတ္တိယုဂခေတ်စတင်ခဲ့ရာ သာသနာ အနှစ် ၅၀၀ တွင် ဝိမုတ္တိယုဂခေတ်ကုန်ဆုံးသွားခဲ့ပြီးလျှင် သမာဓိယုဂခေတ် ဖြစ် ပေါ်လာခဲ့သည်၊ ထိုသမာဓိယုဂခေတ်သည် သာသနာအနှစ် ၁၀၀၀ ၌ ကုန်ဆုံးခဲ့ပြီးနောက် သီလယုဂခေတ်သို့ ရောက်ခဲ့ ပြန်သည်။ သာသနာနှစ် ၁၅၀၀-တွင် သီလယုဂခေတ် ကုန်ဆုံးခဲ့ပြီး သုတယုဂခေတ်ထွန်းပေါ်လာပြန်၏။ သုတယုဂခေတ်သည် သုသနာအနှစ် ၂၀၀၀ နှစ်၌ ကုန်ဆုံးသွားပြီးနောက် သာသနာ ၂၅၀၀ တွင် ခေတ်ငါးမျိုး ကုန်ဆုံးသွားခဲ့ပြီး ၂၅၀၀ မှစ၍ ဝိမုတ္တိယုဂခေတ်ကြီး ပြန်လည်ထွန်းကားလာရလေသည်” ဟူသတည်း။

စာရေး၍ ပေးသောမိတ်ဆွေသည် အဆင်ခြင်ဉာဏ်ပြည့်စုံသည့်အတိုင်း သာသနာ ၂၅၀၀ ကျော်၍ ဝိမုတ္တိယုဂခေတ်ကြီး ပြန်လည်ဆန်းသစ်လာပြီဟူသော စကားကိုယုံကြည်လိုသူမဟုတ်ပေ၊ အနှစ်ငါးရာစီ ပိုင်းခြားထားသောဆရာတို့အလိုအတိုင်း ဆိုက သာသနာ ၂၅၀၀ ပြည့်သောအချိန်တွင် ယုဂငါးမျိုးကုန်ဆုံးသွားပြီးဖြစ်ရာ အကောင်း

www.dhammaransi.com

ဆုံးမှ သည် အဆိုးဆုံးသို့ တဆင့်တဆင့် ကျဆင်းလာပြီး အဆိုးဆုံးမှသည် အကောင်းဆုံးသို့ ခုန်တက်ဖြစ်ထွန်းလိုက်ရမည်ဆိုခြင်းမှာ သဘာဝလည်း မကျသဖြင့် သာမန်ဆင်ခြင်ဉာဏ်ပြည့်စုံသူတိုင်းပင် ယုံကြည်ကြမည် မဟုတ်ပေ။

ထိုထက် အမှတ် (၄) ဖြစ်သော သုတယုဂဟူသည်မှာ ပရိယတ္တိသာသနာဖြစ်သဖြင့် ထိုပရိယတ္တိသာသနာကွယ်ပ သွားပြီးနောက် အမှတ် (၅) ဖြစ်သော ဒါနယုဂခေါ် လိင်္ဂသာသနာအနှစ်ငါးရာမှသည် ပဋိဝေဓ သာသနာအစစ် ဝိမုတ္တိယုဂခေတ်ကြီးသို့ ခုန်တက်ဖြစ်ထွန်းရမည်မှာလည်း မည်သည့်ယုတ္တိ နှင့်မှ လျော်လျောက်ပတ်မှုမရှိပါချေ။ ထို့ကြောင့် မိတ်ဆွေ၏မယုံကြည်မှုမှာ မှန်ကန်သော အတွေးအခေါ်ပေါ်၌ အခြေတည်နေပေသည်။

သို့သော် အမေးရှင် မိတ်ဆွေသည် "မြတ်စွာဘုရား ပရိ နိဗ္ဗာန်စံဝင်တော်မူပြီးသည်မှ အနှစ်ငါးရာစီသော ယုဂငါးမျိုး အစဉ်အတိုင်းဖြစ်ပေါ်နေခြင်းမှန်ခဲ့သော် . . ." ဟူသော အတွေးကိုမူ တွေးမိကောင်းတွေးမိပေလိမ့်မည်၊ ထိုသို့တွေးမိခဲ့လျှင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ခိုင်ခံ့သော ပါဠိအဋ္ဌကထာတို့၌ လာရှိသောစကားမဟုတ်၊

www.dhammaransi.com

ဖုဿထေရအဋ္ဌကထာအဖွင့်လာ ယုဂငါးမျိုးစကားကို ချဲ့ထွင်၍ ကြံဆရေးသားဟောပြောမှုမျှသာဟု ယူဆ၍ သံသယကင်းသင့်ပါသည်။

မြတ်စွာဘုရား သာသနာတော်သည် သက်တမ်းရှည် သော ဝိပဿီ၊ သိခီ၊ ဝေဿဘူမြတ်စွာဘုရားရှင်တို့လက် ထက်တော်၌ ဘုရားတစ်လက်ထက်သာ သာသနာတည်သည်၊ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူသွားပြီးနောက်တွင် သာသနာကွယ်ပတော့သည်၊အဘယ့်ကြောင့်ဆိုသော် ထိုဘုရားရှင်တို့လက်ထက်၌ သက်တမ်းရှည်သည့်နှင့်အမျှ သမ္ပတ္တိခေတ်ကောင်း အခါကောင်းကြီးများဖြစ်ကြ၍ ရဟန်းတို့အတွက် သိက္ခာပုဒ် ဝိနည်းပညတ်ကိုလည်း ပညတ်တော်မူရန်မလို၊ တရားကို အကျယ်ဟောကြားရန်လည်း ကြောင့်ကြမစိုက်ကြ၊ ထို့ကြောင့် ဘုရားတစ်လက်ထက်သာ သာသနာတည်ရလေသည်။

သက်တမ်းတိုသော ကကုသန်၊ ကောဏာဂုဏ်၊ ကဿပနှင့် ကျွန်ုပ်တို့ ဂေါတမဘုရားရှင်များလက်ထက်(ဤ)၌ အနှစ်ငါးသောင်းတမ်းအောက်ကို သက်တမ်းတိုသည်ဟူ၏၊ ဝိပဿီ ဘုရားရှစ်သောင်းတမ်း၊ သိခီ၊ ခုနစ်

သောင်းတမ်း၊ ဝေဿဘူ ခြောက်သောင်းတမ်းဖြစ်၍၊ ကကုသန်ဘုရားလေးသောင်း၊ ကောဏာဂုဏ်ဘုရား သုံးသောင်း၊ ကဿပဘုရားနှစ်သောင်းနှင့် ဂေါတမဘုရား တစ်ရာတမ်းဖြစ်သည်) ၌ ဘုရားရှင်တို့ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်လည်း သာသနာအရှည်တည်ရစ်ရန် လိုအပ်သည့်အတိုင်း တပည့်တို့အား တရားတော်ကိုလည်း အကျယ်ဟောတော်မူခဲ့သည်၊ ထိုမြတ်စွာဘုရားတို့၏ သုတ်ဂေယျဗျာက ရှဏ်းဂါထာဥဒါန်း ဣတိဝုတ်ဇာတ်အဗ္ဘုတဓမ္မဝေဒလ္လဟူသောအင်္ဂါကိုးတန်တို့လည်း ပြည့်ပြည့်စုံစုံကျန်ရစ်ခဲ့ကုန်၏။ဝိနည်းသိက္ခာပုဒ်တို့ကိုလည်း အကြားမထင်အောင် ပညတ်တော်မူခဲ့ကြ၏၊ ထို့ကြောင့် ထိုဘုရားရှင်တို့၏ သာသနာတော်သည် ဘုရားရှင်လွန်တော်မူခဲ့သည့် နောက်လည်း အရှည်တည်တံ့၍ကျန်ရစ်ခဲ့ရပေသည်။

အနှစ်လေးသောင်း သုံးသောင်း နှစ်သောင်းတမ်း သက်တမ်းရှည်သော ကကုသန် ကောဏာဂုဏ် ကဿပဘုရားတို့သည်ပင် သက်တမ်းတိုသောအနေဖြင့် ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံပြီးနောက် သာသနာတည်ရစ်စေရသေးသည်၊ သက်တမ်း ၁၀၀ ၌ပွင့်တော်မူသော ဤဘုရားရှင်

www.dhammaransi.com

လက်ထက်၌ကား နှစ်အနည်းငယ်မျှသာ သာသနာတည်ရစ်ရမည်ဟုဆိုလျှင် လွန်လွန်းလှချေ၏ဟုသာ ဆိုရပေမည်။

အမှန်အားဖြင့် ဂေါတမဘုရားမြတ်စွာသည် သက်တမ်းအလွန်တိုသောကာလ၌ ပွင့်တော်မူရသည်နှင့်အညီ သာသနာအရှည်တည်ရစ်ရန် ဝိနည်းပညတ်တို့ကိုလည်း အပြည့်အစုံထားတော်မူခဲ့သည်၊ နိကာယ်ငါးရပ် ပိဋကသုံးဖြာ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်အထိ အင်္ဂါကိုးဖြာ တရားဒေသနာတော်တို့ကိုလည်း ထားတော်မူခဲ့သည်။ ထားတော်မူခဲ့သည့်အတိုင်းလည်း ယခုတိုင်သင်ကြားပို့ချပြောပြရထားလျက် ထင်ထင်ရှားရှား တည်တွန်း၍နေသေးသည်၊ သို့နှယ် ပရိယတ္တိသာသနာတော်ကြီး ဓမ္မက္ခန္ဓာအစုအဝေးတော်ကြီး ထင်ရှားတည်နေသေးသမျှ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတော်ကြီးတို့သည်လည်း တည်ရှိနေဦးမည်သာဖြစ်သည်၊ ဤနည်းမခြားကြိုးစား၍ ပရိယတ္တိသာသနာတော်ကြီးကို ရဟန်းရှင်လူအားလုံး ထောက်ပံ့မြှောက်ချီး၍ ပွားစီးသည်ထက် ပွားစီးအောင် ပြုစုနေခဲ့လျှင် သာသနာနှစ်သည် အချိန်ကြာမြင့်စွာ တည်

နေဦးမည်သာ ဖြစ်ပါ၏။

အချုပ်အားဖြင့်ကား၊မဂ်လေးပါး၊ဖိုလ်လေးပါးဖြစ်သည့် ပဋိဝေဓသာသနာတည်းဟူသော အသီးအပွင့်၊ ဝိပဿနာ ဘာဝနာပဋိပတ္တိသာသနာတည်းဟူသော ပင်စည်ကိုင်းခက်တို့သည် ပိဋကသုံးတန်သင်အံ့ပို့ချခြင်း ပရိယတ္တိသာသနာတည်းဟူသော ရေသောက်မြစ်၌ အခြေစိုက်အားပြုရသည်ဖြစ်၍ လက်ရှိပရိယတ္တိ သာသနာတော်ကြီး တည်တံ့နေသမျှကာလပတ်လုံးဝိမုတ္တိယုဂ ခေတ်ကြီးသည်လည်း တည်တံ့နေဦးမည်သာ ဖြစ်ကြောင်း သိစေလိုပါသတည်း။

* * *

www.dhammaransi.com

# သိကြားမင်းနှင့် သာသနာ

## သိကြားတိုင်တေးထပ်

စည်းစိမ်တော်ယစ်မူးလို့ မဖြစ်ဘူးဣန္ဒာ၊ ကသစ်ဦး
သိင်္ဂါမှာ၊ အလိမ္မာလွန်အား။ ရွှေငါးသန်း နှစ်ကုဋေမှာ
အဖျော်ဖြေ ကြူးရော့သလား။ ။ဘယ်သူ့ကမှ မမူ
လာတယ်၊ ကရုဏာတရား။ လူ့ရွာကို ရှုပါကြားမယ်လို့
ဘုရားကိုသူ့ဝါ။ အင်ကြင်းမြိုင် ကုသိန်နန်းမှာလ၊ စာ-
စာတမ်းထိုးလျက်ရှိပါ။ ။ကောဝိဠ သမီးပါ အို့ . .
ဣန္ဒာ သိကြားဝဲ့ ဘုရားကိုးကွယ်မှန်၊ ဆင်းခဲ့မြန်မြန်၊
ထောင်စက္ခုမှိန်ခဲ့ပြန်လျှင်၊ စိန်မျက်မှန်ဆက်အုံးမယ်ပ
လေး။

ကဗျာဆရာကြီး စလေဦးပုည သိကြားမင်းလူ့ပြည်ကို မကြည့်ပဲ မေ့လျော့နေကြောင်းနှင့် အထက်ပါ ငေါ့တော့တော့အဓိပ္ပါယ်ရှိသည့် သိကြားတိုင် တေးထပ်ကို ရေးစပ်ခဲ့သည်။ "အို - သိကြားမင်း - ယခုအချိန်တွင် သင်သိကြားမင်းအဖို့ စည်းစိမ်ယစ်နေ၍မဖြစ်ပါ၊ ပင်လယ်ကသစ်

www.dhammaransi.com

ပင်ဦးရှိ ဝေဇယန္တာ ရွှေပြာသာဒ်ကြီးပေါ်၌ ဖျော်ဖြေမှုတွင် လိမ္မာကျွမ်းကျင်လှသည့် နှစ်ကုဋေငါးသန်းသော ဒေဝစ္ဆရာနတ်ကညာခြွေရံတို့၏ ဖျော်ဖြေမှုဝယ် ယစ်မူးနေလေသလားမသိ၊ သင်သိကြားမင်းသည် လူ့ပြည်လူ့ရွာ၏ အရေးအရာတို့ကို အနည်းငယ်မျှ ဂရုမပြုပါလေ၊ သနားခြင်း၊ ကရုဏာတရားဖြင့် ထာဝစဉ်လူ့ရွာလူ့ပြည်ကို ကြည့်ရှုစောင့်ရှောက်ပါမည်ဟု မြတ်စွာဘုရားကို သင်လျှောက်ထားခဲ့ခြင်းသည် လိမ်ညာ၍ လျှောက်ထားခဲ့ခြင်း ဖြစ်လေယောင်တကား၊ ကုသိနာရုံအင်ကြင်းစုံတွင် သင်လျှောက်ထားခဲ့ပုံ တို့ကိုကား ပြက်ပြက်ထင်ထင် စာတမ်းတင်၍ ရှိနေပါသည်၊ ပင်လယ်ကသစ်ပင်၏အနီး၌ စည်းစိမ်ကြီးလျက်နေသော အိုသိကြားမင်း . . . သင်သည် မြတ်စွာဘုရားကိုးကွယ်သူမှန်ပါက သာသနာတော်ကို ကြည့်ရှုပါလေ၊ သင်ကြည့်ရှုရန် သဟာသနေတွက်ခေါ် နတ်မျက်စိတထောင်မှန်ဝါးမှိန်မွဲနေသည်ဆိုပါမူ ကျွန်ုပ်က စိန်မျက်မှန်တစ်လက်ဆက်သလိုက်ပါမည်” ဟု သရော်တော်တော် ပြက်ရယ်ပြု၍ ရေးစပ်ခဲ့ခြင်းဖြစ်၏၊ ဤကဲ့သို့ ဦးပုည၏ သိကြားတိုင်တေးထပ်များသည် ၇ - ပုဒ်ပင်ရှိခဲ့လေသည်၊ အခြားတေး

www.dhammaransi.com

ထပ်များလည်း ဤနည်းနှင်နှင် သရော်ရေးစပ်ထားခြင်းပင် ဖြစ်သည်။

ဤသို့ ရေးသားစပ်ဆိုခဲ့ခြင်းကား မြတ်စွာဘုရားက ပရိနိဗ္ဗာန်ဝင်စံခါနီးအချိန်တွင် သိကြားမင်းအား သာသနာတော်ကို အစဉ်ကြည့်ရှုစောင့်ရှောက်ရစ်ရန် မှာထားအပ်နှံခဲ့သည်ဟူသော လူ့လောကယုံကြည်မှုအရ ရေးသားစပ်ဆိုခဲ့ခြင်းဖြစ်၏၊ အထက်ပါတေးထပ်တွင် "အင်ကြင်းမြိုင်ကုသိန်နန်းမှာလ၊ စာ -စာတမ်းထိုးလျက်ရှိပါ" ဟူသော အပိုဒ်သည်ပင် ထိုအချက်ကို ရည်ညွှန်းခဲ့ကြောင်း ထင်ရှားပေသည်။

မြတ်စွာဘုရားက သိကြားမင်းအား သာသနာကို စောင့်ရှောက်ရစ်ရန် မှာထားခဲ့သည်၊ သိကြားမင်းကလည်း စောင့်ရှောက်ရစ်ပါမည်ဟု ဝန်ခံကတိထားခဲ့သည်ဟူသော ယုံကြည်မှုတို့ကား ယခုသာမဟုတ်၊ ရှေးသရောအခါကပင် မြန်မာလူမျိုးတစ်မျိုးလုံး ယုံကြည်လာခဲ့သော အစဉ်အလာ ယုံကြည်မှုတစ်ရပ်ဖြစ်လေသည်။

"သာသနာ ၂၅၀၀ - ကျော်လျှင် ဘုရားသာသနာကုန်၍ သိကြားသာသနာဖြစ်လာမည်၊ သိကြားမင်း စောင့်ရှောက်

www.dhammaransi.com

၍ မကောင်းသူပယ် ကောင်းသူကယ်လိမ့်မည်၊ သာသနာ တစ်ဝက် မင်းကောင်းတဆက်ပေါ်ပေါက်လာလိမ့်မည်၊ စကြာမင်းလာတော့မည်” စသောစကားတို့သည် ထိုအစဉ် အဆက်က အရိုးစွဲခဲ့သော ယုံကြည်မှုတို့ကို အရင်းခံခဲ့ခြင်း ပင်ဖြစ်၏၊ ဤယုံကြည်ချက် ဤစကားလုံးတို့ကို ကျော ထောက်နောက်ခံပြု၍ပင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ - ကျော်က စလေဦးပုညသည် အထက်ဖော်ပြပါ သိကြားတိုင် တေးထပ်တို့ကို ရေးသား၍ သိကြားမင်းကို သရော်ခဲ့သည်၊ ထို့အတူပင် လွန်ခဲ့သောအနှစ် ၆၀၀ - ခန့်က သိကြားမင်း သေပြီဟု ကျေညာခဲ့သော မထေရ်တပါးပေါ်ပေါက်ခဲ့ဘူး သေးသည်။

## သိကြားသေ၍ စည်တီးသူ

သက္ကရာဇ် ၇၃၀ - တွင် အင်းဝထီးနန်းသိမ်းမြန်းစိုး စံခဲ့သော မင်းကြီးစွာစော်ကဲလက်ထက်တွင် မင်းကြီးစွာ စော်ကဲ (အင်းဝ ဘုရင်) သည် ငယ်ဆရာဖြစ်သော ရခိုင် ဘုန်းတော်ကြီးကို “မဟာသံဃရာဇာ” ဟူသော ဘွဲ့တံဆိပ်

www.dhammaransi.com

အပ်၍ မင်းဆရာပြုသည်၊ ထိုရခိုင်ဘုန်းတော်ကြီးကား ဆေးဝါး ဓါတ်ပယောဂနှင့် အင်းအိုင်ခလှဲ့ လက်ဖွဲ့မန္တာန်တို့ကို တတ်ကျွမ်းသော ပွဲကျောင်းဘုန်းကြီးမျှသာဖြစ်သည်၊ ပရိယတ္တိပညာတတ်ကျွမ်းသူမဟုတ်၊ လဇ္ဇီပေသလမဟုတ်၊ ထို့ကြောင့်ပင် နောင်သာသနာဆက် ဆရာစဉ်သို့မဝင်လေ။

ထိုအခါ ကာလက ပွဲကျောင်းဘုန်းကြီးများ သာသနာရေးကို စီမံနေ၍ လဇ္ဇီပေသလဖြစ်ကုန်သော ပရိယတ္တိပညာတတ် သံဃာတော်များ နိမ့်ကျ၍နေသည်၊ မင်းကြီးစွာစော်ကဲကိုယ်တိုင်ကလည်း သာသနာရေးနှင့်စပ်လာလျှင် သူ၏ဆရာပွဲကျောင်းဘုန်းကြီးများ၊ အထူးအားဖြင့် မဟာသံဃရာဇာဟူသော ရခိုင်ဘုန်းကြီးကိုသာလျှင် တိုင်ပင်လျှောက်ထားလေ့ရှိပေသည်။

တစ်ညသ၌ ညဉ့် ၂ - ချက်တီးကျော်အချိန်တွင် အချက်ပေါင်းများစွာ ထိုးနှက်လိုက်သော စည်ကြီးသံ သည် မင်း၏နန်းတော်နှင့်တကွ တစ်မြို့လုံးပါလွှမ်းခြုံ၍ ထွက်လာသည်၊ မြို့နှင့်မနီးမဝေး မနာပြင်ငါးဆူအရပ်ကျောင်း၌ နေသော ပရက္ကမအနွယ်ဝင် အရှင်ခေမာစာရဟူသော ရဟန်းတော်တစ်ပါးက ထိုးနှက်ရိုက်တီးလိုက်ခြင်းဖြစ်လေ၏။

www.dhammaransi.com

မင်းကြီးစွာစော်ကဲလည်း "ဤစည်တီးသံသည် ရဟန်းတစ်ပါးပါးလွန်၍ တီးခြင်းဖြစ်မည်၊ မည်သည့် ကျောင်းက မည်သည့်ပုဂ္ဂိုလ်သေဆုံးသနည်း - မေးမြန်း ကြကုန်" ဟု အမတ်တို့ကိုစေလွှတ်၍ မေးမြန်းစုံစမ်းစေ လေသည်၊ အမတ်တို့လည်း စည်တီးသောကျောင်းကို ရှာ ဖွေမေးမြန်းစုံစမ်းကြကုန်၏။

ထိုအခါ မနာပြင်ငါးဆူအရပ်မှ ပရက္ကမအနွယ်ဝင် အရှင်ခေမာစာရတီးကြောင်း သိရသဖြင့် "မည်သည့် ရဟန်းပုဂ္ဂိုလ်သေဆုံး၍ စည်တီးပါသနည်း"ဟု မေးမြန်း ကြလေသည်၊ အရှင်ခေမာစာရက "မည်သည့် ရဟန်း ပုဂ္ဂိုလ်မျှ သေဆုံးခြင်းမရှိ၊ ဤစည်တီးရခြင်းကား တာဝတိံ သာမှ သိကြားမင်းသေ၍ တီးခြင်းဖြစ်သည်" ဟု ဆိုလေ သည်။

အမတ်တို့ကလည်း ထိုအတိုင်းပင် ဘုရင်ကို လျှောက် ထားရာ ဘုရင်မင်းကြီးစွာစော်ကဲက တအံ့တဩဖြင့် "အ ဘယ့်ကြောင့် သိကြားမင်းသေကြောင်း သိသနည်း - ပြန် ၍မေးမြန်းကြချေ" ဟု အမတ်တို့ကိုစေလွှတ်လိုက်ပြန်လေ သည်၊ ထိုအခါ အရှင်ခေမာစာရက "ဘုရားရှင်ပရိနိဗ္ဗာန်

စံဝင်ခါနီး၌ သာသနာကို စောင့်ရှောက်ပါမည်ဟု သိကြားမင်းဝန်ခံပါသည်၊ ဤသို့ဝန်ခံခဲ့ပါလျက် ယခုအခါ သာသနာတော်ကို ဆောင်ရွက်နေသောငါတို့အား မစောင့်ရှောက်ပါသောကြောင့် သိကြားမင်းသေကြောင်းကို သိရပေသည်၊ ထို့ကြောင့် ဤစည်ကိုတီးရခြင်းဖြစ်ပါသည်" ဟု ပြန်လည်မိန့်ကြားတော် မူလိုက်လေသည်။

အရှင်ခေမာစာရ မိန့်ကြားသည့်အတိုင်းပင် ဘုရင်အား လျှောက်ထားကြရာ ဘုရင်မင်းကြီးစွာစော်ကဲသည် ဆိုလိုသောအဓိပ္ပါယ်ကို ကောင်းစွာနားလည်သဖြင့် "ဟုတ်ပေသည်" ဟု ဆိုကာ သဒ္ဓါကြည်ညို၍ ဝမ်းပဲအင်းမြောက်ဖက် ဒန်တောအရပ်တွင် ကျောင်းဆောက်၍ အရှင်ခေမာစာရအား တင်လှူလေသည်၊ စည်းခုံနှင့် သိမ်လည်း သမုတ်၏၊ ထိုစည်းခုံနှင့်ကျောင်းတော်ကို ရည်၍ ရာဇဝင်တွင် အဝဒန်တောစည်းခုံနှင့် ကျောင်းတော်ဟု အလှူစာရင်းသွင်းလေသည်၊ ထိုဆရာကား သထုံဆက်သီဟိုဠ်နွယ် လဒ္ဓိပေသလဖြစ်၍ သာသနာဆက် ဆရာစဉ်သို့ဝင်၏၊ ထီးဖြူနှင့်တကွ တင်လှူတော်မူသည်၊ သာသနာပိုင်လည်း အပ်တော်မူ၏ဟု သာသနာလင်္ကာရစာတမ်းတွင်ဆိုလေသည်။

www.dhammaransi.com

ဤကား လွန်ခဲ့သောအနှစ် ၆၀၀ - ခန့် အင်းဝခေတ် ဦးအချိန်ကပင် သာသနာကို သိကြားစောင့်သည်ဟူသော အယူအဆထွန်းကားခဲ့ပုံ သာဓကဖြစ်လေသည်။

## ပရိနိဗ္ဗာန်နှင့် သိကြားအခန်း

သို့သော် ဦးပုညသည်ရင်း၊အင်းဝရဟန်းတော် အရှင်ခေမာစာရသည်ရင်း လူ့လောက၏ အစဉ်အလာ ယုံကြည်မှုကို မဆန့်ကျင်လို၍ ထိုသိကြားမင်းသာသနာ စောင့်ရှောက်သည်ဟူသော ဝေါဟာရကို အသုံးပြုကြခြင်း သာဖြစ်ပေမည်၊ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ခါနီး၌ သိကြား အား သာသနာစောင့်ရှောက်ရန် အပ်နှင်းခဲ့ခြင်းလည်းမရှိ၊ သိကြားမင်းကလည်း စောင့်ရှောက်ပါမည်ဟု ဝန်ခံခဲ့ခြင်း လည်းမရှိသည်ကိုကား မသိပဲနေကြမည်မဟုတ်ပေ။

မဟာပရိနိဗ္ဗာနသုတ်တွင် ဘုရားရှင်သည် ပရိနိဗ္ဗာန် စံဝင်ခါနီး၌ . . "သိယာခေါ ပနာနန္ဒ တုမှာကံ ဧဝမဿ"စ သည်ဖြင့်"အာနန္ဒာ . . တရားစကားသည် ဟောကြားသော ဆရာဘုရားမှ ကင်းကွာခဲ့လေပြီ၊ ငါတို့၏ ဆရာဘုရားမရှိ

www.dhammaransi.com

တော့ပြီဟု သင်တို့အား ဤသို့သောထင်မှတ်ခြင်းဖြစ်သော်လည်း ဖြစ်ရာ၏၊ အာနန္ဒာ. . . ဤအရာကို ဤသို့မထင်မှတ်အပ်၊ အာနန္ဒာ. . . ငါဟောကြားထား ပညတ်ထားသော တရားတော်နှင့် ဝိနည်းတော်သည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ ဆရာဘုရားပင်ဖြစ်ပေ၏”ဟူသော စကားကိုသာ မိန့်တော်မူခဲ့ကြောင်း ပါရှိပေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ချိန်၌၊ သိကြားမင်းသည် အနီး၌မရှိသည်မဟုတ်၊ ရှိသည်သာဖြစ်၏၊ ဘုရားရှင်သည် ဖော်ပြပါအတိုင်း မိန့်ကြားတော်မူပြီးနောက် “ဟန္ဒ ဒါနိ ဘိက္ခဝေ”စသော နောက်ဆုံးမိန့်ခွန်းတော် ပစ္ဆိမဗုဒ္ဓဝ စနကို မိန့်တော်မူ၍၊သမာပတ်အဆင့်ဆင့် ဝင်စားတော် မူပြီးလျှင် စတုတ္ထစျာန်သမာပတ်၏အဆုံး၌ မဟာပရိ နိဗ္ဗာန်ပြုတော်မူသည်။

ထိုအချိန်တွင် သဟမ္ပတိ ဗြဟ္မာကြီးသည်လည်း အနီးတွင်ရှိသည်၊ သိကြားမင်းသည်လည်း အနီးတွင်ရှိသည်၊ ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသည်နှင့်တပြိုင်နက် မြေတုန်လှုပ်ခြင်း စသော[ ]တိတ်ကြီး နိမိတ်ကြီးများဖြစ်ပေါ်လာသည်၊ ထို့နောက် ဗြဟ္မာမင်းက “သဗ္ဗေဝ နိက္ခိပိဿန္တိ” စသော

သံဝေဂဂါထာကို ရွတ်ဆိုသည်၊ သိကြားမင်းက "အနိစ္စာ ဝတ သင်္ခါရာ" စသော သံဝေဂဂါထာကို ရွတ်ဆိုသည်၊ ထို့နောက်မှ အရှင်အနုရုဒ္ဓါ အရှင်အာနန္ဒာတို့ကလည်း သံဝေဂ ဂါထာများကို အသီးသီးရွတ်ဆိုကြသည်၊ သိကြားမင်းအား သာသနာကိုစောင့်ရှောက်ရန် မှာထားချက်လုံးဝမပါမရှိပေ။

သို့သော် . . . သီလက္ခန်အဋ္ဌကထာ အမ္ဗဋ္ဌသုတ်အဖွင့် (ဒီ၊ဋ္ဌ ၁ - ၂၃၆)တွင် မြတ်စွာဘုရားအား ဘုရားဖြစ်တော်မူစ သဟမ္ပတိဗြဟ္မာမင်းတရားဟောတောင်းပန်စဉ်အခါက သိကြားမင်းလည်း ပါလာပြီး မြတ်စွာဘုရားတရားဟောတော်မူပါ၊ အရှင် ဘုရားတို့က ဓမ္မစက်ကိုလည်စေတော်မူပါ၊ အာဏာစက်ကို တပည့်တော်တို့လည်စေပါအံ့ဟု ဝန်ခံချက်နှင့် ပါရာဇိကကဏ်အဋ္ဌကထာ (ဝိ၊ဋ္ဌာ ၁- ၅၃) ၌ အရှင်မဟိန္ဒသီဟိုဠ်ကျွန်းသို့ ကြွခါနီး၌ သိကြားမင်းလာပြီးလျှင် မြတ်စွာဘုရားက သူ့အား သီဟိုဠ်သာသနာပြုရာ၌ အဖော်ဖြစ်ရန် မှာထားခဲ့ကြောင်း လျှောက်ထားသည်ဟု ဖွင့်ဆိုထားခဲ့ခြင်းကား ရှိပေသည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခါနီး၌ မှာခဲ့ခြင်းမဟုတ်ပေ။

www.dhammaransi.com

ဦးပုညသည် ပညာရှိတစ်ဦးဖြစ်သည့်အားလျော်စွာ လူ့လောက၏ ယုံကြည်မှုကို မဆန့်ကျင်ပဲ "အင်ကြင်းမြိုင် ကုသိန်နန်းမှာလ" ဟု ပရိနိဗ္ဗာန်စံခါနီး ဝန်ခံချက်ပေးသ ယောင်ဖြင့် သိကြားတိုင်တေးထပ်များကို လူကြိုက်အောင် ရေးခဲ့ခြင်းသာ ဖြစ်သည်ဟု ဆိုရပါမည်၊ သိကြားတိုင်တေး ထပ်ကိုသာမက ကဗျာဆရာပီပီ စိတ်ကူးယဉ်ကောင်း ကောင်းဖြင့် သိကြားမင်းက "မောင်တို့က စိတ်ညစ်တိုင်း သာအပြစ်တင်နေတာကိုး၊ မောင်တို့ကကော အကျင့် ကောင်းလို့လား၊ ငါကယ်ချင်မှကယ်မှာပေါ့" ဟု ပြန်ပြော လေဟန်ဖြင့် တေးထပ်ရှင်တစ်ပုဒ်ကိုလည်း စီကုံးခဲ့သေး သည်၊ ပညာရှိပီပီ အဖုံးအပိတ်ညီညွတ်အောင် ပြုစုသွား ပေသည်ဟု စဉ်းစား၍ ကျေနပ်ရလေသည်၊ စာပေလေ့ လာရာ၌ စာရေးဆရာ၏ ရည်ရွယ်ချက်၊ ပတ်ဝန်းကျင်၏ ယုံကြည်ချက် စသော အခြေအနေအရပ်ရပ်ကို သုံးသပ် ဆင်ခြင်၍ လေ့လာမှတ်သားပါက ကျေနပ်ဖွယ်ရာများကို တွေ့ရမည်ဖြစ်လေသည်။

www.dhammaransi.com

## သိကြားမင်းဆို အပြန်တေးထပ်

ရွှေဝတီဘုံအုပ်၊ စာလုပ်တိုင်း ငါပါ။ ဘယ်တော့ကမှ လူ့ရွာကို၊ မရွှတာမရှိ။ ။စိတ်ညစ်တိုင်း အပြစ်တင်သည်၊ ငါ ဘုရင်မိုးကအသိ။ ။အကျင့်တန်စာဂီမှာ၊ တစ်ဆံခြည် မရှိ ဘယ်သူ့မှာ ဘာမရှိတာယ်လို့ ငါမသိထင်တယ်၊ ဘယ်ဖွး စာ ဘယ်မှာညားတာလဲ၊ ငါသိကြားသိပါရဲ့ကွယ်။ ။ ကယ် သင့်မှငါကယ်မယ်၊ တကယ်ပင် ဓာနမှတ်ပါတော့၊ ဝတီရပ် ငါဘုံစံ၊ ကြေးတွက်မည့်ကြံ၊ မကောင်းမှု ကျွန်ုပ်ကြံ လျှင်၊ ရွှေစာရုံစူးပါရစေလေး။

* * *

# ကဆုန်လ၌ ကြုံရသော - ဗုဒ္ဓနေ့ ပွဲတော်

## ဆု - ဖွား - ပွင့် - စံ၊ ဤလေးတန် မှတ်ရန်ကဆုန်လ

သုမေဓာဘဝက ဒီပင်္ကရာ မြတ်စွာဘုရားထံတော်၌ ဘုရားဖြစ်ရန် နိယတဗျာဒိတ်ပန်းကို ဆွတ်လှမ်းပန်ဆင်တော်မူခဲ့ခြင်း၊ ဖွားမြင်တော်မူခြင်း၊ ဤဘဒ္ဒကမ္ဘာ၌ သဗ္ဗညုတအစစ် ဘုရားအဖြစ်သို့ရောက်တော်မူခြင်းနှင့် နိဗ္ဗူကြွင်းမဲ့စံမြန်းတော်မူခြင်းအားဖြင့် ဤကဆုန်လပြည့်နေ့သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာနှင့် လေးကြိမ်လေးခါ ထူးခြားစွာ ကြုံကြိုက်တော်မူခဲ့သည်။ ကြုံကြိုက်တော်မူသရွေ့ လေးနေ့စလုံးသည်ပင် ဘုရားတစ်ဆူဆူ၏ အဖြစ်တွင် စင်စစ်အရေးအကြီးဆုံး နေ့ထူးနေ့မြတ်ကြီးများချည်းဖြစ်နေပေ၏၊ သို့နှင့် "ကဆုန်လပြည့် - ဗုဒ္ဓနေ့" ဟူသော စကားမှာ ဂုဏ်နှင့်လျော်စွာ ဖြစ်ပေါ်၍ လာရသောစကားပင်ဖြစ်လေသည်။

ဤထူးမြတ်သော ကဆုန်လသည် ရာသီအားဖြင့်

www.dhammaransi.com

ပြိုသာရာသီဖြစ်၏၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ စကား ဝါပန်းများပွင့်လန်းသောအချိန်ဖြစ်သည်၊ ထို့ပြင် က -မှာ ရေကိုဆိုလို၍ ဆုန်-မှာ ပြတ်ခြင်းဖြစ်သဖြင့် နွေရာသီ၏ ဗဟိုကျသော ဤလခါသည် ရေပြတ်သောလဖြစ်သည်၊ ဤလတွင် ရေပြတ်သဖြင့် သစ်ပင်ပန်းပင်တို့မှာ အချို့ညှိုး နွမ်းကြသည်။ အချို့ သေကြေကြသည်၊ ထိုအခါ ဗုဒ္ဓဘာသာ တို့ထုံးတမ်းစဉ်လာအရ အထွတ်အမြတ်ဖြစ်သော ဘုရား ပွင့်ရာ မဟာဗောဓိဗုဒ္ဓဟေညောင်ပင်ကို ညှိုးနွမ်းမည်စိုး၍ ရေသွန်းလှူဒါန်းကြရလေသည်၊ သို့နှင့် ဗုဒ္ဓဘာသာနိုင်ငံ တို့၏ မြို့တိုင်းရွာတိုင်းမှာပင် ဤကဆုန်လ၏ လပြည့်နေ့ တွင် ညောင်ရေသွန်းပွဲများကိုဆင်နွှဲကြခြင်းဖြင့် ကဆုန် လပြည့်ဗုဒ္ဓနေ့ကို သရုပ်ဖော်ကြမြဲပင်ဖြစ်သည်။

"ကဆုန်ပြိုသာ၊ ကောင်းကင်ဝ၊ ထွန်းပဝိသာခါ၊ စကားပွင့်ဆဲ၊ ညောင်ရေပွဲ၊ သွန်းမြဲအချိန်ခါ" စသည်ဖြင့် ရှေးစာဆိုတော်တို့သည် ဤ-လကဆုန်၏ ရာသီတာရာ ပွင့်လန်းရာ ပန်းနှင့်ဤညောင်ရေသွန်းပွဲတော်ကို စာဖြင့် မှတ်တမ်းတင်ခဲ့ကြလေ၏။

"သာစွလေ . . . ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊ကောင်း

ကင်သော်တာ၊ ဝိသာခါနှင့်၊ ပြည့်လာအညီ၊ရာသီ
ပြီသာ၊အလှကြိုင်မြူးကွန့်ဖူးစကား။ လှိုင်ပျံ့ရှားသည်၊
မိုးသားကျူးစ၊ ကဆုန်လဝယ်၊ လောကထွတ်ထား၊
ဘုရားသခင်၊ ရွှေပလ္လင်ထက်၊ ရွှေပင် ရောင်တောက်၊
ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ၊အကြောင်း
ယူ၍၊မဥ္စူလှရာ၊ပန်းတကာကို၊ မြူတာတကောင်း၊
မသင်းတောင်းဝယ်။ သွန်းလောင်းရေပြည့်၊ ဖြိုးမှု
ထည့်လျက်၊ ပတ်လှည့်ညာကြွေ၊ သျှင်တော်မွေကို၊
ရှိသေသဘင်၊ ပွဲကြီးယင်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ့်
ကြောင်းရှာသည်၊ အခါညောင်ရေသွန်းတည့်လေ-
ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝနန်းတည့်လေ”။

အင်းဝခေတ် စာဆိုတော်ဦးအောင်ကြီး၏
ခေတ်ပြကြေးမုံလူးတားကဗျာဖြစ်၏၊ ဦးအောင်ကြီးသည်
သက္ကရာဇ် ၁၀၇၆ - မှ ၁၀၉၅ - အတွင်း အင်းဝပြည်
တနင်္ဂနွေမင်းခေါ် သီရိပဝရ မဟာဓမ္မရာဇမင်းလက်ထက်
ထင်ရှားသော စာဆိုတော်ကြီးတစ်ဦးဖြစ်၏၊ ထိုအချိန်အခါ
က ဤကဆုန်လတွင် ညောင်ရေသဘင်ပွဲ အကြီးအကျယ်
ဆင်နွှဲမြဲဖြစ်ရာ ယခုခေတ်ကဲ့သို့ ကဆုန်လပြည့်နေ့တွင်

www.dhammaransi.com

သာမဟုတ်၊ လပြည့်ကျော် (၈) ရက်နေ့၌ပါ ညောင်ရေသွန်းရကြောင်း လောကဗျူဟာ အင်ရုံစာတမ်းတွင် ဖော်ပြထားလေသည်၊ ကဆုန်လကွယ်နေ့တွင်မူ - ရေချမ်းအိုးအလှူတော်ဟူ၍ (ဇရပ်တန်ဆောင်း ကျောင်းကန်ဘုရားများသို့ ရေချမ်းအိုးများ ထမ်းရွက်၍ ပို့လှူခြင်း) သီးခြားအလှူတစ်မျိုးရှိသေးကြောင်း ယင်းစာတမ်းတွင် ဖတ်ရှုရပေသည်။

ညောင်ရေသွန်းရာ၌ ကဆုန်လသည် ရေပြတ်သောလဖြစ်၍ ဘာသာရေးထုံးတမ်းအရ ဗောဓိညောင်တော်ညိုးနွမ်းမည်စိုး၍ ရေသွန်းရခြင်း အစဉ်အလာ မှတ်သားကြသော်လည်း ထိုလောကဗျူဟာ အင်ရုံစာတမ်းတွင်မူ ထူးခြားသော မှတ်သားချက်တရပ်ကို တွေ့ရ၏။

ပတ္တမြားစေတီရေသွန်းရာမှာ ရမည်းသင်းမင်းတရားလက်ထက်တွင် ကဆုန်လ မိုးမရွာ၍ အိပ်မက်ရာတွင် ပတ္တမြားစေတီဘုရား ညောင်ရေသွန်းကိုစီရင်၍ သွန်းရာတွင် အပြန်ကို မိုးသည်းစွာရွာသည်၊ သည်နှစ် ကစ၍ ပတ္တမြားစေတီဘုရားညောင်ရေကို သွန်းရသည် (၄င်း ကျမ်း ၃၀၀)

ဤမှတ်တမ်းအရဆိုသော် ညောင်ရေသွန်းခြင်းကြောင့်မိုးရွာကြောင်း၊မိုးရွာရန် အစဉ်အမြဲညောင်ရေသွန်းရကြောင်းသိရ၏၊ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သောမြန်မာနိုင်ငံအတွက် အထက်ပါမှတ်တမ်းအရဆိုကညောင်ရေသွန်းခြင်းသည် ဘာသာရေးအတွက်သာမဟုတ်၊ တိုင်းပြည်ဝပြောသာယာရေးပါ အကျုံးဝင်ကြောင်း မှတ်သားသင့်ပေသည်။

ညောင်ရေသွန်းခြင်းအပြင် ဗုဒ္ဓနေ့ သရုပ်ဖော်မှု ကိစ္စတစ်ရပ်ရှိပေသေးသည်၊ ထိုကိစ္စကား ဗုဒ္ဓရုပ်ပွားတော် များအား အနေကဇာတင်ခြင်း ကိစ္စပေတည်း။

အနေကဇာတင်ဟူသည်မှာ ဗုဒ္ဓရုပ်ပွားတော် ဥဒ္ဒိဿစေတီစသည်အား အနေကဇာတိ သံသာရံ-စသော ပထမဗုဒ္ဓဝစနဂါထာတော်တို့ဖြင့် ရွတ်ဆိုရင့်ကျူး၍ အထူးတလည်အမွှန်းတင်ကာ ဗုဒ္ဓါဘိသေကမင်္ဂလာသဘင် ဆင်ယင်ခြင်းပင် ဖြစ်၏။

ကဆုန်လပြည့်နေ့တွင် လူတွင်ထင်ရှား ဘုရားအဖြစ်သို့ရောက်တော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဝမ်းမြောက်ယိုဖိတ် ကြည်နူးစိတ်ဖြင့် မျှသိပ်၍မထား

ပဲ ဘဝများစွာက ခန္ဓာအိမ်များကို ပြုလုပ်ဖန်တီးလာခဲ့ သော တဏှာလက်သမားကြီးအား 'သင့်အကြောင်းကို ငါသိရပြီ၊ ငါ၏ ခန္ဓာအိမ်ကို သင်မပြုလုပ်ရတော့ပြီ"စသည်ဖြင့် (စိတ်တော်ဖြင့်) ရွတ်ဆိုပြောကြား ကြုံးဝါးကျူးရင့်လိုက်သော ဥဒါန်းဂါထာတော်ကြီးပင်ဖြစ်၏၊ထိုနောက် "ယဒါ ဟဝေ ပါတု ဘဝန္တိဓမ္မာ" စသော သုံးဂါထာကို နှုတ်ဖြင့်ထုတ်ဖော်၍ ရှေးဦးစွာရွတ်ဆိုတော်မူခဲ့ပြန်၏။

ထိုပထမဗုဒ္ဓဝစန ဥဒါန်းဂါထာများအပြင် ပဋိစ္စသမုပ္ပါဒ်အနုလုံပဋိလုံ၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်တို့နှင့် ပုဗ္ဗဏှသုတ္တန်များကို စုပေါင်း၍ အနေကဇာတင်ပါဠိ အစဉ်ပြုလုပ်ကာ ဥဒ္ဒိသစေတီတို့အား ဤအနေကဇာတင်ခြင်း အစဉ်အလာပြုခဲ့ကြပေသည်။

(အနေကဇာတင်ခြင်းနှင့်စပ်၍ ကြားဖြတ်ရေးသားလိုသည်မှာ အချို့က ဗုဒ္ဓရုပ်ပွားတော်များမှာ အနေကဇာတင်မှသာ ဘုရားဟု အသိအမှတ်ပြုထိုက်သည်၊ အနေကဇာမတင်ရသေးလျှင် ဘုရားမဟုတ်သေးကြောင်း မှတ်ယူစွဲပိုက်ထားကြလေသည်။ အမှန်မှာ အနေကဇာတင်ခြင်း မတင်ခြင်းသည် ဘုရားကိုးကွယ်ခြင်းနှင့် မည်သို့မျှ မသက်

www.dhammaransi.com

ဆိုင်ချေ၊ မြတ်စွာဘုရား၏ ရုပ်ပုံတော်ပီသလျှင်ပင် ဥဒ္ဒိဿစေတီတော်အနေဖြင့် ပူဇော်ထိုက်နေပေပြီ၊ အနေကဇာတင်ခြင်းမှာ အမွန်းတင်ခြင်းသာဖြစ်၍ လုပ်သင့်လုပ်ထိုက်သော ကောင်းမှုကိစ္စရပ်တစ်ခု ဖြစ်သည့်တိုင် အနေကဇာမတင်ပဲလည်း ရုပ်ပွားတော်အား ကိုးကွယ်ပူဇော်ထိုက်သည်သာဖြစ်လေသည်။

ဤအနေကဇာတင်ခြင်း အစဉ်အလာသည် သမိုင်းကြောင်းအရဆိုသော် ကြာမြင့်လှသေးသည်မဟုတ်ချေ၊ ၉၂၁ - ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်သော ဘုရင့်နောင် (ဟံသာဝတီဆင်ဖြူရှင်) မင်းတရားကြီးသည် ၉၂၆ - ခုနှစ်တွင် ဇင်းမယ်ကိုသိမ်းယူ အုပ်စိုးတော်မူခဲ့သည်၊ ထိုသိမ်းယူစအချိန်က ဇင်းမယ်မဟာဒေဝီအား မြို့စားအဖြစ်ထားခဲ့သေးသော်လည်း ၉၄၁ - ခုတွင် သား၊တော်နော်ရထာစောအား ဇင်းမယ်ကိုပေး၍ မင်းပြုစေခဲ့သည်၊ ဇင်းမယ်ဘုရင့်နော်ရထာစောသည် ဇင်းမယ်ကို မင်းပြုရာ၌ ဗုဒ္ဓသာသနာတော်ကိုပါ ပြုစုတိုးတက်စေခဲ့ရာ ဇင်းမယ်ရိုးရာဖြစ်သော ဂြိုဟ်ကြီးကိုးလုံး ပူဇော်သော အလေ့အထကို သာသနာပြုဆရာတော်များနှင့် တိုင်ပင်၍ ဘုရားကိုးဆူပူဇော်

www.dhammaransi.com

သော အလေ့သို့ ပြောင်း၍ပေးခဲ့သည်၊ ထို့ပြင် ဘုရားကိုးဆူအား အမွှန်းတင်ရွတ်ဆိုရာ၌ အနေကဇာတိသံသာရံ-စသောဂါထာများဖြင့် အမွှန်းတင်၍ အနေကဇာတင် အစီအစဉ်များကိုပါ စီစဉ်ခဲ့လေသည်။

ထိုအခါမှစ၍ ဘုရားကိုးဆူ ပူဇော်ခြင်း၊ ဘုရားအနေကဇာတင်ခြင်းကိစ္စများ ဖြစ်ပေါ်လာပြီး ကောင်းသောအမှုကိစ္စများဖြစ်သည့်အတိုင်း ဇင်းမယ်မှာသာမက မြန်မာနိုင်ငံသို့ပင်ရောက်ရှိပြန့်နှံ့၍လာခဲ့လေသည်။

ဗုဒ္ဓနေ့နှင့် အနေကဇာတင်

ဤအနေကဇာတင်ကိစ္စများကို မြန်မာနိုင်ငံ၌ ဥဒ္ဒိဿစေတီတော် စတင်ကိုးကွယ်ရာ၌သာ အပြုများကြသော်လည်း အခြားထေရဝါဒနိုင်ငံတို့၌ကား ကဆုန်လပြည့်ဗုဒ္ဓနေ့၌ စေတီတော်များရှေ့၌ဖြစ်စေ၊ ဗုဒ္ဓနေ့ သဘင်ဆင်ယင်ရာဌာနတိုင်း၌ ဖြစ်စေ ရွတ်ဆိုပူဇော်ကြမြဲဖြစ်၏၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌လည်း ဤကဆုန်လပြည့်ဗုဒ္ဓနေ့ ကျောင်းပရာနေရာတိုင်း၌ ဥဒ္ဒိဿစေတီတော်များကို ရှေ့ရောက်ပင့်ဆောင်၍ဖြစ်စေ၊ ရည်မှန်း၍ဖြစ်စေ ရွတ်ဆိုကျင်းပသင့်ကြပေသည်၊ လူပုဂ္ဂိုလ်များအနေဖြင့် မရွတ်လိုကလည်း သံဃာတော်များအား ပင့်ဖိတ်၍ ဗုဒ္ဓါဘိသေက ပွဲသဘင်

www.dhammaransi.com

များဆင်ယင်ကျင်းပသင့်ပေသတည်း။

ဥယျောဇဉ်တေးထပ်

* ပေသာခီ စန်းအယှဉ်
နန်းပလ္လင့်ပြီးသာ၊
ဆန်းအတင့် ရိပ်သာမှာ၊
မိတ်ကလျာပန်ဖို့။
ရွှေစကား သင်းခရေကို
အပျင်းပြေ ခူးကောက်ချည်စို့။
* ကျောင်းတော်ရိပ်လေချိုသာမှာ၊
နွှေခိုကာဖြေလို့။
နေညိုမှာ မေတို့က၊
သပြေညို့ ကိုင်ဆောင်၊
ရေသွန်းရန်ဖော်အများတွေနှင့်
ပျော်တပါးသွားကြရွှေညောင်။
* ခံဗျာဒိတ်ပွင့်မာရ်အောင်ငယ်၊
တင့်စံခေါင် မြိုက်ဘုံ ကြွလေတဲ့၊
ကြိုက်ကြုံရ ထူးဘိမာသာ၊
ဦးရှိကာသာ။
ဥဒ္ဒိဿပရမေဘာဂဝါကို၊
အနေကဇာတင်ရွှတ်ပါစို့လေး။ ။

* * *

www.dhammaransi.com

# ဒက္ခိဏာသာခါ

"ဒက္ခိဏာသာခါ ပုံတော်" ဟုဆိုလျှင် ဉာဏ်တော် နိမ့်နိမ့်လက်ျာလက်တော်တန်းတန်း လည်တိုင်မပါ ကြာ ဖက်ဆောင်း ဆံတော်ပုံနှင့် မှီကိုးချက်ပါရှိမှ စစ်မှန်သည် ဟု ပြောကြသည်၊ ထိုအတိုင်း ထုလုပ်ပူဇော်၍ အမြတ်တ နိုး ရှိခိုးကိုးကွယ်ကြလေသည်၊ သို့နှင့် ဒက္ခိဏာသာခါသည် မြန်မာနိုင်ငံအနှံ့ ကိုးကွယ်ပူဇော်ရာ ရုပ်ပွားတော်တစ်မျိုး ဖြစ်၍နေပေသည်။

အချို့က "ဒက္ခိဏာသာခါဘုရားဆိုတာ ဘယ်ကမ္ဘာ မှာပွင့်တာလဲ၊ ဂေါတမဘုရားနှင့် ဘယ်သူအရင်လဲ" ဟု ပင် မေးလေသည်၊ ဤမျှအထိပင် သူများဒက္ခိဏာသာခါ ၍သာ ခါလိုက်ရသည်၊ ဘာမှန်းညာမှန်းမသိသူများပင် ရှိ သေးသည်၊ ဂေါတမ မြတ်စွာဘုရား သာသနာတော်အ တွင်းဝယ် အခြားကိုးကွယ်ရာတစ်ရပ်အနေဖြင့် မှတ်ယူနေမိ ပါက အကုသိုလ်ပွားများစရာပင် ဖြစ်နေချေဦးမည်။

ဗုဒ္ဓဘာသာဝင်တိုင်းလိုလိုပင် "ဒက္ခိဏာသာခါဗောဓိ

www.dhammaransi.com

ပင်" ဟုဆိုလျှင် သာသနာ ၂၃၆ - ခုနှစ် ရှင်မဟိန္ဒတို့ သီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွသွားပြီးနောက် ဘိက္ခုနီ သာသနာဆက်ရန် နောက်ထပ်လိုက်ပါရသော သံဃမိတ္တာ ထေရီမ ပင့်ဆောင်သွားသည့် သီဟိုဠ်ရောက်ဗောဓိ ပင်ကို သိရှိကြသည်၊ မဇ္ဈိမတိုင်းကြီးရှင်ဘုရင် အသောက မင်းကြီးသည် ရဟန္တာအရှင်မြတ်ကြီးများနှင့်တိုင်ပင်၍ သီဟိုဠ်ကျွန်း၌ စိုက်ပျိုးကိုးကွယ်ရန်အတွက် မူလမဟာ ဗောဓိပင်မှ လက်ျာတောင်ကိုင်းကို ဖြတ်ယူပြီးလျှင် ရွှေဖျဉ်အိုး ဖြင့် ပျိုးစိုက်ဆောင်ယူ၍ သီဟိုဠ်ကျွန်းသို့ ရောက်လျှင် ခမ်း နားစွာကြိုဆိုလျက် အနုရာဓမြို့တောင်မျက်နှာ ရာဇဝတ္ထု တံခါးမုခ်အရပ်၌ စိုက်ပျိုးသည်၊ ထိုဗောဓိပင်ငယ်မှ အသီး (၅) လုံးပါလာရာ ထိုအသီး (၅) လုံးမှ တစ်လုံးလျှင် (၈) ပင်စီပေါက်ပြန်သဖြင့် ဗောဓိပင်ပွား (၄၀)၊ မူလအပင် နှင့်သော် (၄၁) ပင်သော ဗောဓိပင်များဖြစ်ပေါ်လာလေ သည်။ ထိုမူလဗောဓိပင်နှင့် ပင်ပွားတော် (၄၀)တို့ကို မဟာ ဗောဓိပင်ကြီး၏ ဒက္ခိဏမည်သော လက်ျာတောင်ကိုင်းမှ ဖြစ် ပေါ်ခဲ့၍ 'ဒက္ခိဏသာခါ (တောင်ကိုင်း) ဗောဓိပင်များ" ဟူ၍ ခေါ်လေသည်။

ထိုဗောဓိပင်များမှ အရွက်များ အကိုင်းခြောက်များကို အမှုန့်ကြိတ် သားရိုးကိုင်၍ဖင်း၊ ကျိုးပဲ့ပြတ်ကျသောအကိုင်းကြီးများကို ထုလုပ်၍ဖင်း၊ နှစ်ပေါင်းကြာညောင်း၍ လဲပြိုခြောက်သွေ့သွားသော ဗောဓိပင်စည်များကိုဖြတ်တောက်ထုလုပ်၍ ဖင်းပုံဖွဲ့ရုပ်ပွားတော်များဖြစ်ပေါ်လာလျှင် ဒက္ခိဏာသာခါဘုရားများဟု ခေါ်ရလေသည်။ သို့ဆိုသော် ဒက္ခိဏာသာခါရုပ်ပွားတော်များ၏ ပင်ရင်းမူလကို သိသာလောက်ပေပြီ။ ယင်းရုပ်ပွားတော်များသည် သီဟိုဠ်ကျွန်းမှဖြစ်ပေါ်လာသဖြင့် သီဟိုဠ်ရုပ်ပွားတော်ပုံများ၊ သီဟိုဠ်ယဉ်ကျေးမှုအရိပ်များ လွှမ်းမိုးနေမည်ဖြစ်သည့်အတိုင်း ဤစာအစတွင် ဖော်ပြသည့်အတိုင်း ပုံပေါ်နေမည်မှာ ယုံမှားဖွယ်မရှိပါပေ။

## မြန်မာပြည်ရောက် ဒက္ခိဏာသာခါများ

သီဟိုဠ်ကျွန်းရှိ ဒက္ခိဏာသာခါရုပ်ပွားတော်များသည် သီဟိုဠ်မြန်မာသာသနာကူးလူးမှုအားလျော်စွာ မြန်မာနိုင်ငံသို့ရောက်ရှိလာသောအခါ မြန်မာနိုင်ငံတွင် ဒက္ခိဏာသာခါ

www.dhammaransi.com

ရုပ်ပွားတော်များပေါ်ပေါက်၍လာတော့သည်၊ ထိုအကြောင်းနှင့်စပ်၍ သမန္တစက္ခုဒီပနီမှ အောက်ပါစကားရပ်များကို ထုတ်နုတ်အပ်ပါသည်။

ရတနာပူရမြို့ကို တတိယမြောက်တည်ထောင်သော နောင်တော်ဆင်ဖြူရှင်မင်းတရားလက်ထက် သီဟိုဠ်ရောက်သာရလင်္ကာရ သူမြတ် နုတ်ထွက်စာတမ်းတွင်လည်း အစောင့် အိမ်ခြေတစ်ရာနှင့် သင်္ဃမိတ္တာဆောင်ယူခဲ့သည့် ဗောဓိပင်သာတွေ့မြင်ခဲ့ကြောင်းဆိုသည်များနှင့် ထောက်သော်အချို့ သေပျောက်လျော့ယွင်းသည် ဆိုသောစကားသည် မှန်မည်ကဲ့သို့ရှိသည်။ ထို (သေပျောက်လျော့ယွင်းသော) ဒက္ခိဏသာခါ ဗောဓိသားတို့ကို အခက်မှစ၍ ပြည်သူတို့သည် ဘုရားရုပ်တု ထုလုပ်ကိုးကွယ်ကုန်သည်၊ ရဟန်းသံဃာတို့လည်း မြတ်ထွတ်လှသော သစ်ပင်ဟူ၍ ထိုရုပ်တုကို အမြတ်တနိုးကိုးကွယ်ကြကုန်သည်"

(သမန္တစက္ခု - ဒု -၁၂)

ရာဇဝင်တွင် ထိုဒက္ခိဏာသာခါ ရုပ်တုရုပ်ပွားတော်များမြန်မာနိုင်ငံသို့ရောက်လာကြကြောင်း ဖော်ပြချက်များရှိပေသည်၊ သက္ကရာဇ် ၇၈၈ - ခုနှစ်တွင် ရတနာပူရအင်းဝနေပြည်တော်၌ နန်းတက်တော်မူသော မိုးညှင်းမင်းတရားကြီးလက်ထက်တွင် သီဟိုဠ်မှ ဒက္ခိဏာသာခါ အကြီးအငယ်ဆူရေသုံးရာကျော် ရောက်လာကြောင်း၊ မင်းမှူးမတ်မှစ၍ပြည်သူလူရဟန်းတို့ အမြတ်တနိုးကိုးကွယ်ပူဇော်ကြကြောင်း ဖော်ပြထားသည်၊ ထို့နောက် သီဟိုဠ်ကျွန်းမှအစဉ်အဆက်ရောက်ရှိလာကြသော ရဟန်းသံဃာတော်များမှာ ရာဇဝင်တလျှောက်လုံးမှာရင်း၊ယခုမျက်မှောက်ခေတ်အထိရင်း အစဉ်မပြတ်ခဲ့သဖြင့် မြန်မာရုပ်ပွားတော်များ သီဟိုဠ်ရောက်၍ သီဟိုဠ်မှလည်း ဒက္ခိဏာသာခါမှစ၍ ရုပ်ပွားတော်ပေါင်းစုံပင် မြန်မာနိုင်ငံသို့ ရောက်ရှိနေပေတော့၏။

သီဟိုဠ်ဗောဓိသားကိုလုပ်မှ ဒက္ခိဏာသာခါဖြစ်သလော မြန်မာနိုင်ငံရှိဗောဓိပင်များမှ ရရှိသော အရွက်အကိုင်းအသားများကို သရိုးစပ်၍ဖြစ်စေ၊ထုလုပ်၍ဖြစ်စေ ကိုးကွယ်လျှင်ကော ဒက္ခိဏာသာခါမခေါ်ရဘူးလားဟု မေး

လျှင်လည်း ဖြစ်ပါသည် ခေါ် ရပါသည်ဟု ဖြေလိုပါသည်၊ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံရှိ ဗောဓိပင်များသည် မဇ္ဈိမဒေသမှရသည်ထက်- သီဟိုဠ်မှ ရလာသည်သာများသည်၊သီဟိုဠ်ဒက္ခိဏာသာခါဗောဓိမျိုး ဗောဓိပွားများသာများ၍ မြန်မာဗောဓိများသည်လည်း ဒက္ခိဏာသာခါဗောဓိများဟု ခေါ် ဆိုနိုင်ပါသည်၊ အနည်းအပါးမဇ္ဈိမ ဗောဓိပွါးများရှိချင်ရှိမည်ဖြစ်သော်လည်းဒက္ခိဏာသာခါတွင်ကျယ်နေပြီဖြစ်၍ ယင်းဗောဓိသားများလည်း အလိုလိုဒက္ခိဏာသာခါဖြစ်လာရမည်မှာ လမ်းရိုးအတိုင်းပင်၊ အခြားကျွန်းသားကံ့ကော်စသည်များလည်း ယခုခေတ်တွင် ဒက္ခိဏာသာခါပုံထုက ဒက္ခိဏာသာခါဖြစ်လာပြန်ပါ၏။

ဤသို့ ဒက္ခိဏာသာခါဟုဆိုသဖြင့် လျှဉ်းပါးစရာဖြစ်လာပြန်ပါ၏၊ ဒက္ခိဏာသာခါ ပုံထုမှ ဒက္ခိဏာသာခါလောဟူသော ပြဿနာပင်ဖြစ်၏။ အထက်ဖော်ပြပါ အကြောင်းရပ်တို့ကို ဆင်ခြင်က ဒက္ခိဏာသာခါသည် ပုံကိုပဓာနထား၍ ခေါ်သည်မဟုတ်။ မူလအသားကိုသာ ပဓာနထား၍ခေါ် ကြောင်း သိနိုင်ပါ၏။ သို့သော် အစဉ်အလာအားဖြင့်ကြည့် မြင်တိုင်သက်နှ်း၊ပုသိမ်ထီး၊အင်းဝသပိတ်ဖုံးဟူသော

www.dhammaransi.com

ရဟန်း ဝေါဟာရ၊ ဘန်ကောက်လုံချည်၊ မန္တလေးပိုးထည် စသော လူသုံးဝေါဟာရများကဲ့သို့ မူလအဆင်အသွေး ပုံစံနမူနာကို စွဲ၍ခေါ်နေသော အတိုင်းပင် သီဟိုဠ်ဒက္ခိဏာသာခါ ရုပ်ထုပုံသည် ဤအတိုင်းဖြစ်၍ ထင်ရှားနေသဖြင့် ဤအတိုင်းထုလုပ်မှ ဒက္ခိဏာသာခါဖြစ်သည်၊ မတ်ရပ်လျှောင်းတော်မူနှင့် ရိုးရိုး မြန်မာရုပ်ပွားတော်ပုံ ထုလုပ်ကဗောဓိပင်၏ လက်ျာတောင်ကိုင်းကို လောလောလတ်လတ်ယူ၍ ထုလုပ်သည့်တိုင် ဒက္ခိဏာသာခါမဟုတ်သလို ထင်မှတ်နေကြလေ သည်။

ထို့ကြောင့် မတ်ရပ်တော် ဒက္ခိဏာသာခါ၊ လျှောင်းတော်မူ ဒက္ခိဏာသာခါ၊ မြန်မာပုံဒက္ခိဏာသာခါများလည်း ရှိနိုင်ကြောင်း၊ ရန်ကုန်မြို့ ဗောဓိကုန်း ဗောဓိပင်ကြီးမှ ဒက္ခိဏာသာခါများ ထုလုပ်ပုံကို ဖော်ပြလိုပါ၏။

## ဗောဓိကုန်းဒက္ခိဏာသာခါများ

ဟံသာဝတီနေပြည်တော် ဓမ္မစေတီမင်းကြီးသည် ဥက္ကလာပတိုင်း ဒဂုန်မြို့ (ယခုရန်ကုန်မြို့) ဆံတော်ရှင်

(ရွှေတိဂုံ) စေတီတော်ကြီး၏ အနောက်မြောက်ဆံတော်ကြိုလမ်း (ယခုဝင်ဒါမီယာ) နဘေးရှိ ကုန်းတော်ပေါ်တွင် သီဟိုဠ်ဒက္ခိဏာသာခါ ဗောဓိပင်ရှေတော်မှ ရသောမျိုးစေ့ကို စိုက်ပျိုးတော်မူခဲ့သည်၊ မြန်မာ သက္ကရာဇ် ၈၃၈ - ခုနှစ်ပတ်ဝန်းကျင်လောက်တွင် ဖြစ်၏။

ထိုဗောဓိပင်ကြီးသည် ၁၂၉၄ ခုနှစ် တော်သလင်းလအတွင်းတွင် မိုးမရွာလေမတိုက်ပဲ တောင်ကိုင်းကြီးသည် နံနက် (၃) နာရီတွင် အလိုလိုကျိုးကျလာလေသည်၊ ထို့နောက် မကြာမီ အကိုင်းကြီးများပါ ဆက်တိုက်ကျိုးကျသွားလေရာ နံနက်မိုးလင်းသောအခါ ပင်စည်ငုတ်တိုကြီးသာ ကျန်လေသောဟူ၏။

ဤကျိုးကျသော အကိုင်းကြီးများကို ဖြတ်တောက်ပြီးနောက် ပင်စည်ငုတ်တိုကြီးကို လေ့လာကြရာ ခြောက်သွေ့နေသည်ကို တွေ့ရသဖြင့် အရင်းမှလွှဖြင့် တိုက်၍ လှည်းလိုက်ကြရ၏။ ထိုအပင်ရင်းမှ လက်သန်းဖျားခန့် ဗောဓိပင်ပျိုတစ်ပင် ပေါက်နေသည်ကို တွေ့ရ၍ ထိုဗောဓိပင်ပျိုကို မူလနေရာမှ အရှေ့ဘက် အတောင်နှစ်ဆယ်ခန့်တွင် ရွှေ့ပြောင်းစိုက်ပျိုးလိုက်ပြီးလျှင် ထိုဗောဓိပင်နေရာတွင်

စေတီတည်ထားလိုက်ကြ၏။ ယခုတိုင် ထိုဗောဓိပင်နှင့် စေတီတော်ကို ဗောဓိကုန်းတွင် ဖူးတွေ့နိုင်ပေသည်။

## ရုပ်တော်မူဒက္ခိဏာသာခါ

ထိုကျိုးကျသွားသော ဗောဓိကိုင်းများမှ အသားများနှင့် ပင်စည်ဗောဓိသားများကို ဖြတ်တောက်၍ ထိုကျောင်းတိုက်အတွင်းမှာပင် ပန်းပုဆရာများစွာခေါ်ယူပြီးလျှင် ရုပ်ပွားတော်များစွာ ထုလုပ်ကြရာ တနှစ်ခန့်ပင်ကြာသည်ဟု ဆိုပေသည်။ ထိုဒက္ခိဏာသာခါ ရုပ်ပွားတော်ပေါင်း များစွာတွင် ၃ - ပေ၊ ၄ -ပေ၊ ၅ ပေ အထိရှိသော ရုပ်တော်မူ ရုပ်ပွားတော်ကြီးအထိ ပုံတော်ပေါင်းများစွာပါရှိလေသည်၊ ထိုထုလုပ်ပြီးစီးသော ဒက္ခိဏာသာခါ ရုပ်ပွားတော်များကို (မူလဗောဓိပင်ကြီး နေရာအရှေ့ဘက် အတောင်နှစ်ဆယ်ခန့်တွင် ရွှေ့၍ စိုက်ပျိုးထားသည့် ဗောဓိပင်ပျို၏ အရှေ့ဘက်အတောင်နှစ်ဆယ်ခန့်တွင်ပင်) စေတီတဆူတည်၍ ဌာပနာလိုက်လေသည်။

သို့ဖြစ်၍ ၅ ပေခန့်ရှိ ဒက္ခိဏာသာခါရုပ်တော်မူ

www.dhammaransi.com

ရုပ်ပွားတော်ကြီးပင်ရှိခဲ့ကြောင်း၊ ယင်းရုပ်ပွားတော်မှာ ဒက္ခိဏာသာခါဟူသမျှတို့တွင် အကြီးဆုံးပင်ဖြစ်ဟန်တူကြောင်း မှတ်သားရရုံမက ဒက္ခိဏာသာခါဟူသည်မှာပုံတော်သည် ပဓာနမဟုတ်၊ မူလအသားသာ ပဓာနဖြစ်ကြောင်း မှတ်သားသင့်ပေသည်။

ဤကား ဒက္ခိဏာသာခါရုပ်ပွားတော်နှင့် ပတ်သက်၍၊သိမှတ်ကြည်ညိုစရာများဖြစ်ပါသည်၊ ဆေးဘုရားစီရင်နည်း၊ မှိုကိုးချက်ထည့်သွင်းနည်း၊ ဂါထာမန္တန်စုပ်နည်းစသည်တို့ကား ဘုရားကြည်ညိုသော သမ္မာဒိဋ္ဌိနွယ်ဝင်သူတော်စင်တို့ လုပ်ထုံးများမဟုတ်၍ ဤ၌မဖော်ပြလိုတော့ပါချေ။

* * *

# ဘုရားကိုးဆူ

ဘုရားကိုးဆူအကြောင်းနှင့် ပတ်သက်၍ မှတ်သား ဖွယ်တော်တော်များများရှိသည်၊ ဘုရားကိုးဆူဟူသော ဝေါ ဟာရကိုကပင် မှတ်သားဖွယ်ရာဖြစ်နေပါ၏။ ဘုရားကိုး ဆူကား သဗ္ဗညုဘုရားချည်းကိုးဆူမဟုတ်၊ ဘုရားတစ်ပါး နှင့် ရဟန္တာ (၈) ပါးကိုပင် ဘုရားကိုးဆူဟု ခေါ်နေကြ သည်။ ဘုရားအမှုရှိသော ဘုရားနှင့်တကွသော ရဟန္တာ များကိုပင် ပဓာနဖြစ်သော ဘုရားကို ဦးတပ်၍ ဘုရားကိုး ဆူဟု ခေါ်ထားခြင်းဖြစ်နေသည်။

တနည်းအားဖြင့် သဗ္ဗညုဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ စတုသစ္စ ဗုဒ္ဓနှင့် သုတဗုဒ္ဓဟူ၍ ဗုဒ္ဓ (ဘုရား) လေးမျိုးရှိသည်တွင် မြတ်စွာဘုရားကို သဗ္ဗညုဗုဒ္ဓခေါ်သည်၊ ပစ္စေကဗုဒ္ဓါကို ပစ္စေကဗုဒ္ဓဟုခေါ်၍ ရဟန္တာသာဝကများကို စတုသစ္စဗုဒ္ဓ ဟုခေါ်သည်၊ အကြားအမြင်များ၍ ကျမ်းဂန်တတ်ကျွမ်း သော ရဟန်းကို သုတဗုဒ္ဓခေါ်၏၊ ဤအလိုဘုရားမှာ သဗ္ဗညု ဗုဒ္ဓ၊ ရဟန္တာမှာ စတုသစ္စဗုဒ္ဓဖြစ်၍ သဗ္ဗညုဗုဒ္ဓတစ်ဆူ

www.dhammaransi.com

နှင့် စတုသစ္စဗုဒ္ဓရှစ်ဆူကို ဗုဒ္ဓကိုးဆူ (ဝါ)ဘုရားကိုးဆူဟု ဆိုရပေလိမ့်မည်။

ဘုရားတစ်ဆူနှင့် ရဟန္တာရှစ်ဆူကို ပေါင်းစု၍ ပူဇော်ခြင်းအစဉ်အလာမှာ မည်သို့ဆင်းသက်လာသော အစဉ်အလာတစ်ခုဖြစ်သည်ဟု ဗုဒ္ဓစာပေကျမ်းဂန် အကိုးအကားအထောက်အထားနှင့် ခိုင်ခိုင်မာမာ ဖော်ပြစရာမရှိပါချေ။ စဉ်းငယ်တူယောင်ယိုးမှား အနေဖြင့်သော် ဓမ္မပဒလာအာယုဝဍ္ဎနသတို့သားဝတ္ထုကို ထုတ်ပြစရာရှိပေသည်။

ဝတ္ထုမှာ မြတ်စွာဘုရား ဒီဃလဋ္ဌိက မြို့ကိုအမှီပြု၍ သီတင်းသုံးစဉ် ပုဏ္ဏားတစ်ယောက်သည် (၇) ရက်မျှသာ အသက်ရှည်လတ္တံ့သော သားငယ်အတွက် မြတ်စွာဘုရားနှင့်တကွ ရဟန္တာရှစ်ပါး (ရံခါ - တစ်ဆယ့်ခြောက်ပါး) တို့ကို ပင့်ဖိတ်၍ (၇) ရက်ပတ်လုံး ပရိတ်တော်နာယူသဖြင့် သားသူငယ်အသက် ၁၂၀ အထိ ရှည်စွာနေရကြောင်း လာရှိ၏။ ထိုဝတ္ထုမူရင်း ဓမ္မပဒအဋ္ဌကထာတွင် ရဟန္တာရှစ်ပါးသာမဟုတ်၊ "အဋ္ဌဝါ သောဠသဝါ"ရှစ်ပါးသော်ငှင်း တစ်ဆယ့်ခြောက်ပါးသော်ငှင်းဟု ဆိုထားသည်။ ရှစ်ပါးကွဲရောက်ရာ ၌လည်း ဘွဲ့မည်မပါ၊ ရှစ်ပါးသာမန်သာဖြစ်၏။

www.dhammaransi.com

# ဘုရားကိုးဆူနှင့် နေရာတော်

ယခုမျက်မြင် ဘုရားကိုးဆူပူဇော်ရာ၌ -

(၁) ဘုရားကိုဗဟိုထား၍ -

(၂) တောင်ဖက်က အရှင်သာရိပုတ္တရာ-

(၃) မြောက်ဖက်က အရှင်မဟာမောဂ္ဂလာန်၊

(၄) အရှေ့က အရှင်ကောဏ္ဍည၊

(၅) အနောက်က အရှင်အာနန္ဒာ၊

(၆) အရှေ့တောင်က အရှင်ရေဝတ၊

(၇) အရှေ့မြောက်က အရှင်ရာဟုလာ၊

(၈) အနောက်တောင်က အရှင်ဥပါလိ၊

(၉) အနောက်မြောက်က အရှင်ဂဝမ္ပတိ-

ဟူ၍ ဘွဲ့တော်နှင့် အရပ်မျက်နှာ အတည်အမြဲ စီစဉ်ချက်ထားရှိလေသည်။

ပါဠိစာပေ ပိဋကကျမ်းဂန်တို့တွင်မြတ်စွာဘုရားနှင့် တကွ ဤရဟန္တာ (၈) ပါးတစ်နေရာတည်းစုရုံးသီတင်းသုံး၍ အပူဇော်ခံခဲ့ကြောင်း တစ်စွန်းတစ်စမျှမပါရှိသ ဖြင့် ကိုးပါးစဉ်ပုံ နေရာချထားပုံများမှာ လောကီရေးဆံဆံစီစဉ်ချထားခြင်း

www.dhammaransi.com

သာ ဖြစ်နိုင်ပေသည်။

တစ်ခါက ဤစာစောင်တွင် ဆောင်းပါးတစ်ခု၌ ဘုရားကိုးဆူပူဇော်ပွဲ ပေါ်ပေါက်လာပုံကို စာရေးသူ ဖော်ပြခဲ့ဘူးသည်။ ၉၁၄ - ခုနှစ် နန်းတက်တော်မူသော ဟံသာဝတီ ဆင်ဖြူရှင် (ဘုရင့်နောင်) မင်းတရားကြီးလက်ထက် ဇင်းမယ်ကို သိမ်းပိုက်ပြီးနောက် ၉၂၀ ခန့်တွင် သားတော် အနော်ရထာစောကို ဇင်းမယ်ဘုရင်ခံခန့်သည်၊ ထိုအခါ ဇင်းမယ်၌ ဂြိုဟ်ကိုးလုံးပူဇော်မှု အစဉ်အလာရှိနေရာ အနော်ရထာစောက ထိုအစဉ်အလာကို ဗုဒ္ဓယဉ်ကျေးမှုဖက်သို့ဆွဲ၍ ဘုရားကိုးဆူပူဇော်မှုအဖြစ် ပြောင်းလဲပေးခဲ့ကြောင်း၊ ထိုအခါမှစ၍ ဇင်းမယ်နှင့် မြန်မာနိုင်ငံပါ ဘုရားကိုးဆူပူဇော်မှုအစဉ်အလာ ပြန့်ပွားခဲ့ကြောင်းဖြင့် ဖော်ပြခဲ့ဘူး၏။

ဂြိုဟ်ကြီးကိုးပါးပူဇော်ရာ၌ ဗေဒင်နည်းစနစ်ကိုမှီ၍ မည်သည့်ဂြိုဟ် မည်သည့်အရပ်ဟူသော အစီအစဉ်ရှိသလို ရဟန္တာရှစ်ပါးကိုလည်း စနစ်တကျနေရာချထားရန် လိုမည်သာဖြစ်သည်၊ ထိုအတွက် လောကီပညာရှင်တို့သည် လောကကြောင်းဓမ္မကြောင်းတို့နှင့် ညှိနှိုင်းတိုက်ဆိုင်၍ သင့်တန်

www.dhammaransi.com

အောင် ကြံစည်ခဲ့ကြမည်သာဖြစ်သည်၊ အရပ်မျက်နှာနှင့်ကိုက် ညီအောင် ရဟန္တာပုဂ္ဂိုလ်အမည်အဝါရွေးချယ်ရာ၌လည်း လောကဓမ္မနှင့် ညီညွတ်ရန်အရေးကြီးပေသည်။

မြတ်စွာဘုရားကို ဗဟို၌ထားရမည်ကား မလွဲမရှောင် သာသော နေရာချထားမှုဖြစ်သည့်အတိုင်း ဘုရားပွင့်တော် မူစ (သို့မဟုတ်) များသောအားဖြင့် ဘုရားမြတ်စွာသည် အရှေ့သို့ မျက်နှာလှည့်၍ သီတင်းသုံးတော်မူလေ့ရှိသ ဖြင့် ဘုရားကို ပလ္လင်ပေါ်က ရှေ့သို့လှည့်၍ ထားလျှင် လကျာ ဘက်တောင်အရပ်သည်၊ လကျာရံအရှင်မြတ်သာရိ ပုတ္တရာ၏ နေရာတော်ဖြစ်ပေမည်၊ လက်ဝဲဘက်မြောက် မျက်နှာသည် လက်ဝဲတော်ရံအရှင်မဟာ မောဂ္ဂလာန်၏ နေရာတော်ဖြစ်ပြီး နောက်သက်တော်အကြီးဆုံးအရှင် ကောဏ္ဍညကို ဘုရားရှေ့တည့်တည့် အရှေ့မျက်နှာ၌ ထားရမည်ဖြစ်၏။ အလုပ်အကျွေးနောက်တော်ပါ အရှင် အာနန္ဒာကား မုချမြတ်စွာဘုရား၏ ကျောဖက်အနောက် မျက်နှာ၌ ရှိရပေမည်၊ ကျန်ရဟန္တာလေးပါးနှင့် အရပ်မျက် နှာချထားမှုကား မည်သို့နည်း။

www.dhammaransi.com

## နေရာလေးသွယ် လောကီနွယ်

ဘုရားနေရာတော်နှင့် ဖော်ပြပါရဟန္တာ လေးပါးအတွက် နေရာတော်တို့ကို ဓမ္မကြောင်းသက်သက်ဖြင့် အထက်ပါအတိုင်း ရွေးချယ်ခဲ့ပြီး ကျန်ရဟန္တာလေးပါးနှင့် နေရာရွေးချယ်ပုံမှာ လောကကြောင်းများစွာ နွယ်သွားလေသည်။

အရှေ့မြောက်မျက်နှာသည် တနင်္ဂနွေဂြိုဟ်ရှိရာအရပ်ဖြစ်၏၊ ဂြိုဟ် (၈) လုံးတွင် တနင်္ဂနွေဂြိုဟ်သည် ဂြိုဟ်သက်အနည်းဆုံးဖြစ်လေသည်၊ ထို့ကြောင့် ထိုအရပ်၌ အသက်အငယ်ဆုံးရဟန္တာကို ရွေးချယ်၍ နေရာချထားပေးရာ ထိုနေရာသည် အရှင်ရာဟုလာ၏ နေရာဖြစ်လာရလေသည်။

အရှင်ရေဝတသည် အရှင်သာရိပုတ္တရာ၏ ညီငယ်ဖြစ်၏၊ ညီငယ်သည် နောင်တော်အနီး၌ နေသင့်ပေသည်၊ ထို့ကြောင့် ပြည့်ရှင်မင်းအနီး၌ အိမ်ရှေ့မင်းကိုထားရသကဲ့သို့ အရှင်သာရိပုတ္တရာနှင့် နီးရာ အရှေ့တောင်အရပ်၌ အရှင်ရေဝတကို ချထားရလေသည်။

www.dhammaransi.com

အရှင်ဥပါလိသည် ဝိနည်းဆောင်ဧတဒဂ်ရ ဝိနည်းမိုရ်ပုဂ္ဂိုလ်ဖြစ်ရာ ဤဘုရားလက်ထက်တွင် ဝိနိစ္ဆယတရားသူကြီးတစ်ဦးပင်ဖြစ်၏၊ ထို့ကြောင့် အရှင်ဥပါလိကို နေရာချထားရာ၌ လောကီကျမ်းတို့တွင် စနေဂြိုဟ်သည် တရားဆုံးဖြတ်တတ်သော ဝိနိစ္ဆယအမတ်ကြီးဖြစ်ခဲ့ဘူးသည်ဟုလာရှိသဖြင့် အရှင်ဥပါလိအတွက်နေရာသည် စနေထောင့်အရပ်ဖြစ်လာရပေသည်။

အရှင်ဂဝမ္ပတိနှင့် အနောက်မြောက်အရပ်ကား သဒ္ဒါကျမ်းနှင့် ဆက်ဆံနေပေသည်၊ ဂဝမ္ပတိမှာ "ဂုန္နံပတိ ဂဝမ္ပတိ" (နွားတို့၏အရှင်) ဟု ဝိဂြိုဟ်ဆိုရသည်၊ ဂေါသဒ္ဒါသည် ပသုသဒ္ဒါနှင့်အတူ နွားကိုဟောသည်၊ ပသုသဒ္ဒါသည် နွားကိုလည်းဟောသည်၊ ရာဟုဂြိုဟ်ကိုလည်း ဟောသည်၊ ထို့ကြောင့် ဂုန္နံပတိဂဝမ္ပတိဟူသော ဝိဂြိုဟ်ကို နွားတို့၏အရှင်ဟူ၍ သာမက ရာဟုဂြိုဟ်တို့၏အရှင်ဟူ၍လည်း အနက်ဆိုနိုင်လေသည်။ သို့ဖြစ်၍ အရှင်ဂဝမ္ပတိ၏ နေရာတော်သည် ရာဟုထောင့်ဖြစ်သောအနောက်မြောက်အရပ်ဖြစ်ပေသည်။

သို့ဖြစ်၍ စာဟောင်းပေဟောင်း ကျမ်းဂန်အထူးမ

လာသော ဤရဟန္တာရှစ်ပါးအတွက် နေရာတော်ချထား ခြင်းမှာ ပညာရှင်တို့၏ စိန္တာမယဉာဏ်ပေါ်၌ တည်ရှိပေ သည်၊ တနည်းမှာလည်း ရဟန္တာမြောက်များစွာရှိပါလျက် (၈) ပါးကိုရွေးကောက်ထားခြင်းမှာ ဤရှစ်ပါးသည်သာ ပြဆိုခဲ့သည့်အတိုင်း အရပ်ရှစ်မျက်နှာနှင့် ဆီလျော်ကိုက် ညီနေသောကြောင့် ဖြစ်သည်ဟု ဖြေဆိုရပေသတည်း။

* * *

# ပွဲပေါင်းစုံခ တန်ဆောင်မုန်းလ

"အဖိုးကြီးအို - ခါးကုန်းကုန်း၊ မသေပါနှင့်အုံး၊
နှောင်နှစ်ခါ တန်ဆောင်မုန်း - ပွဲကြည့်ပါဦး'

ကလေးဘဝ ငယ်စဉ်ကပင် ဤကဗျာကလေးကို ရွတ်၍ တန်ဆောင်မုန်းလ ရောက်လာလျှင် ပွဲကြည့်ရမည် ဟူသော အသိဖြစ်ထွန်းခဲ့သည်၊ တန်ဆောင်မုန်းလသည် မြန်မာ့တစ်ဆယ့်နှစ်ရာသီလတို့တွင် အခြားလများထက်ပို၍ ပျော်စရာကောင်းသောလဖြစ်သည်၊ တစ်မိုးတွင်းလုံး မိုးတစိမ့်စိမ့်ရွာသွန်းနေသဖြင့် ခြေလွတ်လက်လွတ် မသွားရ မလာရ မပျော်ရ မပါးရသော ကလေးတို့အဖို့ မိုးလေလွတ်သော တန်ဆောင်မုန်းလတွင် အပြုံးကြီး ပြုံး၍ အပျော်ကြီးပျော်မြဲဖြစ်သည်။ ပျော်စရာကောင်းလောက်အောင်လည်း တန်ဆောင်မုန်းသည် ပွဲပေါင်းစုံခလေသည်၊ ယခုသာ ပွဲပေါင်းစုံခသည်မဟုတ် ရှေးအတီတေကပင် တန်ဆောင်မုန်းလ၌ ပွဲပေါင်းစုံခခဲ့ခြင်းဖြစ်ရာ အချို့ပွဲများမှာ တိမ်ကော၍ ပင် သွားခဲ့လေပြီ၊ ခေတ်၏ ဝါးမျိုခြင်းကြောင့် အချို့သော

www.dhammaransi.com

တန်ဆောင်မုန်းပွဲများမှာ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် အနေဖြင့် ပြန်လည်လွမ်းစရာဆွေးစရာ တစ်ရပ်အနေဖြင့်သာ ရပ်တည်နေရရှာတော့၏။

ဤတန်ဆောင်မုန်းလ အခါ၌ ပျောက်ကွယ်ခဲ့သော ပွဲတော်များနှင့် လက်ကျန်ပွဲတော်များ မည်မျှရှိလေသနည်း၊ ပြန်လည်စစ်ဆေးကြည့်သင့်သည်၊ ပျောက်ကွယ်ခဲ့သော ပွဲတော်များကို ပြန်လည်ဖော်ထုတ်ရန် မဟုတ်သော်လည်း ဗဟုသုတ အနေဖြင့် ပြန်လည်စာရင်းလုပ်ကြပါစို့။

(၁) နက္ခတ်သဘင်ပွဲ၊
(၂) တောင်ထိပ်သဘင်ပွဲ၊
(၃) ရှင်မာလဲပွဲ၊
(၄) ဝက်ပါပွဲ၊
(၅) တာဝတိံသာပွဲ၊
(၆) တန်ဆောင်တိုင်ပွဲ၊
(၇) မသိုးသင်္ကန်းပွဲ၊
(၈) ကထိန်ပွဲ၊

တန်ဆောင်မုန်းလနှင့် ဆိုင်သောပွဲများကို မှတ်သားမိသမျှ စာရင်းချကြည့်ရာ အထက်ပါတိုင်း (၈) ပွဲရ၏၊

www.dhammaransi.com

ဤ (၈) ပွဲတွင် ဘာသာရေးပွဲလည်းပါ၏၊ ဘာသာရေးမ ဟုတ်သောပွဲလည်းပါ၏၊ သို့သော် တန်ဆောင်မုန်းလနှင့် ဆိုင်သမျှသော ပွဲတော်တို့ကို တစ်ခုစီတစ်ခုစီ စဉ်းစားကြည့် လျှင် အခြားလနှင့်ဆိုင်ရာပွဲများထက်ပင် စိတ်ဝင်စားဖွယ် ရာ ကောင်းနေသည်ကို တွေ့ရ၏၊ စာရှုသူလည်း စာရေး သူနှင့်အတူ စိတ်ဝင်စားရန် တန်ဆောင်မုန်းပွဲအကြောင်း ကို တိုတိုတုတ်တုတ် ဆွေးနွေးကြပါစို့။

## နက္ခတ်သဘင်ပွဲနှင့် တောင်ထိပ်သဘင်ပွဲ

တန်ဆောင်မုန်းလ၏ နက္ခတ်သဘင်ပွဲနှင့် တောင် ထိပ်သဘင်ပွဲသည် ဆက်စပ်နေဟန်တူ၏၊ ဤလ၌ "ရာသီ ဗြိစ္ဆာ၊ လမှာတန်ဆောင်၊ မြူမှောင်မသန်း၊ သော်တာဆန်း သည်၊ တိမ်ပန်းထက်ကောင်းကင်တည့်လေ။ စင်ကြယ် တည့်ညစ်ကြေး - မြူမှုံဝေး" ဟူသည်နှင့်အညီ ကောင်းကင် တပြင်လုံး၌ မြူတိမ်ကင်းဝေး ညစ်ကြေးမရှိ ပကတိဖန်မှန် ပမာဏ ကြည်လင်လှသဖြင့် ထွက်ပေါ်နေကြသော နက္ခက် တာရာစုံတို့အဖို့ အရောင်ကုန်ထွန်းလင်းနေကြ

www.dhammaransi.com

သည်။ အထူးအားဖြင့် ဤလ၏ စန်းယှဉ်နက္ခတ်ဖြစ်သည့် ကြတ္တိကာနက္ခတ်မှာလည်း "ကြတ္တိကာကြယ်၊ခုနှစ်သွယ်၊ ကြယ်ငယ်စုသလို" သေးသေးမွှားမွှား ကြယ်ကလေးခုနစ်ခု မျှသာဖြစ်သော်လည်း စင်ကြယ်သည့် ကောင်းကင်ပြင်တွင် ထင်ထင် လင်းလင်း မင်းမူ၍ နေသည်၊ သူ့ကို ယခုခေတ် တွင် "ဖျောက်ဆိပ်ကြယ်ဟု ခေါ်သော်လည်း ရှေးကမူ "စောရနက္ခတ်" ဟုခေါ်ကြပြီး သူ့စန်းယှဉ်ခိုက်မွေးသော ကလေးကို စောရနက္ခတ်နှင့် ယှဉ်သည်၊ သူခိုးဇာတာပါ သည်ဟု ဆိုကြသောဟူ၏။

မည်သို့ပင်ဖြစ်စေ၊ ဤလ၌ နက္ခတ်စုံသဖြင့် ရှေးရှေး က နက္ခတ်သဘင်ပွဲ ကျင်းပခဲ့ကြသည်၊ "တန်ဆောင်ပြိဳ့စွာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး" ဆိုသည့်အတိုင်း ကြတ္တိ ကာ ထွန်းသော လစန်းယှဉ်သောလဖြစ်၍ ဤပွဲကို ပါဠိစာပေ တို့တွင် ကြတ္တိကာသဘင်ဟု ဆိုခဲ့၏၊ "အထ တသ္မိံ နဂရေ ကတ္တိကဆဏံ ဃောသယိံသု၊ ကတ္တိကပုဏ္ဏမာယံ နဂရံ သဇ္ဇာယိံသု" ဟု ဥမ္မာဒန္တီဇာတ်အဋ္ဌကထာတွင် ဆို၏။ ထိုအခါ ထိုအရှင်မင်းနေ နေပြည်တော်၌ ကတ္တိကာသ ဘင်ကို ကြွေးကြော်ကြကုန်၏၊ တန်ဆောင်မုန်းလပြည့်

နေ့တွင် တစ်မြို့လုံးကို တန်ဆာဆင်ကုန်၏ဟု ဆိုလိုသည် “အပေတယ်၊ နေဝင်ယံတွင်၊ ယုန်စံဘုံစက်၊ ခုန်ပျံတက်၍၊ ကျိုးကြက်တာရာ၊ ကြယ်နှင့်လာသော်၊ တန်ဆာဆင်ယင်၊ နတ်သဘင်သို့၊ မြို့ပြင်မြို့တွင်း၊ မီးရောင်ဝင်းလျက်၊ ဟင်းလင်းတံခါး၊ ဖွင့်ကာထား၍၊ ပြည်သားပြည်သူ၊ လှိုက်ဆူအုန်းအုန်း၊ တန်ဆောင်မုန်းတွင်၊ ပွဲကြီးယင်လျက်” ဟု ဉမ္မာဒန္တီပျို့ဆရာကဆိုထားလေသည်။

နက္ခတ်သဘင်ပွဲကို ညဦးယံတွင် မြို့တွင်း၌ ကျင်းပကြ၏၊ တောင်ငါးလုံးကာ ခိုသောရာဇဂြိုဟ်ကဲ့သို့ တောင်နှင့်နီးသည့် မြို့တို့တွင် သန်းကောင်ယံနီးကပ်သောအခါ၌ မြို့တော်တွင်ရှိသော သက်ကြီးရွယ်လွန်ပညာရှိ အဖိုးအိုတို့က လူငယ်တို့အား တောင်ထိပ်သို့ စုရုံးခေါ်ဆောင်သွားလေသည်၊ တောင်ထိပ်သဘင်ပွဲ စလေပြီ၊ (တောင်မရှိသော မြို့ရွာတို့တွင်ကား - တောင်ပုံပြုလုပ်၍ ၎င်း၊ စင်မြင့်များထိုး၍၎င်း စုရုံးကြရ၏) ထိုတောင်ထိပ်၌ စားသောက်ပျော်ရွှင်ကြပြီးနောက် သက်ကြီးအဖိုးအိုက သူငယ်တို့အား နက္ခတ်များကို ညွှန်ပြ၍ အဆုံးအမပေးလေသည်၊ နက္ခတ်ကြည့်တတ်အောင် သင်ပြပေးခြင်းမျိုးမဟုတ် “ဤနက္ခတ်

ကား သင်တို့အဖိုးအဖွားများ ဖြစ်သည်၊ ဤနက္ခတ်ကား သင်တို့၏ အရှင်မင်းကြီးဖြစ်သည်၊ မည်သို့သောကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်သဖြင့် ဤသို့ စံစားနေရသည်" စသည်ဖြင့် ပြောကြား၍ အကုသိုလ်ကို ရှောင်၍ကုသိုလ် ပြုကြရန် တိုက်တွန်းခြင်းဖြစ်သည်ဟု ဆိုပေသည်။

## ရှင်မာလဲပွဲနှင့် ဝက်ပါပွဲ

နက္ခတ် သဘင်ပွဲနှင့် တောင်ထိပ်သဘင်ပွဲ တဆက် တည်းကျင်းပသလိုပင် ရှင်မာလဲပွဲနှင့် ဝက်ပါပွဲကိုလည်း တဆက်တည်းကျင်းပ၏၊ ရှင်မာလဲဟူသည်ကား မာလယ (မာလယ် - မာလဲ) မထေရ်ပင်ဖြစ်၏၊ သီဟိုဠ်ကျွန်း၌ မာလ ယမည်သော အဘိညာဉ်ရရဟန္တာမထေရ်တစ်ပါးရှိသည်၊ တစ်ခုသောတန်ဆောင်မုန်းလပြည့်အခါတွင် ကြာပန်းများ ရသဖြင့် ထိုကြာပန်းများကို တာဝတိံသာရှိ စူဠာမဏိစေ တီကို လှူဒါန်းလို၍ တာဝတိံသာသို့ အဘိညာဉ်တန်ခိုးဖြင့် ကြွသွားသည်၊ စူဠာမဏိ စေတီတော်အား ကြာပန်းများလှူ ပြီးနောက် သိကြားမင်းနှင့် တရားစကားပြောနေရာမှ

www.dhammaransi.com

ယနေ့တန်ဆောင်မုန်းလပြည့်ဖြစ်သဖြင့် တုသိတာနတ်ပြည်မှ မေတ္တေယျဘုရားအလောင်းတော်နတ်သား စူဠာမဏိစေတီတော်သို့ အဖူးအမျှော်ရောက်လိမ့်မည့်အကြောင်း သိရသဖြင့် စောင့်စားနေ၏၊ မကြာမီ အလောင်းတော်နတ်သားအခြံအရံများဖြင့် ရောက်လာ၊ ဘုရားဖူးပြီးနောက် မာလယမထေရ်နှင့် စကားပြောကြသည်၊ မာလယမထေရ်က အလောင်းတော်နတ်သားပွင့်တော်မူမည့်အခါတွင် တရားနာ၍ မဂ်ဖိုလ်နိဗ္ဗာန်ကိုရလိုကြောင်းနှင့် လူပြည်ကလူအများ ဆုတောင်းနေကြပုံကို မိန့်ကြားရာ တပည့်တော်ပွင့်ရာတွင်ပါလိုက ဒါနစသော ပါရမီတရားတို့ကို ကြိုးစားပြုလုပ်ကြရန် တိုက်တွန်းပေးပါမည့်အကြောင်း လျှောက်ထားလိုက်သည်၊ မာလယ မထေရ်သည် တန်ခိုးဖြင့်ပြန်လာခဲ့ပြီး ဤတန်ဆောင်မုန်းလပြည့်နေ့ ပွဲတော်မှာပင် မြစ်ဆိပ်လှော်ကားထက်မှနေ၍ အလောင်းတော် နတ်သား၏ အမှာစကားကို ပြန်ကြားဟောပြလျက် ဒါနပါရမီ အတွက် ဂါထာတစ်ထောင်ရှိသော ဝေဿန္တရာဇာတ်ကို အကျယ် ဟောတော်မူ၏။

ထိုအခါမှစ၍ မာလယမထေရ်ကို အစွဲပြုပြီး "ရှင်မာ

လဲပွဲ” ဟု လှော်ကားသဏ္ဍာန်ပြုလျက် လှော်ကားထက်တွင် သစ်သီးတစ်ထောင် ပန်းတစ်ထောင် ဆီမီးတစ်ထောင် ဆွမ်း (အဆုပ်) တစ်ထောင်လှူဒါန်းခြင်း၊ ဝေဿန္တရာဇာတ်နှင့် ဒါနပါရမီတော်ကိုစွဲ၍ ဝက်ပါတောင် သဏ္ဍာန်ပြုလုပ်လျက် “ဝက်ပါပွဲ” ပြုခြင်းတို့ဖြင့် မေတ္တေယျဘုရားရှင်၏ သစ္စာပွဲတွင် ပါဝင်ရန် ဆုတောင်းခြင်းပြုလုပ်ကြသည်ဟူသတည်း။

## တာဝတိံသာပွဲ

တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီရှိကြောင်း ဗုဒ္ဓဘာသာဝင်တိုင်းသိကြ၏၊ လူ့ပြည်၌ ဘုရားပုထိုးများကို ဆီမီးပူဇော်သကဲ့သို့ ဤတန်ဆောင်တိုင်တွင် တာဝတိံသာရှိ စူဠမဏိစေတီကိုလည်း ပူဇော်ကြမည်ဟုဆိုကာ မီးပုံးပျံများ မီးအိမ်ပျံများပြုလုပ်လွှတ်တင်ကြ၏၊ အချို့မြို့ရွာတို့တွင် မီးပုံးပျံပြိုင်ပွဲများအကြီးအကျယ် ပြုလုပ်ကြလေသည်၊ ဤကား “တာဝတိံသာပွဲ”ဖြစ်၏၊ သို့သော် တာဝတိံသာပွဲ၏ နောက်ဆက်တွဲကား ပစ္စည်းအတိုအထွာများကို ခိုးယူ

www.dhammaransi.com

၍ နောက်ပြောင်ကြခြင်းဖြစ်လာကြ၏၊ အမှန်မှာ တာဝတိံသာပွဲဟူသော မီးပုံးပျံလွှတ်ပွဲမှာ ညဦးပိုင်းညဦးယံတွင်ပြီးစီးခဲ့သဖြင့် လသာသောညအခါတွင် လူစုမခွဲလိုကြသေးသော လူငယ်လူရွယ်တို့သည် ဟိုဟိုသည်သည် သွားလာပျော်ရွှင်ကြရာမှ အတိုအထွာ ခိုးယူကဲ့ဝှက်၍ နောက်ပြောင်ကစားကြခြင်းများဖြစ်ပေါ်လာလေသည်၊ နောက်သော်ထိုခိုးယူကဲ့ဝှက်နောက်ပြောင်ခြင်းကိုပင်အတည်ပြု၍ တာဝတိံသာပွဲဟု သမုတ်လာကြလေသည်။

## တန်ဆောင်တိုင်ပွဲ - မသိုးသင်္ကန်းပွဲနှင့် ကထိန်ပွဲ

တန်ဆောင်တိုင်ပွဲ၊ မသိုးသင်္ကန်းပွဲနှင့် ကထိန်ပွဲတို့ကား မျက်မှောက်ထင်ရှား ဖြစ်နေသဖြင့် အထူးဆွေးနွေးနေဖွယ်မလိုတော့ဟု ဆိုချင်ပါသည်၊ တန်ဆောင်မုန်းလဟူသော လ၏အမည်ကိုကပင် မီးထွန်းသောလဟု အဓိပ္ပါယ်ရှိ၏၊ တန်ဆောင်မှာ - မီးရှူးတိုင်ဆီမီးတိုင်တို့ကို ဆိုလို၍မုန်းမှာ - မှုန်းအမိုက်မှောင်ကိုပယ်ခြင်း ထွန်းလင်းစေခြင်းတို့ကို ဆိုလို၏၊ ထို့ကြောင့် ရှေးဆရာတို့က "မိုက်မှောင်လွင့်

ပြုန်း၊ တန်ဆောင်မုန်း၊ ဆောင်မုန်းခေါ် သကား။ ဟထိုး ပျောက်ကာ၊ ပြောင်းရွှေ့လာ၊ မုန်းသာခုထင်ရှား” ဟု ဆိုခဲ့ ကြ၏။

မသိုးသင်္ကန်းဟူသည် ကထိန်သင်္ကန်းပင်ဖြစ်၏၊ ယ နေ့လှူသော ပိတ်ကို ယနေ့ပင်ချုပ်ဆိုး၍ ယနေ့ပင်သင်္ကန်း အဖြစ် အဓိဋ္ဌာန်တင်ကထိန်ခင်းရသဖြင့် ကထိန်သင်္ကန်း ကိုပင် မသိုးသင်္ကန်းဟု ဆိုကြသည်၊ မသိုးသင်္ကန်းပွဲနှင့် ကထိန်ပွဲ အတူတူပင်ဖြစ်၏။သို့သော် ယခုအခါတွင် အဖိတ် နေ့ညဉ့် ရက်လုပ်၍ ညတွင်းချင်းချုပ်ပြီး ဘုရားလှူသော သင်္ကန်းကိုမှ မသိုးသင်္ကန်းဟု ထင်နေကြပေသည်၊ မျက် မြင်အားဖြင့် မသိုးသင်္ကန်းပြိုင်ပွဲများကိုသာ တွေ့မြင်နေရ သဖြင့် ယခုလူများသည် မသိုးသင်္ကန်းနှင့် ကထိန်သင်္ကန်း ကို တစ်ခြားစီမြင်နေကြတော့၏။

ကထိန်သင်္ကန်းနှင့် ပတ်သက်၍လည်း ကထိန်၏ တိမ်မြုပ်နေသော ဗျုပ္ပတ်တစ်ခုကိုဖော်ထုတ်ပြလိုပေသည်၊ ကထိန်ဟူသည်မှာ ကထိနဟူသော ဒန္တဇထ (ထဆင်းထူး) နှင့် ယခုထင်ရှားနေသော်လည်း ကဌိနဟု မုဒ္ဓဇဌ (ဌဝမ်းပဲ) နှင့်ရှိသောပါဠိကို အထူးသတိပြုသင့်၏၊ ဝိနည်းအဌကထာ

www.dhammaransi.com

တွင် "ကဋ္ဌိနတ္တိ နိသေယကံ" ဟုဖွင့်ဆိုထားသည်။ နိသေယကံ အရ "ထန်းကျင့်လျှော်ခါးကားပေါင်" ဟု အနက်ပေးနိုင်၏၊ ဤ၌ ကားပေါင်ကို ရလိုရင်းဖြစ်သည်၊ ကားပေါင်ဟူရာ၌ သင်္ကန်းချုပ်ရာတွင် သင်္ကန်းနှင့်အမျှ သစ်သားကိုဖြစ်စေ၊ ဝါးကိုဖြစ်စေ ကားပေါင်ရိုက်၍ မြေ၌ချကာ၊သို့မဟုတ် ထောင်ကာ ပိတ်ကိုဖြတ်ခြင်း ဆုံးခြင်း ချုပ်ခြင်း စပ်ခြင်း ပြုလုပ်ရသည်။

ကထိန်ခင်းရာ၌ ကထိန်သင်္ကန်းကို ဤသို့ကားပေါင် ပေါ် ချ၍ နေ့ချင်းပြီး အလျှင်အမြန်ချုပ်ရစပ်ရသဖြင့် ကား ပေါင်ကို စွဲ၍ "ကဋ္ဌိနစီဝရ - ကဋ္ဌိန်သင်္ကန်း" ဟု ဆိုရလေ သည်။ ထို့ကြောင့် "ကဋ္ဌိန်" ဟူသောအမည်မှာ တိုက်ရိုက် အဓိပ္ပါယ်ရသော မူရင်းအမည်ဟုဆိုနိုင်သည်၊ သို့သော် ထို ကဋ္ဌိနမှ ကထိန်ဖြစ်လာသော သတ်ပုံကို ရှေးတောင်ဖိ လာဆရာတော်စသော ဆရာအဆက်ဆက်က သာသနာ့ ဝေါဟာရမဟုတ်ဟု မနှစ်သက်၍ ပယ်ခဲ့သဖြင့် ထိရ (မြဲ မြံ) အနက်စွဲ၊သိလာယ (ချီးမွမ်း) အနက်စွဲ " ကထိန - ကထိန်" ဟူသောသတ်ပုံဖြင့်သာ ယခုထင်ရှားနေရတော့ သည်။

www.dhammaransi.com

ဤဆောင်းပါးကိုး နိဂုံးမချုပ်မီ တန်ဆောင်မုန်းလ၏ မှတ်သားဖွယ်ကလေးတစ်ခုကို ဖော်ပြလိုပေ သေးသည်၊ ဤလကို "နတ်နိုးလ" ဟုခေါ်၏ ဟိန္ဒူဝါဒအရ ဗိဿနိုး နတ်မင်းသည် နှစ်စဉ်နှစ်တိုင်း ဝါဆိုလဆန်း (၁၂) ရက်နေ့ တွင် အိပ်ပျော်ပြီး၍ တန်ဆောင်မုန်းလဆန်း(၁၂)ရက်နေ့ တွင်မှ နိုးလေသည်၊ ဤလတွင် ဆေးပင် ဝါးပင်စောင့် နတ်အပေါင်းတို့သည် မဲဇလီပင်၌ ညီလာခံကြသည်ဟုဆို ကာ လူတို့သည် ကြတ္တိကာနက္ခတ်စန်းယှဉ်ချိန်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ည သန်းကောင်ချိန်တိတိ (လမွန်းတည့်ချိန်) တွင် မဲဇလီဖူးတို့ကို လက်သုပ်လုပ်၍ စားကြလေသည်၊ ယင်းသို့စားခြင်းဖြင့် ရောဂါဝေဒနာဟူ သမျှ မကပ်ရောက်နိုင်ဟု အယူရှိကြလေသည်။

ဤသို့လျှင် ဤတန်ဆောင်မုန်းလသည်ကား ပွဲ ပေါင်းစုံခသလောက် စိတ်ဝင်စားစရာတို့လည်း ကောင်း လှပါဘိတမုံ့။

* * *

# သက္ကရာဇ်ဖြိုကြမည်လော

လာမည့် (၂) နှစ်တွင် * သက္ကရာဇ်ဖြိုကိန်းကျနေပြီ ဟုဆိုလျှင် သက္ကရာဇ်ဖြိုကြမည်လော - ဟူသောပြဿနာ သည် ယခုကပင် စဉ်းစားထားရမည့် ပြဿနာတစ်ရပ်ဖြစ် လေသည်။

ဤ၌ သကရာဇ်ဟူ၍ ဂုင်း၊ သက္ကရာဇ်ဟူ၍ဂုင်း၊ အရေးကွဲပြားလျက်ရှိရာ ဤဆောင်းပါးတွင် သတ်ပုံအရကို အထူးမဆွေးနွေးလိုပေ၊ သို့သော် ဝေါဟာရဖြစ်ပေါ်လာပုံ များကိုကား အနည်းငယ်ဖော်ပြလိုပေသည်။

သကရာဇ်ဟူသောဝေါဟာရမှာ သက္ကမင်းနန်းတက် သောနှစ်မှစ၍ ရေတွက်သောနှစ်ဟူဆိုလို၏၊ အကြောင်း ကား မြန်မာနိုင်ငံသရေခေတ္တရာပြည်ကို အုပ်စိုးသော သုမုန္ဒရီမင်းလက်ထက် ဒေါဒေါရသကိန်းဖြင့် ဂေါစာနှစ် ၆၂၂ ကိုဖြိုလိုက်သည်၊ ထိုအချိန်တွင် အိန္ဒိယပြည်၌ သက (သာက) မင်းနန်းတက်ချိန်ဖြစ်၍ ထီးဆောင်းမင်း အချင်း ချင်း မဟာမိတ်ဖြစ်ကြသည်နှင့် အညီ သကမင်းနန်းတက် သည့်နှစ်ကို အသိအမှတ်ပြုကာ သကရာဇ - သကရဇ်

www.dhammaransi.com

(သကမင်းနန်းတက်နှစ် ) ဟု ဝေါဟာရပြုခဲ့လေသည်၊ ပုဂံပြည်ပုပ္ပါးစောရဟန်းမင်းလက်ထက် ထိုသကရာဇ်နှစ်ကို ဖြို့ခဲ့သဖြင့် ထိုဝေါဟာရ မရှိသင့်တော့သော်လည်း ခေါ်တွင်မြဲနာမည်မပျက် အဆက်ဆက် ခေါ်ဝေါ်ခဲ့သဖြင့် ယခုတိုင်တည်တံ့၍ နေပေသည်။

သက္ကရာဇ် ဝေါဟာရမှာ ဗေဒင်ကျမ်းတို့တွင် သက္ကရာဇာ (သိကြားမင်း) သည် မယအသုရာမည်သော နတ်အား ဗေဒင်ပညာကို လူတို့အားသွား၍ ပို့ချသင်ကြားချေဟု စေလွှတ်သောအချိန်အခါကို စွဲ၍ နှစ်ကိုသက္ကရာဇာနှစ်၊ ဝါ - သက္ကရာဇ်ဟူ၍ ခေါ်ဝေါ်သည်ဟု ဆိုလေသည်။

ယခုအခါ၌ကား သကရာဇ် - သက္ကရာဇ် နှစ်မျိုးစလုံးကိုပင်ရေးသားနေကြ၏၊ ယုတ္တိအသီးသီး ရှိနေကြ၍ နှစ်သက်သလို ရေးသားနိုင်ခွင့်ရှိပါသည်၊ ကျောက်စာတို့တွင်ကား သကြာဇ်ဟူ၍ဎင်း၊ သကရစ်ဟူ၍ဎင်း ရေးသားထွင်းထုထားကြပေသည်။

အိန္ဒိယတိုင်း (မဇ္ဈိမဒေသ) ၌ ဘုရင်မင်းမြတ်တို့သည် နှစ်လရက်အစဉ်ဖြင့် ကာလတို့ကို ပိုင်းခြားသတ်မှတ်ရာ ကိန်းကျဉ်းရစေခြင်းငှာ သက္ကရာဇ်တို့ကို ဖြို့သည်ဟူ၍ဆောင်းပါးကို ၁၃၂၈ ခုနှစ်ကရေးခဲ့ခြင်းဖြစ်၏။

www.dhammaransi.com

သော အထိမ်းအမှတ်တို့ကို ပြုလုပ်တတ်ကြပေသည်။

လူတိုင်းပင် အတိုကြိုက်ကြသည်၊ နေ့စဉ် မလပ်မ အား ကြိုးစားရှာဖွေနေရသဖြင့် အရှည်ကိုမသုံးအားကြ၊ အရှည်ဟူသမျှကို အတိုလုပ်ကာ ချုပ်၍ချုံး၍ သုံးစွဲကြ သည်၊ သို့နှင့်ပင် နေ့စဉ်သုံးစွဲနေရသည့် နှစ်လရက်တို့ကို တတ်နိုင်သမျှ အတိုနည်းများ ထွင်၍သုံးကြရာမှ သက္ကရာဇ် ဖြိုခြင်းများ ဖြစ်ပေါ်လာရသည်ဟုဆိုသော် ရကောင်းရာ သည်၊ အဘယ့်ကြောင့်ဆိုသော် ယခုခေါ်ဝေါ်သုံးစွဲနေ သော မြန်မာသက္ကရာဇ်၏ သမိုင်းကြောင်းကို ပြန်ပြောင်း ကြည့်ကာ အဆင့်ဆင့်ဖြို၍ အတိုနည်းဖြင့်ပြုပြင်လာကြ သည်ကို အကြိမ်များစွာတွေ့ရသောကြောင့်ပင်။

မှန်၏ . . . ယခုမြန်မာသတရင် ၁၃၂၈ ခုနှစ်သည် အဆင့်ဆင့်ဖြိုခဲ့ရာမှ ကျန်ရှိနေသော နှစ်အနည်းငယ်က လေး၏ ကြီးထွားတိုးပွားလာမှုမျှသာဖြစ်ပေသည်၊ ကမ္ဘာ့ သက္ကရာဇ်တလျှောက်၌ ဖြိုခဲ့သော အကြိမ်မည်မျှရှိနေပြီ ကို မသိနိုင်၊ ကမ္ဘာ၌ လူဟူသောသတ္တဝါအမြင့်စားတို့ယဉ်ကျေး လာသည်မှစ၍ နှစ်အမှတ်အသားသည်လည်း ပေါ်ပေါက် ၍နေမည်မှာ မလွဲပေ၊ သူရိယသိဒ္ဓန္တကျမ်းထင် ရှားသည်မှ

www.dhammaransi.com

ဤမှာဘက်၌ ဖြိုခဲ့သည်ကိုသာ ကျွန်ုပ်တို့သိရပြီး သူရိယ သိဒ္ဓန္တကျမ်းမပေါ်မီက မည်မျှဖြိုခဲ့သည်ကို အတိအကျမ သိနိုင်တော့ပေ။

ယခုခေတ်အမှတ်အသား ထင်ရှားရှိသမျှအားဖြင့် သာသနာဝင်ကျမ်းများနှင့် ဆက်စပ်နေသော ဘိုးတော် အဥ္စနမင်းကြီးသက္ကရာဇ်ဖြိုခြင်းမှ အစပြု၍ မှတ်သားနေကြရသည်၊ သို့သော် သူရိယသိဒ္ဓန္တကျမ်းအရ အာကာရဿ မင်းကြီးသည် နှစ်ပေါင်း ၁၄၉၃၈၅၆၀ (တစ်ကုဋေ လေးသန်းကိုးသိန်း သုံးသောင်းရှစ်ထောင်ငါးရာခြောက်ဆယ်) ကို တစ်ကြိမ်၊ ကုသမင်းကြီးသည် နှစ်ပေါင်း ၁၁၄၉၇၈၅ (တစ်သန်း တစ်သိန်းလေးသောင်းကိုးထောင်ခုနစ်ရာ ရှစ်ဆယ့်ငါး) နှစ်ကို တစ်ကြိမ်၊ ဤသို့နှစ်ကြိမ်ဖြို ခဲ့သေးကြောင်း သိရပေသည်။

ထိုနောက်မှသာ တစ်စတစ်စ တိုးပွားလာသော နှစ်ပေါင်း ၈၆၄၇ (ရှစ်ထောင် ခြောက်ရာ လေးဆယ့်ခုနစ်) နှစ်ကို (၂) နှစ်အကြွင်းချန်၍ ၈၆၄၅ (ရှစ်ထောင် ခြောက်ရာလေးဆယ့်ငါး) နှစ်ကို ဂေါတမမြတ်စွာဘုရား၏ ဘိုးတော် အဥ္စနမင်းကြီးက ဖြိုခဲ့လေသည်။ ဘိုးတော်အဥ္စန

www.dhammaransi.com

မင်းကြီးသည် ယုဂ်လေးခုအနက် တတိယဒွါပရယုဂ် ကုန်ဆုံး၍ စတုတ္ထကလိယုဂ်ကူးပြောင်းပြီး နှစ်ပေါင်း ၂၄၀၉ နှစ်အလွန်တွင်ဖြစ်သည်ဟု ဆိုပေသည်။ (အဥ္စနမင်းကြီးဖြိုသည့်နှစ်တို့တွင် ဒွါပရယုဂ်မှ နှစ်ပေါင်း ၆၂၃၈ - နှစ်ပါဝင်သည်ဟု ဆိုရပေမည်။)

ဘိုးတော်အဥ္စနမင်းကြီးက ၈၆၄၇ နှစ်မှ (၂) နှစ်ကြွင်းထား၍ ၈၆၄၅ ခုနှစ်ကို ဒိဗ္ဗစက္ခုအဘိညာဉ်ရ ဒေဝိလရသေ့နှင့် တိုင်ပင်ကာ ဇာဝစန္ဒကိန်း (ဇာ - ၅၊ ဝ-၄၊ စ-၆၊ ဒ-၈) ဖြိုခဲ့သည် မဇ္ဈိမစန္ဒိကိန်းဟု မဃ-ဒေဝဋ္ဌဆို၏၊ အတူတူပင်၊ ထိုအကြွင်း (၂) နှစ်မှ တိုးပွားလာသောနှစ် ၆၈-ခု ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော်ကို ဖွားမြင်သည်။ ၁၀၃ - ခု ကဆုန်လပြည့်နေ့ (ဘုရားအလောင်း ၃၅ နှစ် တင်းတင်းပြည်သောနေ့) တွင် လူတွင်ထင်ရှားဘုရားအဖြစ်သို့ ရောက်ကာ ၁၄၈ - ခုနှစ် သက်တော် (၈၀) ပြည့်သောအခါတွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။

ထို ၁၄၈ ခုနှစ်တွင် ပထမသံဂါယနာ တင်တော်မူပြီးလျှင် အဇာတသတ်မင်းကြီးက သာသနာနှစ်အဖြစ်တည်ရစ်စေရန် ထို ၁၄၈ ခုနှစ်ကို ဖြို၍ ဗုဒ္ဓဘာသာ (၁)နှစ်

www.dhammaransi.com

စတင်သတ်မှတ်ခဲ့လေသည်၊ (အဇာတသတ်မင်း သက္ကရာဇ် ဖြိုခြင်းကား ကိန်းကျ၍ ဖြိုရသည်မဟုတ်၊ သာသနာနှစ်ပြု လုပ်ရန် အရှင်မဟာ ကဿပရဟန္တာမြတ်နှင့်တိုင် ပင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပေသည်)

ယင်းသာသနာနှစ် ၆၂၄ ခုနှစ်သို့ရောက်သောအခါ မြန်မာနိုင်ငံသရေခေတ္တရာပြည့်ရှင် (မဟာသမ္ဘဝမင်းမှ ရေတွက်လျှင် ၂၅ ယောက်မြောက်) ဘုရင်သုမုန္ဒရီမင်း လက်ထက်တွင် ရှေးဆရာပညာရှိ ရသေ့ကြီးများ၏ နည်းအရ ဒေါဒေါရသ (ဒေါ - ၂၊ ဒေါ - ၂၊ ရသ - ၆)ကိန်းဖြင့် ၆၂၂ ကိုဖြို၍ (၂) နှစ်ကြွင်းထားကာ (အိန္ဒိယရှိ ရာဇမဟာမိတ် သကမင်း၏ နန်းတက်နှစ်ကို အစွဲပြု၍) သက္ကရာဇ်နှစ်ဟု သမုတ်ထားခဲ့လေသည်၊ (ထိုမင်းမတိုင်မီ သရေခေတ္တရာ မင်းဆက် သီရိရာဇ်မင်းလက်ထက် သာသနာနှစ် ၄၃၃ - ခုနှစ်တွင် ဖြိုခဲ့သေးသည်၊ ကိန်းမကျ၍ မပြိုဟု ဆိုလေ သည်။)

ထိုသုမုန္ဒရီ၏သရေခေတ္တရာသက္ကရာဇ် ၅၆၂ - ခုသို့ ရောက်ပြန်လတ်သော် ပုဂံပြည်ပုပ္ပါး စောရဟန်းမင်းလက် ထက်တွင် ခန်းဆပဥ္စ (ခန်း - ဝ၊ ဆ-၆၊ ပဥ္စ - ၅) ၅၆ဝ

www.dhammaransi.com

ကို ဖြိုပြန်ပြီး (၂) ခုကြွင်းထားကာ ယနေ့ထိ ခေါ်ဝေါ်သုံး စွဲနေသော မြန်မာသက္ကရာဇ်ကို တည်ထားခဲ့လေသည်။

သာသနာနှစ် စတင်တည်ထားခဲ့သော အဇာတ သတ်မင်းနောက်မှ ဖြိုခဲ့သည့် သုမုန္ဒရီဖြို ၆၂၂ - နှင့် ပုပ္ပါး စောရဟန်းဖြို ၅၆၀ - ကို ပေါင်း၍ရသော ၁၁၈၂ - ကို လက်ရှိမြန်မာ့ဝေါဟာ ဂေါစာနှစ်နှင့် ပေါင်းသော် ရောက် ဆဲသာသနာနှစ်ကိုသိနိုင်၏။ ( ပုံစံ ၁၁၈၂ + ၁၃၂၈ = ၂၅၁၀၊ ယခုသာသနာနှစ် ၂၅၁၀ - နှစ်ကိုသိရ၏)။

အင်းဝပြည် မိုးညှင်းမင်းတရားကြီးသည် သက္ကရာဇ် ၈၀၀ - ပြည့်နှစ်သို့ရောက်သောအခါ သက္ကရာဇ်ဖြိုကိန်းကျ သည်ဆိုကာ (၂) ခု ကြွင်းထား၍ ဗသျှူဆိဒြမုနိ (ဗသျှူ - ၈၊ ဆိဒြ-၉၊ မုနိ - ၇ ) ၇၉၈ - ခုကို ဖြိုလေသည်။ သို့ သော် မပြိုပေ၊ မပြိုသည်မှာ ကိန်းမမှန်သောကြောင့် ဟူ၍ ၎င်း၊ တစ်တိုင်း တစ်နိုင်ငံလုံးကိုချုပ်၍ အုပ်စိုးနိုင်သော မင်းမ ဟုတ်သောကြောင့်ဟူ၍၎င်း နှောင်းလူတို့ ပြောဆိုရေးသား ကြ၏။

ထိုအကြောင်းနှင့်ပတ်သက်၍ သက္ကရာဇ် ၉၆၇ - ခုနှစ်တွင် အင်းဝရွှေနန်းတော် သိမ်းမြန်းအုပ်စိုးတော်မူ

www.dhammaransi.com

သည့် အနောက်ဖက်လွန်ဟူ၍ ရာဇဝင်ထင်ရှားခဲ့သော မဟာဓမ္မရာဇာမင်းတရားကြီးက ၉၇၀ - ပြည့်နှစ် နယုန်လဆန်း (၅) ရက်နေ့ ဟံသာဝတီရွှေနန်း၌ စံတော်မူစဉ်တွင် အရိယာလင်္ကာရ ဆရာတော်ကို မေးတော်မူဘူးလေသည်။

ထိုအမေးအရ အရိယာလင်္ကာရ ဆရာတော်၏ အဖြေတွင် မိုးညှင်းမင်းတရားကြီးသည် သတ္တရာဇ်ဖြိုကိန်း မကျပဲဖြိုမှားချေသောကြောင့် သတ္တရာဇ်သချိုကိုဖျက်သည့်အပြစ်၊ ဘုရားရှင်၏ သာသနာတော်ကို ဖျက်သည့်အပြစ်များကို ကျူးလွန်သည်မည်ချေသည်၊ သို့ဖြစ်၍ နောက်တစ်နှစ်တွင် နတ်ရွာစံသည်ဟုပါရှိလေသည်။

ထို့ပြင် အထူးအားဖြင့် သတ္တရာဇ်ဖြိုကိန်း (၂) ကြိမ်ကျန်ရှိနေသေးရာ ပထမတစ်ကြိမ်မှာ သာသနာနှစ် ၂၅၁၂- နှစ်၊ မြန်မာ့ဝေါဟာဂေါစာနှစ် ၁၃၃၀- ပြည့်နှစ်တွင် ကျရောက်သည်၊ ကိန်းကား အာလမ္ဗိက (အာ - ၀၊ လ- ၃၊ ဗိ- ၃၊ က- ၁) ၁၃၃၀- ကိန်းဖြစ်သည်ဟု ဆိုလေသည်၊ ယခု ၁၃၂၈ - ခုနှစ်ဖြစ်၍ (၂) နှစ်သာလိုတော့သည်။

ဒုတိယတစ်ကြိမ်ကား သာသနာနှစ် ၅၀၀၀ - ကုန်ပြီး

www.dhammaransi.com

နောက် နှစ်ပေါင်း ၁၄၉၃၈၅၆၀ (အနှစ်တစ်ကုဋေကျော်) မှ ကျရောက်တော့မည်၊ ကိန်းကား နာတိမဥ္စလဒ္ဓဝယ (နာ -၀၊ တိ- ၆၊မ-၅၊ဇ-၈၊ လ-၃၊ဓ-၉၊ ဝ-၄၊ ယ-၁) ဖြစ်သည်ဟု ဖြေဆိုထားလေသည်။

မဟာဓမ္မရာဇာမင်းအမေးနှင့် အရိယာလင်္ကာရဆရာတော်အဖြေကို ပုံမနှိပ်ရသေးသော မုံရွာဆရာတော်မှတ်တမ်းပေမူ (၁၀ - ကြောင်းပေ၊ ဂငယ်ချပ်၊ ကျောဖက်) ၌ ဖတ်ရှုရပေသည်၊ အမေးနှင့်အဖြေမူရင်းမှာ ဤသို့ဖြစ်ပေ၏။

ရေမြေရှင်လျှောက်သည်ဆရာတော်၊ ဂေါစာ သက္ကရာဇ်ကို ဘေးတော်မိုးညှင်းမင်းတရားဖြိုသော အခါဖြိုကိန်းမသင့်သည်ကို ဖြိုမှားမိချေ၍ ကိုယ်တော် အကျိုးပင် ယိုယွင်းသော အရာတို့ကို ရေးမှတ်ထား သည့်စာများကို မှူးမတ်တို့ကသွင်းသည်၊ သက္ကရာဇ် ဖြိုကိန်းကား အဘယ်ကိန်းသင့်မှ ဖြိုရသည်၊သက္ကရာဇ် ကိုဖြိုသောရေမြေရှင်တို့မှာ အဘယ်သို့ အကျိုးခံရ မည်၊ မဖြိုပဲနေ၍ သုံးဆောင်သော် အပြစ်မည်သို့ ရှိမည်ကို သိသာအောင်စာသွင်းတော်မူပါဆရာ

www.dhammaransi.com

တော်။ မှာလိုက်သည်ကား၊ ဏာဝစန္ဒဟူသောကိန်းကို ငါတို့ဂေါတမမြတ်စွာဘုရားဘိုးတော် ဒေဝဒဟပြည်ကို အစိုးရသော မဟာအဥ္စနမင်းကြီးသည် ၈၆၄၇-ခုကို ဏာဝစန္ဒဟူသော ကိန်းဖြင့် ၈၆၄၅ -ခု ဂဏန်းချေ၍ ကလိယုဂ်သက္ကရာဇ်ကို ၂ - ခုထား၍ သုံးဆောင်သည်၊ ထိုကလိယုဂ်သက္ကရာဇ်တို့တွင် အဓိမာသ်သချာ ၁၇၅၊သကိန်း ၂၅၊အဝမာန် ၅၉၈၊ ဟရဂုဏ် ၇၄၂၊ကြမ္မတ် ၄၂၇၊ဥစ္စဗိုလ်ရတုလလွန် ၁၊ ရက်လွန် ၃-ကို သုံးဆောင်သည်၊ အာလမ္ဗိက ကိန်းသင့်မည်ကား ဂေါစာသက္ကရာဇ် ၁၃၃၀၊ ဂေါတမမြတ်စွာဘုရား သာသနာတော် ၂၅၁၂ - ခုမြောက်မှဖြိုကိန်းကျချေသည်၊နာတိမဥ္စ လဒ္ဓိဝယကိန်းကားသာသနာတော် ၅၀၀၀ကုန်၍ သချာသက္ကရာဇ် ၁၄၉၃၈၅၆၀ - ရောက်မှအစိုးရသောမင်းတို့ဖြိုအံ့သည် ၊မိုးညှင်းမင်းတရားမှာ ကိန်းမကျပဲ ဖြိုချေသောကြောင့် ဂေါစာသက္ကရာဇ်သချာကို ဖျက်သည့်အပြစ်၊ ဘုရားရှင်သာသနာကိုဖျက်သည် မည်သောကြောင့် မိုးညှင်းမင်းတရားစည်းစိမ်သည် ဂေါစာ


www.dhammaransi.com

သကြာရဇ် ၈၀၁ - ခုတွင်စံချိန် ရောက်သော ဂဲကို မှီ၍ ဘုန်းတော်စဲသည်သာယူရမည်၊ ဘုရားရှင် ဟောတော်မူသော အရာကား ကုသလာဓမ္မာ အကုသလာဓမ္မာ - ရှိလေပြီးသည်၊ တကြောင်းလည်း ကမ္မဗန္ဓူ ဒါယာဒါ - ရှိလေပြီးသည်၊ထိုဂဲသည် တိုက်တွန်းသောအခါ ထိုအမှုကို ပြုမိချေသည် များကိုထောက်၍ သုံးပုံသော ဗေဒင်အဋ္ဌကထာ ဋီကာအရ ကောက်များကို သိတော်မူအပ်သည် တရားမင်းမြတ်။ ၊ သက္ကရာဇ် ၉၇၀ - နယုန်လ ဆန်း (၅) ရက်နေ့ သာလှပင်စည်စား သင်ပေါင် ကန်းစားတို့ကို စေတော်မူ၍ ဟံသာဝတီရွှေနန်းမှာ စံတော်မူစဉ် အရိယာလင်္ကာရ ဆရာတော်က သွင်း သည့်မေတ္တာစာ။

ယင်းသည်ကို ထောက်၍ အနှစ် ၃၀၀-ကျော် က ကြိုတင်ဟောဆိုထားခဲ့သည့် ရောက်လာမည့် နှစ်နှစ်တွင် ကျရောက်နေသည့်ကိန်းအရ သက္ကရာဇ် ဖြို့ခြင်း၊မဖြို့ခြင်းတို့၌ မည်ကဲ့သို့ဖြစ်သင့်သည်ကိုစဉ်း စားထားသင့်ကြပေပြီ၊ ကျွန်ုပ်တို့အဖို့ကား ထိုကိစ္စ

တို့အတွက်ဗေဒင်ပညာရှင်များအားသာ တာဝန်ပေး
လိုကြောင်းရေးသားတင်ပြလိုက်ပါသတည်း။

* * *



25.1.03.

www.dhammaransi.com

# ကျွန်

မိမိကိုယ်ကို ကျွန်တော် - ကျွန်မဟုနေ့စဉ်သုံးစွဲပြော ဆိုနေကြသည်ကို စဉ်းစားကြည့်လျှင် မြန်မာလူမျိုးတို့အဖို့ အမြဲနှိမ်ချမှုနိဝါတတရားကို မည်မျှအလေးထားကြောင်း သိနိုင်၏၊ ထို့အတူ မိမိကို တစ်စုံတစ်ဦးကခေါ်လျှင် "ခင်ဗျား" ဟု အမျိုးသားများက ထူးပြီး "ရှင်" ဟု အမျိုးသမီးများက ထူး၏၊ အထက်မိမိကိုယ်ကို ကျွန်တော် - ကျွန်မဟု ရည် ညွှန်းသုံးစွဲချက်နှင့် မထူးခြားပါချေ၊ ခင်ဗျားမှာ သခင်ဘုရား ဟု ပြန်လည်အသံတုံ့ပြုခြင်းဖြစ်၍ ရှင်မှာ အရှင်သခင်ဟု ပြန်လည်အသံတုံ့ပြုခြင်းပင်ဖြစ်၏။

ရွယ်တူချင်း မင်း - ငါ ဟုဆိုရာ၌ပင် တစ်ဖက်သား အား မင်းစိုးရာဇာမှ မင်းကိုအသုံးပြုထားပြီး မိမိကိုယ်ကို မူ မုဆိုးတံငါမှငါကို အသုံးပြုထားသဖြင့် မြန်မာတို့သည် အမှယောဂ (မိမိနှင့် စပ်သောစကား) တို့၌ နိမ့်ကျသော ဝေါဟာရတို့ကို သုံး စွဲထားပြီး၊ တုမှယောဂ (သင်၊ဝါ - တစ်ဖက်သူနှင့် စပ်သောစကား) တို့တွင် ကြီးမြင့်သော

ဝေါဟာရတို့ကို သုံးစွဲထားသည်ကို သတိပြုသင့်သည်။

ဤစကားတို့နှင့်စပ်၍ မြန်မာစကား၏ခေတ်ဦး (မြန်မာစကားဖြစ်ထွန်းစ၊ ပေါ်ဦးစ အခါဟုပင် လွယ်လွယ်ဆိုကြပါစို့) ကိုမြော်ခေါ်ကြည့်ကြရလျှင် အလွန်စိတ်ဝင်စားစရာကောင်းပေမည်၊ ထိုအခါကာလကို ပုဂံခေတ်ဟုအကြမ်းအားဖြင့် ခန့်မှန်းထားသင့်၏၊ ပုဂံခေတ်၏အထက်ကိုမြော်မှန်းလျှင် မြန်မာတို့၏လူမျိုးလမ်းကြောင်းမှာ ပျူ ကမ်းယံ၊ သက်၊ ကဒူး၊ မွန်ရှမ်းတို့၏ကြားတွင် မှုန်ဝါးဝါးသာထင်ပေသည်၊ ထို့ကြောင့် မြန်မာဟူ၍ တစ်လမ်းကြောင်းတည်း ဖုံ့ဖုံ့ထင်လာနေပြီ ဖြစ်သောပုဂံခေတ်ကို ခန့်မှန်းထားရခြင်းဖြစ်သည်။

မိမိကိုယ်ကို ကျွန်၊ တပါးသူကို အရှင်သခင် ဘုရားဟု ထိုအချိန်က တီထွင်ခဲ့ကြသည့်မှာ အလွန်အဓိပ္ပါယ်ရှိပေသည်၊ တစ်စုံတစ်ဦးက၊ သို့မဟုတ် မိဘကစေခိုင်းရန်ခေါ်သော်၎င်း၊ ပြောဆိုဆုံးမရန်သော်၎င်း ခေါ်လိုက်လျှင် သခင်ဘုရား (ခင်ဗျား) အရှင် (ရှင်) ဟု အသံတုံ့ပြုလုပ်ရသည်နှင့်ပင် "စေခိုင်းသည်ကို လုပ်ပေးတော့မည်၊ ပြောဆိုသည်ကို နားထောင်တော့မည်" ဟု ရှေးရှုညွှတ်ပြီးသားဖြစ်နေ

www.dhammaransi.com

ရမည်ကို ရည်ရွယ်ထားသည်ဟူ၍ ဆိုနိုင်၏၊ လုပ်ပါတော့မည်၊ နားထောင်ပါတော့မည်ဟု ကတိမပြုမီ ထူးခြင်း၊ စကားတုံ့ပြန်အသံပေးခြင်းကပင် အရှင်နှင့် ကျွန်တို့၏အနေအထားသို့ ပို့ဆောင်ပေးထားသဖြင့် လုပ်ရန်၊ နားထောင်လိုက်နာရန် ငြင်းပယ်စရာမရှိအောင် မြော်မြင်ခဲ့သည်ဟု ဆိုသင့်လေသည်။

"ဟုတ်ကဲ့" ဟု ဝန်ခံကတိပြုရာ၌ကား ဆိုဖွယ်မရှိတော့ ဟုတ်ကဲ့ဟူသည် ဟုတ်ကယ်ပင်ဖြစ်၏၊ မှန်ကန်ခြင်းကို ဆိုလို၍ ကယ်ဟူသည်မှာ မိုမောက်ပြည့်လျှမ်းနေခြင်းကို ဆိုလိုပေရာ အရှင်ဆိုသောစကားသည် ပြည့်ပြည့်ဝဝကြီး မှန်ကန်လှပါသည်၊ အရှင်စေခိုင်းသောအမှုကို ပြည့်ပြည့်ဝဝ တင်းပြည့်ကျပ်ပြည့်ပြုလုပ်ပါမည်ဟု အဓိပ္ပါယ်ရ၏၊ ဟုတ်ကဲ့တစ်လုံးကပင် မည်မျှတာသွားလေသနည်း။

ထို့ကြောင့် မြန်မာစကား၏ ခေတ်ဦးချိန်ခါက ပညာရှင်တို့သည် ဗုဒ္ဓဘာသာ၏ နိဝါတထုံးစံအတိုင်း မိမိကိုယ်ကို အထူးနှိမ်ချထားသော ဝေါဟာရများဖြင့် တီထွင်ခဲ့ကြသည်ဟု တွေးယူနိုင်ပေသည်၊ ထိုအတွေးနှင့်ဆက်၍ ကျွန်ဟူသောစကားလုံးနှင့် ထိုခေတ်တွင်ထင်ရှားသော ဘုရားကျွန်၊

www.dhammaransi.com

ကျောင်းကျွန်ဟူသောစကားလုံးတို့ကို တဆင့်တက်၍ စိတ်ဝင်စားသင့်ပေသေး၏၊ ဤ၌ ဓနက္ကီတကျွန်စသော စာလာပေလာကျွန်အကြောင်းတို့ကို သုံးသပ်ရန်မလိုအပ်လှပါ။

ယခုခေတ်တွင် ဘုရားကျွန်ဟုဆိုလျှင် လူရာမသွင်းချင် တန်းတူသဘော မထားချင်သော စိတ်ထားမျိုးရှိနေကြ၏။ သို့သော် ယခုအခါဖတ်ရှုလေ့လာနိုင်သော ပုဂံကျောက်စာများအရ ဘုရားကျွန် - ကျောင်းကျွန်ဆိုသည်တို့ကား ထိုကဲ့သို့ဟုတ်ဟန်မတူပေ။

ပုဂံခေတ်က အရှင်သခင်ဟူသော လူတန်းစားနှင့် ကျွန်ဟူသော လူတန်းစား နှစ်ရပ်ရှိကြ၏ဟု အကြမ်းအားဖြင့် ခွဲခြားကြည့်ကြပါစို့၊ အရှင်သခင် လူတန်းစားတွင် ဘုရင်၊ မိဖုရားနှင့် မင်းဆွေစိုးမျိုးများ၊ အမတ်ကြီး၊ သူဌေးသူကြွယ်ကြီးများပါဝင်၍ ကျွန်လူတန်းစားတွင်မူ အလုပ်သမားဆင်းရဲသားများပါဝင်ပေမည်၊ သို့သော် ဤနှစ်စားတွင် ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူ တောင်သူလယ်သမားတို့ကား ပါဝင်ကောင်းမှပါဝင်ပေမည်၊ ရံဖန်ရံခါ ပါဝင်သေးလျှင်ကား အရှင်သခင်အတန်းအစား၌ ပါဝင်ကောင်းပါ

www.dhammaransi.com

ဝင်မည်၊ ရှိပါစေ။

ထိုနှစ်မျိုးနှစ်စားတွင် အရှင်တို့သည် မိမိတို့ ပိုင်ရာဆိုင်ရာ ကျွန်အမှုလုပ်တို့အပေါ်၌ ဘဝတစ်ခုလုံးကိုပင် ပိုင်ဆိုင်ခွင့်ရှိကြသည်၊ အဘယ့်ကြောင့်ဆိုသော် ပုဂံကျောက်စာတို့၌ ကျွန်များကိုရောင်းစားခြင်းများ၊ သူကျွန်ငါ့ကျွန်လုယက်ငြင်းခုံ၍ တရားတပေါင်ဖြစ်ရမှုများ၊သားသမီးများကိုအမွေအဖြစ်ကျွန်ပေးခြင်းများ၊ ကြွေးဖြင့် ခုနှိမ်၍ ကျွန်ပေးခြင်းများကိုတွေ့ရသောကြောင့်ပင်၊ ထိုမျှမက ကျွန်တစ်ယောက်ကို ငွေကျပ် ၃ဝ၊ သို့မဟုတ် ကြေးပိဿာချိန် (၂၀)၊ သို့မဟုတ်စပါးတင်း (၂၀)တို့နှင့် လဲလှယ် ယူခြင်းများ၊ ကျွန် (၅၀) နှင့် ဆင်တစ်ကောင်လဲလှယ်ခြင်းများ၊ မြင်းတစ်ကောင်ကို ကျွန်(၃၀)ပေး၍ဝယ်ခြင်း၊ လှေတစ်စင်းကျွန်တစ်ယောက် ကွမ်းသီး (၁၀) ပင်ကို ကျွန်တစ်ယောက်ဖြင့်ဝယ်ခြင်းစသည်တို့ဖြင့် အရှင်သခင်တို့သည် ကျွန်တို့အပေါ်၌ မည်မျှစိုးမိုးနိုင်ခဲ့သည်တို့ကို သိသာရပေသည်။

သို့ဆိုသော် ထိုပုဂံကျွန်တို့၏ဘဝသည် မည်မျှဗလောင်းဗလဲဖြစ်နေမည်ကို စဉ်းစားနိုင်လောက်၏၊ ဤမည်သောရွာက သခင်ကြီးဦးဖြူသည် ထိုမည်သောရွာက အရှင်

www.dhammaransi.com

ကြီးဦးမဲထံ ကျွန်ဤရွှေ ဤမျှပေး၍ တစ်ခုခုကို ဝယ်လျှင် အဆိုပါဦးဖြူ၏ ကျွန်တို့သည် မိဝေးဖဝေးဆွေဝေး မျိုးဝေး တစ်ရပ်တစ်ကျေး ဦးမဲအိမ်သို့ အဆောတလျင်ပြောင်းရွှေ့၍ ကျွန်ခံရပေတော့မည်၊ သားမယားရှိသူများ (လဲလှယ်ရာတွင် သားမယားများမပါပါက) သားမယားတို့ကို ခွဲ၍ လိုက်ပါရချိမ့်မည်၊ လူဖြစ်သော ကျွန်တစ်ယောက်သည် တိရစ္ဆာန်ဆင်မြင်းလောက်မျှ တန်ဖိုးမရှိဖြစ်ရသည်ကိုလည်း စဉ်းစားမိတိုင်း အသဲနာဖွယ်ကောင်းလှ၏။ ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကျွန်ဖြစ်နေရသူသည် နေရေးထိုင်ရေးတည်ငြိမ်မှုမရှိ လူမှုရေးရာ၌ မြော်မှန်း၍မရ၊ အိမ်ထောင်ရေး၌လည်း ရေရာချင်မှရေရာမည်ဟု မြော်ခေါ်မိပေသည်။

ထိုအရှင်သခင် ဖြစ်သူသည် ဘုရားတစ်ဆူတည်ဆောက်ပြီဟု ဆိုကြပါစို့၊ ထိုအခါ၌ ဘုရားပျက်လျှင်ပြင်ရန် ဘုရား၌ ပန်းဆီမီးအမြဲကပ်လှူရန်၊ မြက်အမှိုက်ရှင်းလင်းသုတ်သင်ရန်၊ ကျောင်းဆောက်လျှင် ကျောင်းပြုပြင်ရန်၊ သံဃာများ၌ ဆွမ်းကွမ်းဝတ်ပြုရန်စသည်တို့အတွက် ကျွန်များလှူဒါန်းတော့သည်၊ ထိုအခါ ကျွန်တို့သည် လူပုဂ္ဂိုလ်၏

www.dhammaransi.com

ကျွန်အဖြစ်မှ လွတ်မြောက်၍ ဘုရားကျွန် ကျောင်းကျွန် များဖြစ်သွားရတော့၏၊ လူပုဂ္ဂိုလ်၏ ကျွန်အဖြစ်မှ လွတ်မြောက်၍ ဘုရားပုထိုးကျောင်းကန်သံဃာတို့၏ ကျွန်ဟု စာရင်းပြောင်းခံလိုက်ရသည်နှင့် တပြိုင်နက် ထို ကျွန်ဆိုသူတို့အဖို့ ဘဝရပ်တည်မှုရသွားပြီဟုဆိုရတော့မည်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သဘောအရ အမျိုးမျိုးအထွေထွေ ခိုင်းစေသမျှ လုပ်ကိုင်ပေးနေရခြင်း၊ ငွေကြေးပမာရောင်းဝယ်ရာ လိုက်ပါနေရခြင်းစသောနေရေး ထိုင်ရေး မရေရာသောဘဝမှ ဘုရား၏ဝေယျာဝစ္စ၊ ကျောင်းသံဃာ၏ ဝေယျာဝစ္စမျှကိုသာ အေးငြိမ်းချမ်းသာစွာ လုပ်ကိုင်ဆောင်ရွက်နေရသောဘဝသို့ ကူးပြောင်းသွားတော့သဖြင့် ဘဝအဆင့်အတန်းမြင့်တက်သွားပြီဟု ဆိုနိုင်၏။ "ကုသိုလ်လည်းရဝမ်းလည်းဝ" ဆိုဘိသကဲ့သို့ ဘဝတည်ငြိမ်မှုရရဖြင့်လုပ်ကိုင်စားသောက်နိုင်ကာ ဗုဒ္ဓဘာသာဝင်ပီပီ ဘုရားကျောင်းကန်၏ ဝေယျာဝစ္စတို့ဖြင့်သာ ရာသက်ပန်နေထိုင်သွားရမည်ဖြစ်ရာ အဘယ်မှာလျှင် အဆင့်အတန်းမမြင့်ပဲ ရှိပါအံ့နည်း။

ထို့ပြင် ဘုရားကျွန်ဖြစ်ရသည်ဟူသည်မှာလည်း ထို

ခေတ်က တစ်ဦးတည်းတစ်ယောက်တည်း ထူးထူးခြားခြား ဖြစ်၍ သီးခြားနေထိုင်ရသည်မဟုတ်၊ မင်း၏ဘုရားဆိုက ရွာတစ်ရွာနှစ်ရွာမက သုံးလေးငါးရွာပင် ရွာလိုက်အကွက် လိုက် လုပ်ငန်းဆောင်တာလယ်ပယ်များပါ လှူဒါန်းလေ့ ရှိရာ ရွာ၏ အကြီးအမှူး ကလန်သံပျင် (ယခုရွာသူကြီး ကဲ့သို့ အကြီးအမှူးအုပ်ချုပ်သူ) များပါ ဘုရားကျွန်ဖြစ်ရ ပေတော့၏၊ သို့နှင့် ရပ်လုံး ရွာလုံး နယ်ပယ်လုံးပင် တစ်စုံ တစ်ဦး၏ မရေရာသော အစေအပါးဘဝမှသည် ဘုရားဝေ ယျာဝစ္စပြုရုံမျှ ရေရာအေးချမ်းသောဘဝသို့ ရောက်သွားရ သည်၊ ထို့ကြောင့် ဘုရားကျွန်ကျောင်းကျွန်အဖြစ် အလှူဒါန်း ခံရခြင်းမှာ ဂုဏ်ယုတ်ဖွယ်မဟုတ်၊ ဂုဏ်တက်ဖွယ်ရာတစ်ရပ်ပင် ဖြစ်သေးသည်ဟူ မှန်းဆနိုင်ပေသည်။

ထို့ကြောင့်မဟုတ်လော . . .၊ အချို့ပစ္စည်းရှင်တို့ သည် ဘုရားတည်ကျောင်းဆောက်ရာ၌ မိမိကိုယ်ကိုပင် ကျွန်အဖြစ်လှူဒါန်းကြောင်း ကျောက်စာထိုးခဲ့ပေသည်၊ အမတ်ကြီးတစ်ဦးကား မိမိသာမက မယားရောသားပါ ကျွန် အဖြစ်လှူခဲ့သည်ကို တွေ့ရ၏၊ သို့ဆိုသော် ပုဂံခေတ်ဘုရား ကျွန်တို့သည် အဘယ်မှာ အောက်တန်းကျချေမည်နည်း။

www.dhammaransi.com

ဘုရားကျွန်ဖြစ်လျှင် ဘဝဆုံးသည်ဟု မယူဆပဲ ဘုရားကျွန်ဖြစ်လျှင် နောက်ထပ်လူတစ်စုံတစ်ဦး၏ ကျွန်ဖြစ်ရန်အလားအလာကင်းသွားသဖြင့် ကိုယ့်ဘဝအတွက် အကွယ်အ ကာပင်ဖြစ်သေးသည်ဟု ယူဆနိုင်၏၊ထို့ကြောင့်ပင် အချို့က မိမိကိုသားစဉ်မြေးဆက် မည်သည့်ဘုရား၏ ကျွန်ဖြစ်ကြောင်း ကျောက်စာထိုးခဲ့ကြဟန်တူပေသည်။

ဘုရားကျွန်သည် ဘဝမဆုံးရုံသာမက မင်းဆွေ စိုးမျိုးတို့၏ အမျိုးဆက်ပင်ခံရကြောင်း မနူဟာမင်းအဆက်အနွယ်များကကို သက်သေခံပေသည်၊ မနူဟာမင်းဟူသည် သထုံပြည်ဘုရင် ဖြစ်၏၊ သထုံပြည်အလုံးကို အနော်ရထာမင်းသိမ်းယူခဲ့ပြီး မနူဟာမင်းကို ပုဂံပြည်သို့ခေါ်ဆောင်လာခဲ့သည်၊ နောင်တွင် ရွှေစည်းခုံဘုရား၌ ဘုရားကျွန်အဖြစ်လှူဒါန်းလိုက်၏ သို့သော် မနူဟာမင်း၏သားတော် သုဓမ္မရာဇ်၊ ယင်း၏သားတော် အသဝတ်ဓမ္မာ၊ ယင်း၏သားတော် နာဂသမာန်း (မနူဟာမင်း၏မြစ်) နှင့် အနော်ရထာ၏ သားတော်စောလူး၊ စောလူး၏သားစောယွန်း၊ စောယွန်း၏သား အလောင်းစည်သူမင်းကြီး၊ ထိုမင်းကြီး၏ သို့ တော် ရွှေအိမ်စည် (အနော်ရထာ၏မြစ်) တို့ကို နောင်တွင်

အလောင်းစည်သူမင်းကြီးကိုယ်တိုင် လက်ထပ်ပေးခဲ့ပေသည်။

ဤကိုထောက်ဆ၍ ဘုရားကျွန်ဟူသည် လူရာမဝင် သူရာမဝင် ယုတ်ညံ့ညံ့ဖြစ်ရသည်မဟုတ်၊ ဘဝလည်းဆုံးမသွားသည့်ပြင် ရိုးရိုးလူပုဂ္ဂိုလ်တို့၏ ကျွန်ထက် အဆင့်အတန်းမြင့်မားပြီး မင်းစိုးရာဇာတို့ကပင် အိမ်ထောင်ရေး ဆက်ဆံနိုင်သည် အထိ အတန်းမြင့်ကြောင်း သိသာရပေသည်။

အထက်ပါတို့ကား ကျွန်တော် - ကျွန်မမှုဆက်၍ ကျွန်တို့အကြောင်း ပုဂံကျောက်စာ အထွေထွေမှ လေ့လာရရှိချက်တို့ကို အတ္တနောမတိစွက်ကာ ရေးသားတင်ဆက်ခြင်းဖြစ်ပါသတည်း။

* * *

www.dhammaransi.com

# သေလေးပါး ရှင်လေးပါးနှင့် ရှင်ဥပဂုတ်

(၁) ဝေဘာရတောင်၊ အလယ်ခေါင်၊ ထွန်းပြောင် ကဿပထေရ်နေရာ။
(၂) သုဘာသာရ၊ နေတုံထ၊ ဥတ္တမတောင်၌သာ။
(၃) မကုလတောင်၊ ထွဋ်မြတ်ခေါင်၊ ထွန်းပြောင် ရှင်ခေမာ။
(၄) ဝေဒိယက၊ ထောင်ထိပ်မှ၊ နေထ ခုတိုင်သာ။ ဓမ္မယသ၊ အမည်ရ၊ တွင်ထ ရဟန္တာ။

* သေလေးပါးလျှင်၊ ဤသည်ပင်၊ ဝမ်းတွင်စွဲမှတ် ပါ။

(၁) ရှင်ဥပဂုတ်၊ တန်ခိုးချုပ်၊ သမုဒ်တောင်မျက်နှာ။
(၂) ရှင်မေရသ၊ ပစ္ဆိမ၊ နေထ နောက်မျက်နှာ။
(၃) ခေမာဝတ္ထု၊ နေတုံထ၊ ဒေသမြောက်မျက်နှာ။
(၄) ဓမ္မသာရ ထေရ်မြတ်လှ။ နေထ ရှေ့မျက်နှာ။

* ရှင်လေးပါးတွင်၊ ဤသည်ပင်၊ ဝမ်းတွင်စွဲမှတ် ပါ။

* မေတ္တာ ရှင်ဝယ်၊ ငံ့လင့်ရွယ်၊ အံ့ဘွယ်ခုတိုင် ကြာ။

မြန်မာသက္ကရာဇ် ၁၁၉၁- ခုနှစ်က မုံတိုင်ပင်ဆရာတော်သည် "သုံးပုံအိတ်ဆောင်" ဟူသော ကျမ်းတစ်ကျမ်းရေးသားခဲ့သည်၊ ယင်းကျမ်းမှာ ပိဋကတော်မှလာသော မှတ်သားစရာ အချက်များနှင့် အခြားအတိုအထွာ ဗဟုသုတမှတ်စရာတို့ကို သံပေါက်ကဗျာကလေးများဖြင့် စီကုံးထားခြင်းဖြစ်၏၊ ယင်းကျမ်းတွင် အထက်ပါအတိုင်း "သေလေးပါး ရှင်လေးပါး" တို့ကို ကဗျာစီ၍ ရေးသားခဲ့လေသည်၊ သို့သော် မုံတိုင်ပင်ဆရာတော်သည် သူ၏အတွေ့အသိအကြောင်းအရာကို မှတ်သားစရာအဖြစ်ဖြင့် သာရေးသားထားခဲ့သည်၊ ကိုယ်တော်တိုင်လည်း ထိုအကြောင်းကိုဟုတ်မှန်ပါသည်ဟု စွဲမြဲယုံကြည်တော်မမူခဲ့ပေ၊ထိုကြောင့်ပင် ယင်း သေလေးပါး ရှင်လေးပါးသံပေါက်ကဗျာတို့၏အဆုံးတွင် "ကျမ်းကြီးကျမ်းမ တို့၌မတွေ့စဘူး၊ စာငယ်တို့မှာတွေ့၍ မှတ်ဖွယ်ဆောင်ပုဒ် ထုတ်လိုက်သည်" ဟုအမှာရေးသားခဲ့လေသည်။

ဗုဒ္ဓစာပေနယ်ပယ်တွင် အစဉ် လိုက်နာခဲ့သော ထုံးတမ်းစဉ်လာတစ်ခုရှိသည်၊ ပါဠိအဋ္ဌကထာဋီကာ၊ အနုမဓုယောဇနာနှင့် ဂဏ္ဌိရဟူ၍အစဉ်အတိုင်းရှိရာ ပါဠိတော်မှာ

www.dhammaransi.com

အခိုင်ခံ့ဆုံးဖြစ်၏၊ ပါဠိတော်၌ပါရှိသော အကြောင်းအရာ ဆိုလျှင် အမှန်အကန်ဆုံးဖြစ်၍ တစ်ထစ်ကျမှတ်သားနိုင်သည်၊ ပါဠိတော်မှလွဲလျှင် အဋ္ဌကထာသည် အခိုင်ခံ့ဆုံးဖြစ်၏၊ ထို့နောက်မှ ဋီကာအနုဋီကာစသည် အစဉ်အတိုင်း ခိုင်ခံ့မှုလျော့နည်းသွားရာ ယင်းတို့၌ပါသောအကြောင်းအရာတို့အား ပါဠိတော်ကိုမူထား၍ အသိညာဏ်ရှေးရှုလျက် မှတ်ထားကြစမြဲတည်း၊ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်က ကျမ်းကြီးကျမ်းမဟူ သောအသုံးဖြင့် ခိုင်ခံ့သောပါဠိအဋ္ဌကထာဋီကာတို့၌ မပါသည်ကို ရည်ရွယ်၍ မိန့်ဟော်မူလေသည်။

အထက်ပါ သံပေါက်ကဗျာ၌ ပါသော သေလေးပါးရှင်လေးပါးကိုကြည့်လျှင် အရှင်မဟာကဿပ၊ အရှင်သုဘာသာရ၊ အရှင်ခေမာနှင့် အရှင်ဓမ္မယသတို့မှာ ပရိနိဗ္ဗာန်စံတော်မူပြီး အလောင်းတော်မျှသာ ကျန်ရစ်ကြသူများဖြစ်၍ သေလေးပါးဖြစ်ကြကြောင်း၊ ၎င်းတို့အလောင်းတော်များမှာ ဝေဘာရတောင်၊ ဥတ္တမတောင်၊ မကုလတောင်နှင့် ဝေဒီယကတောင်များအတွင်း၌ ရှိနေကြကြောင်း၊ အရှင်ဥပဂုတ္တ၊ အရှင်မေရသ၊ အရှင်ခေမာ

ဝတ္ထုနှင့် အရှင်မမ္မသာရတို့ လေးပါးမှာ သက်တော် ထင်ရှားရှိနေကြကြောင်း၊ တောင်သမုဒ္ဒရာ၊အနောက် သမုဒ္ဒရာ မြောက်သမုဒ္ဒရာနှင့် အရှေ့သမုဒ္ဒရာတို့အတွင်း၌ သီတင်းသုံးလျက်ရှိနေကြကြောင်း ဆိုထားလေသည်။

"စာငယ်တို့မှာ တွေ့၍" ဟု မှတ်ချက်၌ ဆိုထားသော်လည်း မည်သည့်စာငယ်ဟူ၍ ဖော်ပြမထားပေ၊ သို့သော် ရဟန္တာတို့၏ အမည်များကို စဉ်းစားလျှင် အရှင်မဟာကဿပကြီး တစ်ပါးသာစာပေထင်ရှားရှိသော ရဟန္တာကြီးဖြစ်ပြီး ကျန်ရဟန္တာတို့အမည်မှာ စာပေ၌ထင်ရှားသော အမည်များမဟုတ်၊ ထို့ပြင် သေလေးပါးလုံးတောင် တို့၏ အတွင်း၌ရှိ၍ ရှင်လေးပါးလုံး သမုဒ္ဒရာတို့၏ အတွင်း၌ရှိနေကြကြောင်း ဆိုထားသည်တို့ကလည်း အလွန် ဒဏ္ဍာရီဆန်လေသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ မန္တလေး နေပြည်တော်မင်းတုန်းမင်းတရားကြီးလက်ထက်က "ဂုဏာဝါဘိလင်္ကာရသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ လုံးတော်ဆရာတော်ဘုရားကြီးအား မေးလျှောက်ဘူး၍ ဖြေဆိုထားချက်တစ်ရပ်ကို ပကိဏ္ဏကဝိသဇ္ဇနာကျမ်းတွင်

www.dhammaransi.com

တွေ့ရဘူးသည်၊ ဆရာတော်ဘုရားကြီးအား ကြံခင်းမြို့နေ ဒကာမောင်စံပြည့်ဆိုသူက "သေသူလေးအင်ရှင်သူလေး ပါးတို့ ယခုကာလတိုင်ရှိမည်မရှိမည်၊ အရှင်မဟာကဿ ပမထေရ်၏ အလောင်းတော်ကို အဘယ်အရပ်၌ အဘယ် မင်းတို့သွတ်သွင်းသိုထားသည်၊ အရှင်မဟာကဿပ အ လောင်းတော်ကို မေတ္တေယျဘုရားရှင်၏လက်ထက်တော် ၌ သင်္ဂြိုဟ်ဖုတ်ကြည်းမည်ဟု ပြောဆိုကြသောစကားများ သည် တရားမွေကွန်နှင့် လျော်မည်မလျော်မည်ကိုမေးထား သည်၊ ထိုအမေးကို ဆရာတော်ဘုရားကြီး ၁၂၇၇ ခု တော်သလင်းလပြည့်ကျော် (၉) ရက်နေ့စွဲဖြင့် ဖြေဆို ထားချက်တွင် အောက်ပါအတိုင်းပါရှိသည်။

"သေသူလေးအင် ရှင်သူလေးပါးကို မေးလျှောက် သည်မှာ ထိုစကားသည် သံဂါယနာသုံးတန်တင် ကျမ်းဂန် ပါဠိအဋ္ဌကထာဋီကာတို့တွင် မလာ၊ ဝစနပရံပရ - စကား အဆက်ဆက် ပြောကြသည်မှာ ဝေဘာရတောင်တွင်အ ရှင်မဟာကဿပထေရ် (စသည်ဖြင့် အထက်ပါသေလေး ပါးရှင်လေးပါးနှင့် အများယုံကြည်ချက် နေရာဒေသတို့ကို ဖော်ပြ၍အဆုံးတွင်) ကျမ်းလာစကားမဟုတ်လေရကား

ခွဲခြား၍မဆိုသာဖြစ်သည်၊ မေတ္တေယျ ဘုရားရှင်လက်ထက်လက်တော်၌တင်ထား၍ သင်္ဂြိုဟ်မည်ဆိုသောစကားကို ကျမ်းဂန်လာမလာမေးလျှောက်သည်မှာ"အရင်းလဲလျှင်အဖျားထင်ဖြစ်သည်"ဆိုသကဲ့သို့ အရင်းစကားကပင်ကောန်မှုချမမှန်ချေကနောက်ကိုထပ်မံ၍မေးရန်မရှိ" ဟုပိတ်၍ဖြေဆိုတော်မူခဲ့လေသည်၊ မုံရွေးဆရာတော် ဘုရားကြီးကလည်း "အရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိ ဝတ္ထုထုံးစံများကို ခိုင်ခိုင်ခံ့ခံ့ ဒဋ္ဌီကမ္မဥာပကပြု၍ မှတ်သားလောက်အောင် ကျမ်းဂန်မတွေ့ဘူးချေ" ဟု သမန္တစက္ခု ဒီပနီ (ပ-၁၁) တွင်ရေးသားထားခဲ့လေသည်။

ဤဆုံးဖြတ်ချက်များအတိုင်းပင် သေလေးပါးရှင်လေးပါးနှင့်ပတ်သက်၍ ယုံကြည်ချက်ထားမနေသင့်ဟုသာ ဆိုရပါမည်၊ ဤသို့ဆိုလျှင်ပင် ဤပြဿနာမှာ ပြီးပြတ်သွားတော့သဖြင့် ဆက်ရန်မလိုတော့ဟု ဆိုသင့်သော်လည်း ရှင်လေးပါး၌ပါသော အရှင်ဥပဂုတ်အကြောင်းနှင့်ပတ်သက်၍ သိလိုသူများလှသဖြင့် ယင်းမထေရ်အကြောင်းကို စဉ်းငယ်ဆက်လက် ဆွေးနွေးလိုပါသေးသည်။

ရှင်ဥပဂုတ် အကြောင်းကို ကျမ်းကြီးကျမ်းမ၌ မပါ

www.dhammaransi.com

ဟုဆိုသော လုံးတော်ဆရာတော်ဘုရားကြီးအဆိုအတိုင်း ပင် "ဥပဂုတ္တေနမာရော ဗန္ဓော" ဟူသော ပါဠိကို ကစ္စည်းကျမ်း၊ သဒ္ဒနီတိကျမ်းတို့တွင် နောက်ခေတ်သဒ္ဒါဆရာတို့ ဖော်ပြထားချက်မှတစ်ပါး ခိုင်ခံ့သော သံဂါယနာဝင် ကျမ်းစာတို့၌ မပါပါ။ ရှင်ဥပဂုတ်အကြောင်းကို ဆိုသောစာများ တွင် သာသနာနှစ် ၂၁၄ - တွင် နန်းတက် (၂၁၈-တွင် အဘိသိက်ခံ) သော အသောကမင်းလက်ထက်၌ ပေါ် ပေါက်ကြောင်း ဆိုထားကြသည်။

အကျဉ်းချုပ်မှာ ရာဇဂြိုဟ်ပြည်အပါအဝင် တံငါရွာသူရွာသားများ ငါးရှာရာ ငါးကြီးတစ်ကောင်ဝမ်းမှ အမျိုးသမီးကလေးတစ်ဦးရကြောင်း၊ ၎င်းအမျိုးသမီးကို ရာဇဂြိုဟ်မင်းအား ဆက်သရာ သမီးတော်အဖြစ်မွေးမြူထားရာမှ အရွယ်ရောက်လျှင် ရှေးဝိပါက်ကြောင့် ငါးပုပ်နံ့ထွက်သဖြင့် မြစ်တွင်ဖောင်ဖြင့်တင်၍ မျှောလိုက်ကြောင်း၊ အကြေအရပ်တောအုပ်တစ်အုပ်တွင် ဥပမည်သော ရသေ့ကြီးနှင့် တွေ့ဆုံ၍ အတူနေထိုင်ရာမှ သားတော်တစ်ပါး ဖွားမြင်ရာ ဥပရသေ့ကြီးစောင့်ရှောက်ထားသဖြင့် ဥပဂုတ္တမည်ကြောင်း၊ ထိုသားတော်သည်ပင် ဥပဂုတ္တရဟန္တာဖြစ်

ကြောင်း ဖော်ပြထားကြ၏။

ထို့နောက် အသောကမင်းကြီးလက်ထက် ဓာတ်တော်တို့ကို ဖော်ထုတ်၍ စေတီများတည်ပြီး ပူဇော်ပွဲကြီး လုပ်ရာ၌ မာရ်နတ်လာ၍ဖျက်ဆီးရာ အရှင်ဥပဂုတ် ရဟန္တာက မာရ်နတ်အားနှိမ်နင်းကြောင်းဖော်ပြထား၏။ ထို အကြောင်းကိုလည်း ကျီးထဲလေးထပ် ဆရာတော်ကြီးက ဇိနတ္ထပကာသနီတွင် ထည့်သွင်းဖေါ်ပြထားသဖြင့် ဗုဒ္ဓဘာသာဝင်တိုင်း အလွန်ယုံကြည်မှုရှိနေကြလေသည်။

အရှင်ဥပဂုတ်အကြောင်းရင်း၏ မူလဘူတမှာ သက္ကတစာပေဖြင့် ရေးသားထားသော အဝဒါနကျမ်းများ၌ ပါဝင်၏၊ အဝဒါနသတက၊ ဒိဗျာဝဒါန၊ အသောကဝဒါန မာလာကျမ်းစသည်တို့တွင် ရှင်ဥပဂုတ်နှင့် အသောက အခန်းများ မာရ်နတ်ဆုံးမခန်းများ ပါရှိလေသည်၊ ထိုကျမ်းများကို ထေရဝါဒ- သံဂါယနာ အဆက်ဆက်တွင် မထည့်သွင်းခဲ့ချေ၊ ထေရဝါဒအသွင်ရှိနေသော်လည်း သက္ကတဘာသာဖြင့်သာ ရှိနေသော ကျမ်းများဖြစ်၍ မဟာယာန ကျမ်းဂန်များနှင့် ရောထွေးနေသည်ဟု ဆိုဖွယ်ရှိလေသည်။

အမှန်အားဖြင့်လည်း "ဥပဂုတ္တ" ဟူသော အမည်ကို

www.dhammaransi.com

ကပင် မဟာယနဆံနေပေသည်၊ ထို့ပြင် မာရ်နတ်ဆုံးမခန်း၌ ရှင်ဥပဂုတ်တန်ခိုးဖန်ဆင်းခြင်းများ၊ မာရ်နတ်ကိုရက်ရက်စက်စက်ဆုံးမပုံများမှာ မည်သည့်နည်းနှင့်မျှ ထေရဝါဒအနေအထားသို့ သက်ဝင်မလာသည်ကို တွေ့ရသည်၊ ရှင်ဥပဂုတ်အကြောင်း အတ္ထုပ္ပတ္တိလာသမျှတွင်လည်း မည်သည့်ဆရာ မည်သည့်မထေရ်ထံ၌ ရဟန်းပြုကြောင်း၊ မည်သို့အားထုတ်၍ရဟန္တာဖြစ်ကြောင်း မပါသည်ကလည်း အားနည်းချက်တစ်ရပ် ဖြစ်နေချေသည်၊ သို့သော် ရှင်ဥပဂုတ်က မာရ်နတ်လည်၌ ခွေးကောင်ပုပ်ကြီးဆွဲ၍ လွှတ်လိုက်ကြောင်း ထည့်သွင်းထားသည်ကား ထေရဂါထာ အဋ္ဌကထာကို မှီးဟန်တူပေသည်၊ ထေရဂါထာ အဋ္ဌကထာ ပထမအုပ် ၄၆၉ သာင်္ကိမတ္တိယမထေရ်ဝတ္ထု၌ ထိုမထေရ်အား အကြည်ညိုများသဖြင့် လူများအကြည်ညိုပျက်ရန် မာရ်နတ်က ထိုသာင်္ကိမတ္တိယမထေရ်ယောင်ဆောင်၍ ဆွမ်းခံဝင်ပြီး မိန်းကလေးတစ်ဦး၏ လက်ကိုဆွဲရာ လူများက သာင်္ကိမတ္တိယမထေရ်ထင်၍ အကြည်ညိုပျက်ကြပုံ၊ ထိုအကြောင်းကို မထေရ်သိ၍မာရ်နတ်ဝန်ခံချက်မပေးမချင်း ခွေးကောင်ပုပ်ကို အဓိဋ္ဌာန်၍လည်၌ဆွဲပေးလိုက်ပုံကို

ဖော်ပြပါရှိ၏၊ ထိုသာဋ္ဌိမတ္ထိယမထေရ်ဝတ္ထုကိုမှီး၍ အဝဒါန ကျမ်းဆရာက ရှင်ဥပဂုတ် ဝတ္ထုနှင့် သိုက်မြိုက်ဖွယ် ဖြစ်စေ ရန် ဖန်တီးလိုက်လေဟန် တူပေသည်။

မည်သို့ပင်ဖြစ်စေ ဤ မြန်မာနိုင်ငံနှင့် ရှင်ဥပဂုတ် ကိုးကွယ်မှုမှာ အသွားကျနေသည်သာမက ရှင်ဥပဂုတ် နှင့် ပတ်သက်သော အကျိုးကျေးဇူးရှိမှုများကိုလည်း တွေ့ တန်သမျှတွေ့နေရသဖြင့်ရင်း၊ အလွန်တန်ခိုးကြီးသော အာသဝေါကင်းကွာ ရဟန္တာသာဝက တစ်ပါးအနေဖြင့် ကိုး ကွယ်နေသဖြင့်ရင်း၊ သူရဿတီ အိမ်တွင်းမင်းမဟာဂီရိ ဘိုးဘိုးအောင် ဦးရှင်ကြီးစသော ကိုးကွယ်မှုတို့ကဲ့သို့ သာသ နာမှအပ အညဝါဒနာနာသတ္တာရ ဥလ္လောကနဘယများ မဟုတ်သဖြင့်ရင်း အပြစ်ရှိသည်ဟူ၍ကား မဆိုနိုင်ပါ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံကြွသွားတော်မူပြီး အ နှစ်နှစ်ရာလောက်မှ ပေါ်ပေါက်လာသော သာဝကအငယ် စားအရှင်ဥပဂုတ်တော်သော်မှ ဤမျှတန်ခိုးကြီးမားပါမူ မြတ်စွာဘုရားကိုယ်တော်တိုင် တန်ခိုးအရာ၌ ဧတဒဂ်ဘွဲ့ ဖြင့် ချီးကျူးခြင်းခံရသော အရှင်မဟာမောဂ္ဂလာန် ရဟန္တာ မြတ်ကြီးသည် အဘယ်မျှတန်ခိုးကြီးချိမ့်မည်နည်း အနန္တ

တန်ခိုးတော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားကိုယ်တော်တိုင်ဆိုက အဘယ်ဆိုဖွယ်ရာရှိပါချိမ့်နည်းစသည်ဖြင့်စိတ်ထားတတ်တတ်ဖြင့် ကိုးကွယ်ဆည်း ကပ်ကြမည်ဆိုပါမူ လောကီ လောကုတ္တရာအကျိုးတရားများ ပိုမိုတိုးပွားလာဖွယ်ရာရှိပေ သည်၊ ထို့ကြောင့် ရှင်ဥပဂုတ် ကိုးကွယ်မှုကို မပစ်ပယ် ကြပဲ ပိုမိုအကျိုးရှိနိုင်မည့် ကိုးကွယ်နည်းဖြင့် ကိုးကွယ်ဆည်း ကပ်ရန်သင့်ကြောင်း တင်ပြလိုပေသည်။

* * *

www.dhammaransi.com

# ရာသီစက်နှင့် စာစီချက်

ပူအိုက်သောနွေရာသီသို့ ရောက်ပြန်သောအခါ နေ့ ရောညပါအနေခက်အထိုင်ခက်နှင့် အိပ်စက်၍ပင် မပျော် အောင် ပူတော်မူချက် လွန်လှသည်ဟု ထင်မိသည်၊ အောက်ပြည်အောက်ရွာဒေသဖြစ်၍ တပို့တွဲလမကုန်မီက ပင် နွေရာသီစလာခဲ့ပြီး တန်ခူးကုန် ကဆုန်ဆန်းပြီး နယုန် သို့လှမ်းတော့မည့်တိုင် နွေရိပ်မကုန်ပဲ အပူဟုန်ကျန်နေဆဲ ဖြစ်သည်၊ မိုးတစ်ပြိုက်နှစ်ပြိုက်နှင့် အအိုက်မပျောက်ချင် သေး၍ မိုးအေးအေး ရွာပါစေဟူပင် ဆုတောင်းမိသည်။

သို့သော် လူ့သဘောကားခက်လှသည်၊ မိုးရာသီ ရောက်ပြန်သော် အသွားခက်အလာခက်ဖြင့် ရက်မပြတ် ရွာတတ်သောအကြေရပ်ဒေသဖြစ်၍ မိုးတာရှည်လှချည့် လားဟု ထင်မိတတ်ပြန်သည်၊ အလိုမကျတိုင်းထင်နေရ သည်၊ အမှန်မှာ ရာသီဥတုကလည်းသူ့အတိုင်းအတာနှင့် သူ ပူချိန်တွင် ပူ၍ အေးချိန်တွင် အေးကာ သူ့အရေး အရာအားလျော်စွာ လှည့်ပတ်သွားလာနေခြင်းဖြစ်၍ ဆန်းလှသည်တော့မဟုတ်ပါလေ။

ဥတုသုံးပါး၊ ရတုခြောက်ပါး၊ ရာသီဆယ့်နှစ်ပါးစသည်ဖြင့် သူ့အခါနှင့်သူ ပူလိုက် အေးလိုက် ခြောက်လိုက် စိုလိုက်နှင့် မှန်မှန်ကြီးလည်ပတ်နေမည်သာဖြစ်ရာ မည်သူက အပြစ်တင်တင် ဥတုသခင် ရာသီရှင်ကမူ အရေးလုပ်နေမည်မဟုတ်ပါ၊ သူက လူကိုအရေးလုပ်မည်မဟုတ်၊ လူကသာ သူ့ကိုအရေးလုပ်ရပေမည်။ သူ့ကိုကြည့်၍ လယ်ယာလုပ်ခြင်းတို့သို့ ဆင်းရမည် စိုက်ရမည်ဖြစ်၍ သူ့ကို အရေးမလုပ်၍မဖြစ်ပါ၊ သူ၏ ပူချိန် အေးချိန်ခြောက်ချိန် စိုချိန်အလိုက် စိုက်ပျိုးရ ရိတ်ရ နယ်ရမည်ဖြစ်၍ သူ့ကို မျက်ခြည်မပြတ်ကြည့်နေရပါမည်။

ရှေးဆရာတို့သည်လည်း သူ့ကိုလေ့လာ တွက်ချက်၍ လေးလေးနက်နက်ကြံစည်ကာ အသီအကုံးဖွဲ့နွဲ့ရေးသားထားခဲ့ကြခြင်းဖြင့် စိတ်ဝင်စားစရာစာပေများ၊ သင်္ကေတများ၊ မှတ်သားဖွယ်များ ကျန်ရစ်ခဲ့ရ၏။

မှန်ပါ၏၊ ရှေးဆရာတို့သည် လူကို အရေးမထားပဲ သွားမြဲသွားနေသော ဥတုရာသီတို့ကို အလီလီအလာလာ ခွဲခြားကြည့်တတ်ကြသည်၊ ခွဲခြားကြည့်တတ်ကြရုံသာမက ယင်းတို့၏ သရုပ်သဏ္ဌာန်ကို ထုတ်ဆောင်၍ အကျိုး

www.dhammaransi.com

အပြစ်တို့ကို စနစ်တကျဖော်ထုတ်ခဲ့ကြသဖြင့် ယခုခေတ်၌ အကျိုးအပြစ် အားလျော်စွာ လုပ်ဆောင်နိုင်ခဲ့ကြသည်၊ ဥတု (၃) ပါးဟူသည် အဘယ်သို့၊ ရတု (၆) ပါးကား ဘယ့်နှယ်စသည်ဖြင့် သိခဲ့ကြရသည်၊ အမှန်မှာ သူ့အလိုလို လည်ပတ်နေသော ရာသီစက်ဝန်းကြီးကို သဘာဝကျကျ စိတ်ခွဲ၍ နက်နက်နဲနဲ ကြံစည်ရေးသားထားခဲ့ကြခြင်းပင်ဖြစ်သည်။

ရှေးဆရာတို့ ခွဲတတ်ခွဲပုံခွဲနည်းကို ကျွန်ုပ်တို့ လေ့လာကြပါစို့ ။

၁၂ - ရာသီ စက်ဝန်းကြီးကို စကောကြီး ဗန်းကြီးသဖွယ် အဝန်းအဝိုင်းကြီးအနေဖြင့် ပထမမြင်အောင်ကြည့်ကြရမည်ဖြစ်၏။ ထို့နောက်မှ အသိဉာဏ်ပညာ ဓားထက်ထက်ဖြင့် ထိုစက်ဝန်းကြီးကို ထက်ခြမ်းခွဲလိုက်ကြရပါမည်၊ ထိုအခါ စက်ဝန်းကြီးသည် အခြမ်းနှစ်ခြမ်းဖြစ်သွားလေရာ" တစ်ခြမ်းမှာ ဒက္ခိဏာယဉ်ခြမ်းဖြစ်လာပြီး တစ်ခြမ်းမှာဥတ္တရာယဉ်ခြမ်းဖြစ်လာပါမည်၊ ဝါဆိုလမှ ပြာသိုလအထိ။ ဝါ - ကရကဋ်ရာသီမှသည် မကာရရာသီအထိ နေမင်းသည် တောင်ဖက်စွန်းမှ ယွန်းလေသည်ဖြစ်၍ ဒက္ခိဏာယဉ် သွား

(၆) လဖြစ်သည်၊ ပြာသိုလမှ ဝါဆိုလအထိ၊ ဝါ - မကာရ ရာသီမှသည် ကရကဋ္ဋ်ရာသီအထိ မြောက်ဖက်စွန်းမှ ယွန်းသဖြင့် ဥတ္တရာယဉ်သွား (၆) လဖြစ်လေတော့သည်။

တစ် နည်းအားဖြင့် ထိုရာသီစက်ဝန်းကြီးကို (၃) စိတ် ညီညီခွဲကြပါဦးစို့၊ ထိုအခါ နွေမိုးဆောင်း ဟူသောဥတုသုံး လီ အညီအမျှပေါ်ထွက်လာလေသည်၊ တပေါင်းလပြည့် ကျော် (၁) ရက်မှ ဝါဆိုလပြည့်အထိ နွေဥတုစသည်ဖြင့် သိသာထင်ရှားပါပြီ၊ ဤကားစက်ဝန်းကို (၃) စိတ် စိတ်ခြင်းတည်း၊ ထို့နောက် (၆) စိတ်စိတ်ကြပါဦးမည်၊ ထိုအခါ ရတု (၆) ပါးပေါ်လာလေသည်၊ တပေါင်းတန်ခူး နှစ်လသည် ဝသန္တဥတု၊ ကဆုန်နယုန်နှစ်လသည် ဂိမှဥတု၊ ဝါဆိုဝါခေါင်နှစ်လသည် ဝဿာနဥတု၊ တော်သလင်းသီ တင်းကျွတ်နှစ်လသည် သရဒဥတု၊ တန်ဆောင်မုန်းနတ် တော်နှစ်လသည် ဟေမန္တရတု၊ ပြာသိုတပို့ တွဲနှစ်လသည် သိသိရ ရတု၊ ဤသို့ ရတု (၆) ပါးထွက်ပေါ်လာရသည်။

( ဤ၌ တပေါင်းတန်ခူး နှစ်လသည် ဝသန္တရတု ဟူသောစကားကို သတိချပ်ကြရာ၏၊ ဝသန္တဟူသည် ကို မြန်မာစာပေ၌ ခ၀သန်ဟုဆိုလျှင် မိုးရာသီ

www.dhammaransi.com

ဟု အထင်များကြသည်၊ ဝသန်နှင့် ဝဿာန်ကို ရော ထွေးမှတ်ယူနေကြခြင်းဖြစ်၏။ "သည်လသကြ်န်၊ ချိန် ဝသန်ကို၊ အားသွန်မလို၊ တန်ခိုးသို့ခဲ့" "ဝဿာန်ကာလ၊ ရာသီစဝယ်၊ ထွန်ချမင်္ဂလာ" ဟု ခွဲခြားစပ်ဆို ထားသော ရှင်ဥတ္တမကျော် တောလားကို သတိပြု ကြရာသည်။ )

## ရာသီစက်ဝန်း စိတ်ပုံများ

ရာသီစက်ဝန်း စကောဇန်းကြီးကို (၁၂) ခန်း (၁၂) စိတ် စိတ်ဖြာလိုက်သော် တန်ခူးကဆုန် စသော(၁၂) လအစဉ်အတိုင်း "မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုန်၊ မိန် - " ဟူသောရာသီ (၁၂) ပါးကို တွေ့ကြရမည်ဖြစ်၏၊ ဤကား (၁၂) စိတ်စိတ် ပုံတည်း။

၁၂- စိတ်ကို တဆတိုး၍ (၂၄) မျိုး ၂၄ - စိတ် စိတ်လို သေးလျှင် တစ်ရာသီတစ်ရာသီကို တစ်ပိုင်းစီပိုင်းရလေသည်၊ ယင်းကို "ဟောရတ်"ဟု ဆိုရ၏။ဟောရက်ဟူသည်မှာ အ

ဟောရတ္တိဟူသော ပါဠိဖြစ်၍ အဟော - နေ့၊ ရတ္တိ ညဉ့်ဟုအဓိပ္ပါယ်ရလေသည်၊ ၁၂-ရာသီ၌ ၂၄ ဟောရက်ရှိ၏၊ ဤကား တစ်ရာသီတစ်ရာသီကို (၂) ပိုင်းခွဲ ၍ ၁၂ - ရာသီ ၂၄ - ပိုင်း ၂၄ - စိတ်ဖြစ်လာပုံတည်း။

တဖန် တစ်ရာသီတစ်ရာသီကို(၃) ပိုင်းခွဲပြန်သော် (၃၆) စိတ်ဖြစ်လာပြန်၏။ ယင်းကို 'တြင်း' ဟုခေါ်လေသည်၊ တစ်ရာသီ၌ တြင်း ၃-ခုဖြစ်၍ ၁၂ - ရာသီ၌ ၃၆ - တြင်း ဖြစ်၏၊ ဤကားရာသီစက်ဝန်းကို ၃၆ - စိတ် စိတ်ပုံဖြစ်၏။

ထို့ပြင် တစ်ရာသီတစ်ရာသီကို (၉) ပိုင်းခွဲပြန်လျှင် ၁၀၈ ဖြစ်လာ၏။ (၁၂ × ၉ = ၁၀၈) ထို ၁၀၈ - ကို "နဝင်း" ဟု ခေါ်ရပြန်၏။ ဤကား ရာသီစက်ကို ၁၀၈ - စိတ်စိတ်ပုံ ဖြစ်သည်။

နောက် ထိုရာသီစက်ဝန်းကြီးကို တစ်ရာသီ ၁၂ စိတ် စိတ်ပြန်သော် ၁၄၄ - စိတ် (၁၂×၁၂= ၁၄၄) ဖြစ်ပေါ်လာ၏၊ ထို ၁၄၄ စိတ်ကို "ဒွါဒသင်း" ဟုခေါ်လေသည်၊ ဤကား စက်ဝန်းကို ၁၄၄ - စိတ် စိတ်ပုံတည်း။

နောက်တစ်မျိုးအားဖြင့် ၁၂ - ရာသီစက်ဝန်းကြီးမှ တစ်ရာသီ တစ်ရာသီကို အစိတ် ၃၀ - စီစိတ်ကြဦးမည်ဆို

www.dhammaransi.com

လျှင် အစိတ်ပေါင်း ၃၆၀ - ထွက်လာ၏။ (၁၂×၃၀=၃၆၀) ယင်းကို "တိသင်း" ဟုခေါ်ရသတည်း၊ ဤကား ၁၂ - ရာသီစက်ဝန်းကြီးကို အစိတ် ၃၆၀ - စိတ်ပုံပင်ဖြစ်၏။

ထိုတိသင်း ၃၆၀ - ကို "အံသာ" ၃၆၀ - ဟု ခေါ်ဆိုရသည်၊ ထို ၃၆၀ - သောအံသာမျဉ်း ဒီဂရီမျဉ်းတို့သည် တကမ္ဘာလုံးအတွက် အရေးကြီးသော မျဉ်းများတည်း၊ နိုင်ငံကြီးများ၊ မြို့ကြီးများတည်နေပုံ၊ တောတောင် သမုဒ္ဒရာတို့ - တည်နေပုံတို့ကို ဤဒီဂရီမျဉ်းတို့ဖြင့် ချိန်ထိုးကြည့်ရ၏၊ ဤမျဉ်းတို့ကို ကြည့်၍ ဆိုင်ရာတိုက်နိုင်ငံ မြို့ရွာဒေသတို့၏ ရာသီဥတုကို ခန့်မှန်းရသည်။ နေလနက္ခတ်များ၊ သင်္ဘောလေယာဉ်စသည်တို့ သွားလမ်းလာလမ်းများ၊ မိုးလေ စသောဥတုများ၊ လူတို့၏ကျန်းမာမှုနှင့် စိတ်နေစိတ်ထားခန့်မှန်းချက်များအတွက်လည်း ဤအံသာမျဉ်း ၃၆၀ ကိုပင် အားပြုရ၏။ အပျင်းပြေလက်အငြိမ်မနေနိုင်တိုင်း စိတ်ဖြာခွဲခြမ်းထားသည်မဟုတ်။ ၁၂ - ရာသီ၊ ၂၇ - ဟောရတ်၊ ၃၆ - တြင်း၊ ၁၀၈ - နဝင်း၊ ၁၄၄ - ဒွါဒသင်း၊ ၃၆၀ တိသင်းတို့ကို စုပေါင်းလိုက်လျှင် အပိုင်းအစိတ်ပေါင်း ၆၅၄ -ခုရှိမည်၊ ယင်း ၆၅၄ - ခုသော အပိုင်းအစိတ်အာကာသ

အခြေအနေအလုပ်အဆောင်ကို လေ့လာ၍ ရှေးဆရာတို့သည် ရှေးဖြစ်နောက်ဖြစ်တို့ကို ဟောပြောခြင်း၊ ဆေးဝါးကုစားခြင်း၊ စာပေရေးသားခြင်း၊ ခရီးသွားလာခြင်း၊ စီးပွားရှာဖွေခြင်း စသောအမှုကိစ္စတို့ကို ပြုလုပ်ကြမြဲဖြစ်လေသည်။

ထိုအသေးစိတ် ၆၅၄ - မှ တဖြည်းဖြည်းချဉ်းချုံး၍ ၁၂ - ရာသီကို ဖော်ထုတ်ရာ၌အကျယ်မှသည် အကျဉ်းသို့ စုချဉ်းရသည့်အတိုင်း အကျယ်တွင်တွေ့မြင်ရသည့် ကျန်းမာမှုများ၊ လုပ်ဆောင်မှုများ၊ နေလနက္ခတ်သွားလမ်းလာလမ်း။ တောတောင် သမုဒ္ဒရာတို့၏ တည်နေပုံ၊ နိုင်ငံမြို့ရွာတို့၏ အရေးအရာစသည်တို့ကိုပါ မြုံမိအောင် ဉာဏ်အမြင်စူးရှလာနိုင်၏၊ ထိုအကြောင်းကို စာပေရှုထောင့်မှ နေ၍ ကြည့်ကြပါမည် ပုံစံအားဖြင့် ယခုနယုန်လဆိုကြပါစို့။

ဤလသည် ရာသီအားဖြင့် မည်သည့်ရာဦး၊ ရတုဆိုက မည်သည့်ရတုစသည်ဖြင့် ဟောရတ်၊ တြင်း၊ နဝင်း၊ဒွါဒသင်း၊ တိသင်းမကျန်အောင် ကြည့်ရှုသင့်သည်၊ ထိုအခါ ဤနယုန်လသည် မည်သို့အပူအအေးရှိ၍ မည်သို့ဖြစ်ပျက်

နိုင်သည်၊ မိုးလေအခြေအနေမည်သို့ရှိမည် စသောအခြင်းအရာများစွာကို မြင်လာနိုင်သည်။

ရှေးစာဆိုတို့သည် ရာသီဖွဲ့များကို ရေးရာ၌ ထိုအချက်များကို သတိပြုခဲ့ကြသည်၊ ပေါ်လွင်ထင်ရှားသော သာဓကတစ်ရပ်ကို ထုတ်ဖော်ရသော် မြောက်မြားစွာသော ရာသီဖွဲ့များမှ ထင်ရှားသော နန်းတွင်းစာဆိုမယ်ခွေ၏ နယုန်လအဲချင်းတစ်ပိုဒ်ကို ကြည့်၍ အဖြေရှာသင့်ပေသည်။

## မယ်ခွေ၏ နယုန်လအဖွဲ့အဲချင်း

ရွှေသားမှ သိင်္ဂီလေ။ ။ အဒြကြယ်၊ ပါဒ်သုံးသွယ်နှင့်နေဆွယ်ရထား၊ ယှဉ်ပြိုင်သွားလို့၊ စက်နားမေထုန်၊ လွမ်းဖို့ဆုံလှတယ်၊ နယုန်ဆီကိုတဲ့လေး။

သီတာငယ်မှ စိမ်းလှည့်၊ ရေမှာကြည့်လည်း၊ ရေ၏ထုံးတမ်း၊ တောင်မှာစမ်းလည်း၊ တောင်ကမ်းဖွယ်ရာ၊ မြေမျက်နှာလည်း၊ မသာစတောင်း၊ ရှုမပြောင်းသည်၊ နွေနှောင်းလမို့၊ ကမ္ဘာ့ကျက်သရေရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စပယ်မုလေး၊ ပျံ့

မွှေးမွှေးနှင့်၊ စာမေးသဘင်၊ ငှက်ပေါင်းရှင်လို့
မင်းလွင်ငယ်ဝေသည်၊ တောင်လေပြေမှိုင်းမှုန်နှင့်၊ကြဲ
ပြန်လေခြင်း ။ ။

မလင်းမှ ကောင်းကင်၊ တိမ်ခိုးနန်းမြှောင့်၊ ရာ
ဟုထောင့်က၊ မြကောင့်ပမာ၊ လက္ခဏာလဲ၊ လာ၍
ဆင်သို့၊ သဘင်မှမွေ့သိမ်၊ တဆယ့်ခုနှစ်၊ ပြင်နာရီ
နစ်တုန်းမို့ ဇေ့ဧစန္ဒာ၊ ရွှေလည်ပြီသာဘဲနှင့်၊ တံငါကြယ်
မှိန်သည်၊ ပြည်ကလိဂ်ရာဇ်နေတို့၊ ကံရွှေတိုင်ညီး။

လရာသီစု၊ ဆိတ်ကယ်မှရှုပါဘု၊ ရွှေဥနှင့်မင်း
မိ၊ဝေးခိုက်မှဖိတယ်လို့၊ ကလိမျက်ညို၊ ဘယ်ညီး
တော်သိုရတယ်၊ ငိုတတ်သည့်သူငယ်လို၊ အသွယ်
သွယ် မကြည့်စားပါနှင့်၊ တအားကိုး။ ။

ထိုအဲချင်းကို သေသေချာချာကြည့်ရှုလျှင် ရှေ့အ ပိုဒ်
၌ အာကာသ၏အခြေအနေကို အသေးစိတ်ဖော်ပြ၍၊
ဒုတိယပိုဒ်တွင် ဩကာသလောက၏ အခြေအနေကို တိတိ
ကျကျ ဖော်ပြထားသည်၊ ရေ၌ ဘယ်လိုတော တောင်၌
ဘယ်ပုံ မြို့ရွာ၌ မည်သို့စသည်ဖြင့် ခြယ်မှုန်းထားလေသည်၊

www.dhammaransi.com

တတိယပိုဒ်တွင် ရာသီဥတုမိုးလေဝသအခြေအနေကို ဖော်ပြပြီး အကယ်၍ ဤလရာသီ၌ တစုံတခုဖြစ်ဖွယ်ရှိက မည်သည့်နက္ခတ်ကြောင့် မည်သည့်တိုင်းပြည်နိုင်ငံ၌ ထိခိုက်တတ်ပုံကို ဖော်ပြထားလေသည်၊ အထက်ပါအဲချင်းကို တစိမ့်စိမ့်ဖတ်လျှင် စာဆိုသူ၏ ဆိုလိုချက်တို့သည် ကွက်ကွက်ကွင်းကွင်း ပေါ်ထွက်၍လာပေလိမ့်မည်၊ ဤသို့လျှင် ရှေးစာဆိုတို့သည် ရာသီစက်ဝန်း၏ အစိတ်တိုင်း အစိတ်တိုင်းကို လေ့လာ၍ စာဆိုတတ်ကြကြောင်း သတိချပ်ကြရာသတည်း။

* * *

www.dhammaransi.com

# တစ်ကျိုပ်ကိုးယောက်အပျိုစင်

" တစ်ကျိုပ်ကိုးယောက်အပျိုစင်။ ။
နဒီကို ရေကစား၊ သွားတဲ့ဖြစ်အင်။ ။
တယောက်ခင်၊ ရေတွင်သေခဲ့။ ။
အိမ်ပြန်မှာ နှစ်ကျိုပ်ပွားသည်လို့၊
စကားကို ပိုမပြောပါဘု၊ ကျမ်းဟောသတဲ့"။။

ပဟေဠိ လေးဆစ်ချိုး ကဗျာကလေး တစ်ပုဒ်ကို ဖော်ပြပါအတိုင်း စိတ်ဝင်စားဖွယ် တွေ့ရှိမှတ်သားရဘူးသည်၊ အပျိုကလေးတစ်ဆယ့်ကိုးယောက် မြစ်ထဲရေသွားချိုးရာ တစ်ယောက်ရေနစ်၍ သေ၏၊ သို့မဟုတ် မိကျောင်းဆွဲသွား၍ သေကျန်ရစ်၏၊ အပြန်တွင် အပျိုကလေးနှစ်ဆယ် ဖြစ်လာသည်ဟု ဆိုလို၏၊ ထိုပဟေဠိ (ဝါ - စကားဝှက်) အဓိပ္ပါယ်မှာ အဘယ်နည်းဟု မေးလိုခြင်းဖြစ်၏။

ပဟေဠိစကားဝှက်များသည် အလင်္ကာကျမ်း၌ တစ်ဆယ့်ခြောက်ပါး အပြားအားဖြင့် လာရှိ၏၊ စိတ်ဝင်စားဖွယ်ရာလည်းကောင်းသည်၊ ဤ၌ အကျယ်ဖော်ပြခွင့်မရှိပါ၊

www.dhammaransi.com

ဤစာစောင်တွင် စာပေပညာရှင်တစ်ဦးက ဤပဟေဠိများ အကြောင်းကို အခန်းဆက်ဖော်ပြဘူးသည်ကို စာဖတ်သူ များလည်း မှတ်မိတန်ရာသည်။

ပညာရှင်တစ်ဦးက မိမိဝှက်လိုသောအကြောင်းအ ရာတစ်ခုခုကို ပါဠိဂါထာဖြင့်ဖြစ်စေ၊ မြန်မာကဗျာဖြင့် ဖြစ် စေ၊ ရိုးရိုးစကားပြေဖြင့်ဖြစ်စေ ရေး၍ထားခဲ့၏၊ နောက် တွေ့ပညာရှင်တို့သည် မိမိဉာဏ်၌ ထင်မြင်သလို ထိုပဟေ ဠိတို့ကို အဖြေဖော်ထုတ်ရာ၌ တိကျသည်လည်းရှိ၏၊ မတိ ကျသည်လည်းရှိ၏၊ သဒ္ဒါအနေအထား စကားဝါကျအရာ ၌ ဝှက်သည်ကို အနက်အဓိပ္ပါယ်အရဖြင့် ဖော်ထုတ်လျှင် တိကျမှန်ကန်သည်ဟုကား မဆိုသာပါ။ သို့သော် စာဖတ် သူအဖို့ကား ပညာဗဟုသုတတစ်မျိုးကို တိုးရသည်၊ အနက် အဓိပ္ပါယ်၌ ဝှက်၍ အနက်အဓိပ္ပါယ်၌ပင် ဖော်သော်လည်း အခြားတစ်မျိုးယူဆထင်မြင်၍ ဖော်ထားသည်လည်း ရှိ၏၊ မည်သို့ပင်ဖြစ်စေ ပညာရှိတို့ဖော်ထုတ်ထားသည်ဖြစ်က ဗဟုတုတ တိုးပွယ်ရာသာဖြစ်တော့သည်၊ ဖိုးသူတော်ဦးမင်း ၏ (တောင်ခပန်းမှာလ၊ နရန်းကျယ်နက်တဲ့ညွှန်ဗွက်ကန်) ဟူသော နာမည်ကျော် ပဟေဠိလေးချိုးကြီးကို ဆရာတော်

www.dhammaransi.com

ဘုရားကြီးတစ်ပါးက သာသနာတော်ကြီးနှင့် တင်စား၍ ဖြေဆိုထားသည်ကို တွေ့ရဘူး၏၊ ဤလေးချိုးကြီး၏ အဖြေကို များသောအားဖြင့် ဂါမ္ဘဒေါသ သင့်သော အနေဖြင့်သာ အတွေ့များ အသိများလှလေသည်။

## မုံရွေးဆရာတော်ဖြေဆိုပုံ

ဖော်ပြပါ တစ်ကျိပ်ကိုးယောက်အပျိုစင် ပဟေဠိကို ဂါထာတစ်ခုအနေဖြင့် သမန္တစက္ခု ဒီပနီကျမ်းတွင် တွေ့ရ၏၊ ပဟေဠိရိုးရိုးတစ်ပုဒ်အနေဖြင့်ပင် မုံရွေးဇေတဝန် ဆရာတော်က ဖြေဆိုထားပေသည်။

ကေူနဝီသတိ နာရီ၊
နဟာနာယ နဒိံ ဂတာ၊
တာသွေကံ ကုမ္ဘိလော ဂဏှိ၊
ဝီသတိ ဃရမာဂတာ၊

ကေူနဝီသတိ၊ တစ်ကျိပ်ကိုးယောက်သော မိန်းမတို့သည် နဟာနာယ၊ ရေချိုးအံ့သောငှါ။ နဒိံ၊ မြစ်သို့။ ဂတာ၊ သွားရောက်လေကုန်၏။ တာသု -နာရီသု၊ ထိုတစ်ကျိပ်ကိုး

ယောက်သောမိန်းမတို့တွင်။ ကေ့ံနာရီ၊ တစ်ယောက်သော မိန်းမကို။ ကုမ္ဘိလော၊ မိကျောင်းသည်၊ ဂဏှိ၊ ဖမ်းယူလေ၏။ ဝိသတိ၊ နှစ်ကျိပ်ကုန်သော။ နာရိယော၊ မိန်းမတို့သည်။ ယရံ၊ အိမ်သို့။ အာဂတာ၊ ပြန်ခဲ့ကုန်၏။

သမန္တစက္ခုကျမ်းတွင် မုံရွေးဇေတဝန် ဆရာတော်ကြီးက ဤဂါထာကို ဝဇီရဗုဒ္ဓိသင်္ဂဟကျမ်းတွင်လာသော တစ်ဆယ့်ခြောက်ပါးသော ပဟေဠိကိုပြသော ဉာပကာဉဒါဟရဏ် ဂါထာဟု ဆိုထားသည်။

မုံရွေးဇေတဝန်ဆရာတော်က ထိုသို့ပြဆိုပြီးလျှင် အလိုရှိအပ်သော အနက်အနေဖြင့် (ဝါ - ပဟေဠိ အဖြေအနေဖြင့်) အောက်ပါအတိုင်း ပြဆိုထားလေသည်။

ဝိသတိ၊ နှစ်ကျိပ်ကုန်သော။ နာရိယော၊ မိန်းမတို့သည် နဟာနာယ - နာဟာနတ္ထံ၊ ရေချိုးအံ့သောငှါ။ နဒိံ၊ မြစ်သို့။ ဂတာ၊ သွားလေကုန်၏။ တာသု - နာရီသု၊ ထိုနှစ်ကျိပ်သော မိန်းမတို့တွင်။ ကေ့ံနရီ၊ တစ်ယောက်သော မိန်းမကို။ ကုမ္ဘိလော၊ မိကျောင်းသည်။ ဂဏှိ၊ ဖမ်းယူလေ၏။ ကေ့ူနဝိသတိ၊ တစ်ကျိပ်ကိုးယောက်ကုန်သော။ နာရိယော၊ မိန်းမတို့သည်၊ ယရံ အိမ်သို့ အာဂတာ၊ ပြန်ခဲ့ကုန်၏။

www.dhammaransi.com

ဤသို့အနက်ပေးပြီးလျှင် "ဤသို့ယောဇနာသော အနက်ကိုသာ အလိုရှိအပ် သင့်မြတ်သောအနက်ဟူ၍ မှတ်အပ်၏၊ အဓိပ္ပါယ်ကား နှစ်ကျိပ်သွား၏၊ တစ်ယောက်ကို မိကျောင်းဖမ်းယူ၏တစ်ကျိပ်ကိုးယောက်သာပြန်လာ၏ဟု ဆိုသည်၊ နှစ်ကျိပ်သွား၍ တစ်ယောက်ပျောက်သော် တစ်ကျိပ်ကိုးယောက် ပြန်လာသည်ဆိုရကား အနက်ဖြောင့်ပင်ဖြစ်သည်၊ အထူးတပါးသော အနက်ကို မကြံသင့်ပြီ" ဟု မှာတော်မူခဲ့၏။

မုံရွေးဆရာတော်၏ အဖြေမှာ အဖြေမှန်ပင်ဖြစ်ပါသည်။ သူ့ကျမ်းရင်းနှင့် ငိုကာ၌ပါ ကေူနဝီသတိနှင့် ဝီသတိ (တစ်ဆယ့်ကိုးနှင့်နှစ်ဆယ်) ကို နေရာလွဲပြီး ဂါထာစီထားခြင်း သာဖြစ်သည်။ ပဟေဠိသဘောအတိုင်း ဖတ်ရှုသူ ဇဝေဇဝါ ဖြစ်အောင် ပြုထားခြင်းသာဖြစ်သည်၊ အထူးကြံနေဖွယ်မလို ရှင်းနေပါပြီဟု ဆိုရပေမည်။

www.dhammaransi.com

## လုံးတော်ဆရာတော်ဖြေဆိုပုံ

သို့သော်မုံရွေးဆရာတော်တို့နောက် အနှစ်သုံးဆယ်ကျော်လောက် နောက်ကျဖွယ်ရှိသော လုံးတော်ဆရာတော်တို့လက်ထက်တွင် ဆက်လက်၍ ထိုတစ်ကျိပ်ကိုးယောက် အပျိုစင်ပဟေဠိကို တစ်မျိုးတစ်ဖုံကြံစည်ကြဟန်တူ၏၊ ကြံစည်ကြရာ၌လည်း အဘိဓမ္မာသဘောတရားတို့ချည်းဖြစ်ပြီး ဝါဒနှစ်မျိုးပင် ကွဲပြားနေလေရာ လုံးတော်ဆရာတော်က တစ်မျိုးကိုပယ်၍ တစ်မျိုးကိုလက်ခံခဲ့လေသည်။

အောက်ပါစကားရပ်သည် ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၌ လုံးတော်ဆရာတော် ဆုံးဖြတ်ထားသော တစ်ကျိပ်ကိုးယောက်အပျိုစင်အဖြေဖြစ်ပါ၏။

“တစ်ကျိပ်ကိုးယောက်အပျိုစင်-ဟူသော ကဗျာကိုမေးလျှောက်သည်မှာ ဤစကား၌ အချို့လည်း ပဋိသန္ဓေအခါ ဥဒ္ဒစ္စစေတနာကြဉ်သော ကုသိုလ်အကုသိုလ် (၁၉) ခုတို့သည်ဖြစ်ကုန်၏၊ ပဝတ္တိကာလမှ ဥဒ္ဒစ္စစေတနာကို ရပြန်သောကြောင့် (၂၀) ဖြစ်၍ နှစ်ကျိပ်ဆိုသည်ဟု ဖြေဆို

www.dhammaransi.com

ကြကုန်၏၊ ထိုစကားမသင့်၊ အဘယ့်ကြောင့်ဟူမူ - ဥဒ္ဒစ္စ စေတနာကြဉ်သော စေတနာတစ်ဆယ့်ကိုးခုတို့သည် ပဋိသန္ဓေအခါဖြစ်သည်မှန်စေ၊ တစ်ဆယ့်ကိုးအနက်တွင် တစ်ခုယူတ်ဖြစ်ခဲ့လျှင် တစ်ဆယ့်ရှစ်ခုဖြစ်သင့်ရကား ဥဒ္ဒစ္စမှ တစ်ပါး ပဋိသန္ဓေအခါယူတ်သော စေတနာလည်းမရှိ၊ ဥဒ္ဒစ္စဖြင့် တစ်ခုယူတ်၍ တစ်ဆယ့်ရှစ်ခုဖြစ်မှ တစ်ကျိပ်ကိုးတွင် တစ်ယောက်ကို မိကျောင်းဖမ်းယူလေသည်ဆိုသောစကားနှင့် ညီကြမည်၊ တစ်ကျိပ်ကိုးတွင် တစ်ယောက်ကိုယူလျှင် တစ်ဆယ့်ရှစ်ကျန်၍ အိမ်ပြန်ကိုနှစ်ခုလောင်းမှ နှစ်ကျိပ်ဖြစ်ရပါမည်ကို ဖြေသောသူ၏ စကားအရမှာ ဥဒ္ဒစ္စသည် စ-ရင်းကပင် မပါခဲ့၊ ဥဒ္ဒစ္စပြင် မည်သည့်စေတနာ ပဋိသန္ဓေအခါယုတ်၍ ပဝတ္တိမှသည် စေတနာတိုးသည်ဟူ၍လည်း ကျမ်းဂန်မလာလေရကား မိမိစကားကို မိမိဖြေရင်းပင် နှုလုံးမသွင်းမိ၍ ဖြေမိဖြေရာစာမှ ဖြစ်စေ ဖြေဆိုသောကြောင့် မသင့်" စသည်ဖြင့် အဘိဓမ္မာအကိုးအကားတို့ဖြင့် ရှင်းလင်းပြပြီးနောက် သင့်လျော်သော သမာနဝါဒကို ဤသို့ ထုတ်ပြတော်မူခဲ့လေသည်။

"ပဋိသန္ဓေအခါ ဇာတိရုပ်နှင့်တကွသော ကမ္မဇရုပ်

www.dhammaransi.com

တစ်ဆယ့်ကိုးခုတို့ဖြစ်ကြ၍ ပဝတ္တိအခါ ဇာတိရုပ်ကိုမရ၊ ဇာတိရုပ်တစ်ခုတည်းပင် ဥပစယ၊ သန္တတိဟူသော အမည်နှစ်ပါးဖြစ်သည်ကို ထောက်၍ တစ်ကျိပ်ကိုးယောက်သွားသကဲ့သို့ ဇာတိရုပ်နှင့်တကွ ပဋိသန္ဓေရုပ်တစ်ဆယ့်ကိုးခုဖြစ်သည်ကိုရည်၍ တစ်ကျိပ်ကိုးယောက်၊ ပဝတ္တိအခါ ဇာတိမပါသည်ကိုရည်၍ တစ်ယောက်ကိုမိကျောင်းဖမ်းယူလေ၍ ရေတွင်သေသည်နှင့်တူ၏၊ ဇာတိရုပ်တစ်ခုသည်ပင် ဥပစယ သန္တတိဟူသော အမည်နှစ်ပါးဖြစ်ရကား အိမ်ပြန်ကိုနှစ်ကျိပ်ပွားသည်နှင့်တူ၏ဟု ဖြေဆိုကုန်၏” ဟု ထုတ်ပြန်ပြီးလျှင် မူလကျမ်းရင်းကိုလည်း သတိပြုလျက် ကေူနဝီသတိ နာရီစသော ဂါထာကို ပြဆိုသွားလေသည်။

ဤသို့ဖြင့် ပဟေဠိတစ်ပုဒ်ကို အမျိုးမျိုးကောက်ယူဖြေဆိုကြရာ၌ ပညာရှိတို့လက်မှ ထွက်ပေါ်လာလေသမျှ အဖြေသည် မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ ဗဟုသုတရစရာချည်းသာ ဖြစ်နေသဖြင့် နှောင်းလူတို့ကျေနပ်ဖွယ်ရာသာဖြစ်ရလေသည်။ “သီတင်းကျွတ်၍ တန်ဆောင်မုန်းလရောက်လျှင် ဝက်ပါဘက်၌ မှုံယောင်းခါးကျွေးတတ်၏”ဟူသောသဘောဖြင့် အစားမက်သူတစ်ဦး၏ “ကျွတ် -မုန်းဝင်”

www.dhammaransi.com

ဟူသောမှတ်တမ်းကို ဆေးပညာရှင်တစ်ဦးက "မှိုကျွတ်, သမုန်း,သင်းဝင်ပေါက်ဖြူ"စသည်ဖြင့် ဆီးဆေးအဖြစ် ဖြေဆိုပေးသဖြင့် ဆေးနည်းကောင်းတစ်ရပ် ထွက်ပေါ်လာရခြင်း၊ ဝိပဿနာပညာရှင်တစ်ဦး၏ "ဒုက္ခသစ္စာမှ ကျွတ်လွတ်ရန် သမုဒယသစ္စာကိုမှုန်းမှ မဂ္ဂသစ္စာလမ်းစဉ်ဖြင့် နိရောဓသစ္စာသို့ဝင်ရောက်နိုင်မည်" ဟု နိဗ္ဗာန်ဝင်လမ်း ခတ်ကမ္မဋ္ဌာန်းအဖြစ် ဖြေဆိုပေးသဖြင့် တရားထူးတွေ့ရခြင်းတို့ကဲ့သို့ ပညာရှိများ ဖြေဆိုကြသည် မှန်မူတနည်းနည်းဖြင့် ဗဟုသုတရစရာချည်းသာ ဖြစ်နေပေသည်။

* * *

www.dhammaransi.com

# ဤမှုသား

မုဆိုးကြီးတစ်ယောက်သည် သမင်နှစ်ကောင်ကို ရောင်းရန် ယူဆောင်၍လာ၏၊ "သမင်ကြီးကို တစ်ဆယ် သမင်ငယ်ကိုငါးကျပ်" ဟုဆို၏၊ လူငယ်တစ်ယောက်က သမင်များကို ကြည့်ရှု၍ ဈေးနှုန်းကိုမေးပြီး သမင်ငယ်ကိုငါး ကျပ်ပေး၍ ဝယ်ကာ အတန်ငယ်ယူ၍သွားသည်၊ ထို့ နောက်ပြန်လာပြီး "သမင်ငယ်ကိုမလိုချင်၊ သမင်ကြီးကိုပေး ပါ" ဟုဆိုကာ သမင်ငယ်ကိုပြန်ပေး၏၊ မုဆိုးကြီးက "သမင် ကြီးကိုလိုလျှင် ငါးကျပ်ထပ်၍ပေးပါ"ဟုဆိုရာ လူငယ်က "ငါးကျပ်စောစောကပင် ပေးပြီးမဟုတ်ပါလော၊ ယခင်ငါး ကျပ်နှင့် ယခုငါးကျပ်တန် သမင်ငယ်ကိုပေးသော် တစ်ဆယ် ဖြစ်လေပြီ၊ ထို့ကြောင့် တစ်ဆယ်တန်သမင်ကြီးကိုပေးပါ တော့"ဟု ဆိုရာမုဆိုးကြီးသည် "ဟုတ်တန်ရာ၏" တွေးပြီး သမင်ကြီးကို ပေးလိုက်လေ၏။

ဤကား ပိပိရိရိ လိမ်ခြင်းဖြစ်၏၊ တစ်ဖက်သား၌ ဇဝေ ဇဝါဖြစ်ကာ စဉ်းစားချိန်မရမီ လိုအပ်သည်ကို အရယူ၍ သွားနိုင်ပေသည်။

www.dhammaransi.com

ထို့ပြင် အမရပူရရွှေမြို့တော်သို့ ရောက်နေသော ကျေးရွာသားတစ်ယောက်သည် မိမိနေရာအညာဒေ သို့ ပြန်ရန်စိတ်ကူးနေ၏၊ သို့သော် လမ်းစာရိတ္တာမပြည့် မစုံဖြစ်နေ၍ အကြံထုတ်ရာ မိမိသွားမည့်လမ်းတွင် မောင်းထောင်ဆိုသော ရွာကြီးတစ်ရွာရှိပြီး ထိုရွာကြီး၌ ဦးဆုရဆိုသော သူဌေးကြီးတစ်ဦးရှိကြောင်း ကြားဘူး၍ ထိုသူဌေးကြီး၏နာမည်ကို အသုံးပြု၍သွားရလျှင် ရိတ္တာမလိုကြောင်း စဉ်းစားမိလေ၏။ သို့နှင့် အဝတ်ကောင်းများဝတ်၍ ခရီးလမ်း၌ ရွာတွေ့တိုင်း အချမ်းသာဆုံးအိမ်ကို မေးမြန်းတည်းခိုကာ မိမိသည်မောင်းထောင်သူဌေးကြီးဦးဆုရ၏သားပက် မောင်မောင်တိုးဖြစ်ကြောင်း ပြောဆိုလေသည်၊ အိမ်ရှင်တို့သည် မောင်းထောင် သူဌေးကြီးဦးဆုရကို ကြားဘူးရင်းရှိသဖြင့် သူဌေးကြီးနှင့် အသိအကျွမ်းဖြစ်လို၍ သူဌေးသာ မက်ဆိုသူ ကိုလူညာအား အထူးဧည့်ခံကျွေးမွေးကြ၏။

ဤနည်းဖြင့် ရွာတိုင်းကိုဝင်၍ စားသောက်သွားရာ ခရီးအတော်ပေါက်ခဲ့ပြီးနောက် တစ်နေ့တွင် ရွာကြီးတစ်ရွာသို့ရောက်၏။ ကိုလူညာသည် ရှေးနည်းအတိုင်း အချမ်းသာဆုံးအိမ်ကို မေး၍ဝင်ပြီး မိမိသည် မောင်းထောင်သူဌေး

ကြီးဦးဆုရ၏သားမက်ဖြစ်ကြောင်းပြောရာ အိမ်ရှင်သည် ကိုလူညာ၏ မျက်နှာကို စေ့စေ့ကြည့်၍ "အမောင် ဤရွာသည် မောင်းထောင်ရွာဖြစ်၍ ငါသည်ပင် ဦးဆုရ ဖြစ်ပါသည်၊ ငါ့မှာသမီးနှစ်ယောက်ရှိ၍ အိမ်ထောင်ရှင် ချည်းဖြစ်ကုန်ကြသည်၊ အမောင်သည် အဘယ်မည်သော ငါ့သမီး၏ အိမ်ထောင်ရှင်ဖြစ်သနည်း"ဟုမေးရာကိုလူညာ မည်သို့မျှပြန်မပြောနိုင်တော့ပဲ အပြစ်ကိုဝန်ခံ၍ တောင်းပန် ရတော့၏။

ဤကား လိမ်ကားလိမ်၏၊ အလိမ်မပိရိသဖြင့် အမိ ခံလိုက်ရခြင်းဖြစ်လေသည်။

ထိုမှတစ်ပါး မကြာမီကဆေးရုံတစ်ရုံတွင် လူမမာ အဒေါ်ကြီးတစ်ဦးသည် "သားရေ -သားရေ"ဟု တကျော် ကျော်ခေါ်၍သာ နေသည်၊ ရောဂါမှာလည်း ကျွမ်းနေသ ဖြင့် သေခါနီးအသေဖြောင့်ရန် ဆရာဝန်ကလေးက "အဒေါ် ကြီးသားကို ခေါ်ပေးပါမည်၊ ဘယ်မှာနေသည် နာမည်ဘယ်လိုဆိုတာပြောပါ" ဟု မေးရာ "သားဘယ်မှာ နေမှန်းမသိ၊ ရဟန်းဝတ်နေသည်"ဟု ပြောသဖြင့် ဆရာဝန် ကလေးက ဆေးရုံတက်နေသော ဦးပဥ္စင်းတပါးကို အကူ

www.dhammaransi.com

အညီတောင်းရလေသည်၊ ထိုအခါ လူမမာဦးပဥ္စင်းက အဒေါ်ကြီးအား သနားသဖြင့် သားအဖြစ်ဟန်ဆောင်၍ "သားရေ - သားရေ"နှင့် ခေါ်နေသောအဒေါ်ကြီး ကုတင်သို့သွားကာ "သားဦးပဥ္စင်းလာပြီအမေ" ဟုပြောရာ အဒေါ်ကြီးသည် ထိုဦးပဥ္စင်း၏ လက်ကို နာနာဖက်၍ "သားသား" ဟုပြောရင်း ငြိမ်သက်၍သွားလေ၏။

ဤသည်လည်း လိမ်ခြင်းတစ်မျိုးပင်ဖြစ်လေသည်။

## မုသာဝါဒသမိုင်း

လောက၌ "မုသားမပါ လင်္ကာမချော" ဟုဆိုလေ့ဆိုထရှိ၏၊ လူလူချင်း ဆက်ဆံရာ၌ မလိမ်လျှင်မဖြစ်၊ လိမ်သင့်လျှင်လိမ်ရမည်ဟု လူတိုင်းပြောဆိုနေကြသည်။ ထို့ကြောင့်ပင် လိမ်ခြင်း ညာခြင်းတို့သည် မေ့တာကိစ္စတစ်ရပ်ကဲ့သို့ ဖြစ်နေပြီးလိမ်ခြင်း ချွတ်ယွင်းဖောက်ပြန်မမှန်စကားပြောခြင်းတို့ကြောင့် အပြစ်ပင်မရှိတော့သလောက် အထင်ရောက်နေကြလေသည်။

မုသားစကားချွတ်ယွင်းဖောက်ပြန် မမှန်စကားသည်

www.dhammaransi.com

အပြစ်မရှိမဟုတ် ရှိပါသည်။ အပြစ်ရှိရုံမျှမက မုသားပြော ခြင်းသည် အခြားပါဏာတိပါတ စသည်တို့ထက် ဖြစ် လွယ်သဖြင့် မုသားစကားကိုရှောင်ကြဉ်နိုင်မှ အခြားဒုစရိုက် တို့ကို မကျင့်သုံးနိုင်ဖွယ်ရှိသည်ဟု ရှေးပညာရှိကြီးများ ယူဆ ကြ၏၊ ထို့ကြောင့်မဟုတ်လော- ဘုရားအလောင်းတော် တို့သည် ပါဏာတိပါတ၊ အဒိန္နာ ဒါန၊ ကာမေသုမိစ္ဆာ စာရ၊ သုရာမေရယတို့၌ ရံခါကျူးလွန်မိကြသေးသည်၊ မုသာဝါဒကိုကား လုံခြုံအောင် စောင့်ထိန်းကြကုန်၏ဟု ကျမ်းဂန်တို့တွင်အဆိုရှိပေသည်။

မုသားစကားသည် ဇာတ်တော်များအလို စေတိယ ဇာတ်မှ စသည်ဟု ယူဆနိုင်၏၊ ဒီဃနိကာယ် ပါထိကဝဂ် စက္ကဝတ္တိသုတ်တွင် အနှစ်ရှစ်သောင်းတမ်းတွင် အဒိန္နာ ဒါနနှင့် ပါဏာတိပါတတို့ပေါ်လာ၍ အနှစ်လေးသောင်း တမ်းတွင် မုသာဝါဒပေါ်လာသည်ဟု ဟောထားပေ သည်၊ ဤသို့ဆိုသော် မုသာဝါဒ၏ သမိုင်းသက်ကား ရှည် ကြာလှပေပြီ။

မုသာဝါဒသည် အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ (အပြစ် ငယ်အပြစ်ကြီး) ဟု နှစ်မျိုးရှိရာ မုသားဆို၍ သူတစ်ပါး

www.dhammaransi.com

အကျိုးပျက်စီးလျှင် အပြစ်ကြီးသဖြင့် မဟာသာဝဇ္ဇမုသာဝါဒ ဖြစ်ပြီး သူတစ်ပါးအကျိုးမပျက် သက်သက် ချွတ်ယွင်းစေရုံ မျှပြောဆိုခြင်းမှာ အပ္ပသာဝဇ္ဇမုသာဝါဒ ဖြစ်၍ အပြစ်နည်း ပါးပေသည်။

ဤဆောင်းပါးအစတွင် ဖော်ပြထားသော လိမ်နည်း သုံးမျိုးတွင် နောက်ဆုံးဆေးရုံပေါ်မှ ဦးပဉ္စင်း၏ လိမ်နည်း မျိုးကား ကုသိုလ်ဖြစ်သည်ဟုပင် ဆိုရတော့မလောက် အပ္ပ သာဝဇ္ဇမုသာဝါဒမျိုးပင်ဖြစ်တော့၏။

## အပြစ်မရှိသောမုသား

ဘုရားအလောင်းတော်များ မုသားမဆိုဟု စာတို့၌ ပါ၏၊ မုသား၌ မဟုတ်မမှန်သော ဝတ္ထု၊ ချွတ်ယွင်းလိုသော စိတ်၊ လှံ့လထုတ်ခြင်း (ဝါ) ပြောဆိုခြင်းနှင့် နားထောင်သူ က ချွတ်ချွတ်ယွင်းယွင်း သိနားလည်ခြင်းဟူ၍ အင်္ဂါလေး မျိုးရှိရာ ဘုရားအလောင်းတို့သည် အင်္ဂါလေးမျိုးစုံအောင် (ဝါ) မုသားဖြစ်မပြောကြပဲ အင်္ဂါသုံးပါးအထိ ပရိယာယ် စကားအနေဖြင့် ပြောကြသည်ကား ရှိပေသေးသည်။

ဒုကနိပါတ်၌ အသည်းနှလုံးကိုရယူရန် မိကျောင်းက ဘုရားအလောင်းမျောက်မင်းကို ဖမ်းသည်၊ ဖမ်းမိသွားသဖြင့် အသည်းနှလုံးကို ယူမည်ဟု ပြောသောမိကျောင်းအား မျောက်မင်းက "ငါတို့မျောက်၏အသည်းကား ကိုယ်ထဲမှာမရှိ" ဟုဆိုသဖြင့် အဘယ်မှာထားလေသနည်းဟု မိချောင်းက မေးလျှင် သဖန်းပင်ပေါ်က သဖန်းသီးများကို ညွှန်ပြလိုက်လေသည်၊ ဤ၌အပင်ပေါ်က နီနီရဲရဲများသည် ငါ၏အသည်းများဖြစ်သည်ဟုကား မဆို၊ သို့သော် မိကျောင်းအားကား ချွတ်ယွင်းစွာနားလည်၍ သွားစေလေသည်။

ပဉ္စာဝုဓမင်းသားသည်လည်း သိလေသလောမ ဘီလူးကို "ငါ၏ဝမ်းထဲ၌ ဝရဇိန်လက်နက်ရှိ၏၊ ငါ့ကိုစားသော် သင်အစာမကြေနိုင်ပဲ အူအပိုင်းအပိုင်းပြတ်၍ သေလတ္တံ့" ဟု ဆိုခဲ့၏။

ဤ၌ မိမိ၏ပညာကို ဝရဇိန်လက်နက်နှင့် တင်စား၍ ဆိုသဖြင့် မုသာဝါဒမဖြစ်ဟု ဧကနိပါတ်ဇာတ် အဋ္ဌကထာ၌ဆိုသည်၊ ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်သော အရှင်သာရိပုတ္တရာသည် တရားမနာနိုင်လောက်အောင် ပူပန်လှုပ်ရှားနေသော တမ္ဗဒါဌိက လူသတ်ခိုးသားကြီးအား "သူတစ်ပါး

သတ်ခိုင်း၍ သတ်ရသောသင့်အား အပြစ်ဖြစ်နိုင်အံ့လော" ဟု ပရိယာယ်စကားဖြင့် ချွတ်ယွင်းစွာသိစေပြီး စိတ်ငြိမ်သက်သွားမှတရားဟောရာ သုဂတိလမ်းဖြောင့်တန်း၍ သွားရလေသည်။

နိဂုံးချုပ်ရမူ "သော ပရ-အတ္တဘောဒကရော ကမ္မပထော၊ ကတ္တရော ကမ္မမေဝ" ဟူသော ဋီကာကျော်စကားအတိုင်း အကျိုးစီးပွားပျက်စီးမှုသာလျှင် မုသာဝါဒသည် ကမ္မပထမြောက်၍ အပါယ်လားကြောင်းဖြစ်သည်၊ အကျိုးစီးပွားမပျက်သက်သက် ချွတ်ယွင်းစေရုံသာ မုသာဝါဒသည် မုသာဝါဒသာမန် (ကံသာဖြစ်၍) အပါယ်လားကြောင်း မဟုတ်ဟု သတ်မှတ်သင့်ပေသတည်း။

* * *

www.dhammaransi.com

# ဒေါက်ချာ

အသက် (၃) နှစ်ခန့် ကလေးမလေးတစ်ယောက်သည် အတွဲ (၆) အမှတ် (၁၂) ဓမ္မဗျူဟာမျက်နှာဖုံး မင်္ဂလာသရုပ်ဖော်ပုံကိုကြည့်၍ "ဒီဘုန်းကြီးကလဲ ခေါင်းပေါ်မှာ ဦးထုပ်ကြီးဆောင်းလို့ မေမေ" ဟု သူ့အမေကို ပြောသည်၊ သူ့အမေကစာစောင်ကို ဆွဲယူကြည့်ပြီး "ဒါ ဘုန်းကြီးမဟုတ်ဘူး သမီးရဲ့၊ ရသေ့ခေါ်တယ်၊ ခေါင်းပေါ်က ဦးထုပ်မဟုတ်ဘူး၊ ဒေါက်ချာလို့ ခေါ်ရတယ်၊ ဒေါက်ချာ" ဟုရှင်းပြ၏၊ "ဟင် -ဒေါက်ချာဆိုတာ ဘာလဲ"ဟု ကလေးကမေးသော် ပြန်လည်ဖြေဆိုသံမကြားရချေ။

ကလေးကမသိ၍ မေးသည်၊ မအေကလည်း မသိ၍မဖြေခြင်းဖြစ်သည်၊ သို့သော် ဘေးမှကြားနေရသော စာရေးသူကဝင်၍ ဖြေပြလို ပါ၏၊ သို့သော် ဒေါက်ချာကို ကလေးနားလည်အောင် မည်သို့ဖြေနိုင်ပါအံ့နည်း၊ ဒေါက်ချာအကြောင်း အဟုတ်တကယ်ဆွေးနွေးကြပါစို့ ဆိုလျှင် (၃) နှစ်သမီးကလေးကို ထားဘိဦး၊ ပညာရှင်များပင် တ

www.dhammaransi.com

လည်လည်ဖြစ်၍နေကြမြဲပင် ဖြစ်လေသည်။

ဒေါက်ချာဟူသည်ကို သာမန်အားဖြင့်ဆိုက ထိုက လေးမလေးပြောသည့်အတိုင်း "ဦးထုပ်"ဟုဆိုသည်ကပင် ရှင်းပါသည်။ ထို့ကြောင့် မြန်မာ့ဝေါဟာရဖြစ်သော ဒေါက်ချာကို ဤနေရာတွင် မြှုပ်၍ ရင်းမြစ်ကိုဆွေးနွေးကြပါမည်။

ရသေ့တို့ ပရိက္ခရာများအကြောင်းကို ဇာတ်နိပါတ်များတွင် များစွာဖွင့်ဆိုထား၏။ ဤနေရာ၌ ပါဠိများကို ဖော်ထုတ်မနေလိုတော့ပါ။ အောက်ပါစကားရပ်များမှာ ဗုဒ္ဓသာသနာ မဟာဗုဒ္ဓဝင် ပ-၁-၅၁-လာ (ဇာ၊႒ ၁-၁၁ ကို ပြန်ဆို) ရေးသားချက်ဖြစ်ပါ၏။

လိပ်ဆူးရွှေပန်းဆိုင်းပမာ နီမြန်းသော လျှော်တေသင်္ကန်းကို ခါး၌ဝတ်ဆင်ပြီးလျှင် ထို၏အပေါ်၌ ရွှေရောင်အဆင်းဝါဝင်းသော လျှော်တေသင်္ကန်းကို ခြုံရုံ၍ ပုန်းညက်ပန်းအခင်းနှင့် တူသော ခွာနှင့်တကွသော သစ်နက်ရေကို လက်ဝဲပုခုံးပေါ်မှာတင်လျက် ဆံကျစ်ဝန်းကို သျှောင်မှာစွပ်ပြီးလျှင် သျှောင်နှင့်တကွ မလှုပ်မရှားနိုင်အောင် ဆင်စွယ်ဆံထိုးကိုထိုး၍ ပုလဲစီခက်ဇာတာဘက်နှင့်တူသော ဆိုင်း၌ သန္တာကျောက်အဆင်းရှိသော ရေကရားကို ထည့်

www.dhammaransi.com

ပြီး အစွန်းနှစ်ဘက်အလယ်ချက်အားဖြင့် သုံးပါးသောဌာနတို့၌ ကောင်းသော ထမ်းပိုးကိုယူ၍ ထမ်းပိုးအစွန်းတစ်ဖက်၌ ရေကရား၊အခြားထမ်းပိုးအစွန်းတစ်ဖက်၌ ချွန်းတောင်း (တံချူ)ခြင်းတောင်း - သစ်သားသုံးခွ စသည်တို့ကို ချိတ်ဆွဲ၍ ရသေ့ပရိက္ခရာအစုံပါသော ထမ်းပိုးကို ပခုံး၌တင်လျက် ယာဘက်လက်ဖြင့် တောင်ဝှေးကိုကိုင်ပြီး လျှောင်"

ဤကောက်နုတ်ချက်တွင် လျှော်တေသကာ်န်းအစုံ၊ သစ်နက်ရေ၊ ဆံကျစ်ဝန်း၊ ရေကရား ၊ ထမ်းပိုး၊ချွန်းတောင်း၊ ခြင်းတောင်း၊ သစ်သားသုံးခွနှင့် တောင်ဝှေးဟူသော ရသေ့ပရိက္ခရာများကို ပုံဖော်ထားလေသည်၊ ဤ၌ အခြားပရိက္ခရာများကို ဆွေးနွေးရန်မဟုတ်သဖြင့် ထားခဲ့ပြီး ဒေါက်ချာဆိုင်ရာဆံကျစ်ဝန်းဆိုသည်ကိုသာ ထုတ်ဖော်လိုပါသည်။

## ဆံပင်နှင့်ဆံကျစ်ဝန်း

ဆံကျစ်ဝန်း (ဝါ) ဆံကျစ်ကိုပါ၌ "ဇဋာမဏ္ဍလံ"ဟုဆိုထားသည်၊ ဆံကျစ်နှင့်ဆံကျစ်ဝန်းကို စာများတွင် အတူ

www.dhammaransi.com

ရော၍ဆိုထားကြသည်၊ သို့သော် ဇရွာ- တစ်ခုတည်းက ဆံကျစ်ဆို၍ ဇရွာမဏ္ဍလံမှာ ဆံကျစ်ဝန်းဆိုသဖြင့် တစ်ခု စီကဲ့သို့ဖြစ်၏၊ အဘိဓာန်တွင် 'ကေသာစယေတာပသာနံ တဟိဇရွာ-ထိုဆံစုအပေါင်း၌ ရသေ့တို့အား ဆံကျစ်မည် ၏" ဟုဆိုသည်၊ အရဟတ္တမဂ်တည်းဟူသော တီးလှိုင်ငှက် (ဝါ) ငှက်ဆင်ကို ထောင်လိုသောငှာ ဆံကျစ်တည်းဟူ သော ကျော့ကွင်းဥသျှောင်ကိုပြသည်ဟု စာပေတို့၌ ဖော်ပြ ထားသည်ကို ထောက်လျှင်လည်း ဆံပင်ကို ကွင်းအဝန်း အဝိုင်းပြု၍ ကျစ်ထားသယောင်ပေါ်လွင်လေသည်။

သို့သော် "ဆံကျစ်ဝန်းကိုသျှောင်မှာစွပ်ပြီးလျှင် သျှောင်နှင့်တကွ မလှုပ်မရှားနိုင်အောင် ဆင်စွယ်ဆံထိုးကို ထိုး၍"ဟူသော မဟာဗုဒ္ဓဝင် -ကောက်နုတ်ချက်အရကို ကြည့်လျှင် ဆံကျစ်ဝန်းသည် ဆံပင်ကိုကျစ်ထားသော အဝန်းအဝိုင်းမဟုတ်၊ အခြားအပ ပရိက္ခရာတစ်မျိုးဖြစ် ကြောင်း ထင်ရှားနေပေသည်၊ ထိုဆံကျစ်ဝန်းကို ခေါင်းမှာ စွပ်၍ ပြုတ်ကျမသွားရန် ဆံထုံးတွင်ဆင်စွယ်ဆံထိုး (ဝါ) သစ်သားချောင်းတစ်ခုဖြင့် ကန့်လန့်ထိုးထားရသေးသည် ဟု အဓိပ္ပါယ်ပေါ်လေသည်။

www.dhammaransi.com

ထို့ပြင် သုမေဓာစသော ဘုရားအလောင်းတို့ တောထွက်ကြရာတွင် ရသေ့ပရိက္ခရာတို့ကို သိကြားမင်းအမိန့်ဖြင့် ဝိသကြုံနတ်သားက ဖန်ဆင်းထားလေ့ရှိရာ၊ ထိုတွင် "အန္တောပဏ္ဏသာလာယံ- သစ်ရွက်မိုးကျောင်းအတွင်း၌၊ ဇဋာမဏ္ဍလဝါကစိရတိဒဏ္ဍကုဏ္ဍိကာဒိကေ၊ ဆံကျစ်ဝန်းလျှော်တေသက်န်း သစ်သားသုံးခွ ကရားအစရှိကုန်သော၊ တာပသပရိက္ခာရေ - ရသေ့တို့၏ ပရိက္ခရာတို့ကို" စသည်ဖြင့်ဖော်ပြထားသည်၊ ယင်းကိုထောက်လျှင်လည်း ဆံကျစ်ဝန်းသည် ကိုယ်တိုင်ကျစ်ထားသော ဆံထုံးကိုဆိုလိုသည် မဟုတ်၊ အခြားအပ ပရိက္ခရာတစ်မျိုးပင် ဖြစ်နေပြန်သည်။

ထိုနည်းအတိုင်းပင် ဥရုဝေဠကဿပညီနောင်ရသေ့တစ်ထောင်တို့ အကျွတ်တရားရ၍ ရသေ့ပရိက္ခရာများကို ရေတွင်မျှောလိုက်ကြရာ၌ "အထခေါ - ထိုအခါ၌၊ တေဇဋိလာ- ထိုရသေ့တို့သည်၊ ဇဋာမိဿံ-ဆံကျစ်ဖြင့် ရောထသော၊ ခါရိကာဇမိဿံ - ပြာစစ်ထမ်းပိုးဖြင့် ရောထသော၊ အဂ္ဂိဟုတမိဿံ - မီးပူဇော်ခြင်းဖြင့် ရောထသော၊ ပရိက္ခာရံ - ပရိက္ခရာကို၊ ဥဒကေ - ရေ၌၊ပဝါဟေတွာ- မျှော

www.dhammaransi.com

လိုက်၍" ဟု ဝိနည်းမဟာဝါ ပါဠိတော်၌ ဆိုထားသဖြင့် ဆံကျစ်လည်း ပရိက္ခရာတစ်မျိုးပင်ဖြစ်ကြောင်းသိသာသည်။

## ဆံကျစ်ဝန်းဒေါက်ချာ

ဂန္ဓာရဇာတ်တွင် ဆားကိုဆံကျစ်၌ သိုမှီးထား ကြောင်း ဆိုထားချက်၊ ဘူရိဒတ်ဇာတ်တွင် အဇမုခိနှမငယ်ကို ဖားအယောင်ဆောင်၍ သုဒဿနရသေ့၏ ဆံကျစ်ကြား တွင် ဆောင်ယူခဲ့ကြောင်း ဆိုထားချက်တို့ကလည်း ဆံကျစ် နှင့် ဆံတခြားစီဖြစ်ကြောင်း ဖော်ပြနေပေသည်၊ ထို့ကြောင့် သမန္တစက္ခု ဆရာကလည်း "ဆံမှအခြား ဆံကျစ်ဟု ယူသင့် သည်၊ ဆရာမြတ်တို့ကား ယခုအခါ ဒေါက်ချာဟု ခေါ် သော သီသာလကာရပင်ဖြစ်သည်ဟု ဆိုကြကုန် ၏" ဟု ဆံကျစ်ဟူသည် ဆံပင်ကို ကျစ်ထားခြင်းမဟုတ်၊ ဒေါက်ချာ ပင်ဖြစ်ကြောင်း ထင်ထင်လင်းလင်းဖော်ပြခဲ့လေသည်။ မဟာဗုဒ္ဓဝင် အနုဒီပနီကလည်း "ဤသို့ ဥဿျှောင် ပေါ်မှ အုပ်၍စွပ်ထားရသော ဆံကျစ်ဝန်းကိုပင် ယခုအခါကာ လ၌ "ထောက်ချာ"ဟုခေါ်သည် (ထောက်ချာ - ဥဿျှောင်

ပေါ်မှာအမှိုက်သရိုက် စသည်မကျအောင် ထောက်ခံ အုပ်ချုပ်ထားသောအသုံးအဆောင်ဟုဆိုလိုသည်) ဟု အဓိပ္ပါယ်ဖွင့်လှစ် ရေးသားထားလေသည်။

ဆံကျစ်သည် ဒေါက်ချာ (ဝါ) ထောက်ချာဖြစ်ကြောင်း ထင်ရှားပြီ၊ ဓမ္မဗျူဟာ ဖော်ပြပါ ပုံကဲ့သို့ ဦးခေါင်းမှ အထက်သို့ထောင်ပြီး ခါးသိမ်၍ အဖျားနှစ်ဖက်ကားနေသလော၊ ထိုဒေါက်ချာကို မည်သည့်ပစ္စည်းဖြင့် ပြုလုပ်ကြသနည်းဟု မေးဖွယ်ရှိသည်၊ ပုံစံမှာ ရှည်ရှည်မြင့်မြင့်ဖြစ်ချင်မှဖြစ်မည်၊ ဆံပင် အကျစ်အထုံးအပြင်မှ ဆံပင်ကိုစွနည်းပါးရန် ကြာရှည်ခိုင်ခံ့ရန် စွပ်ထားသောအရာဖြစ်၍ ဆံပင်အဲကျစ်အထုံး လုံခြုံလောက်သော အဝန်းအဝိုင်းအမြင့်အရှည်အနေအထားအတိုင်းပင် ဖြစ်စရာရှိ၏၊ ဆံပင်ကောင်းယူအထုံးကြီးသူအဖို့ ကြီး၍ဆံပင်မကောင်းသူအထုံးသေးသူ၌ ခပ်သေးသေးပင်ဖြစ်ပေမည်၊ ပုံစံတစ်ပုံစံတည်းဟုတ် ကောင်းမှဟုတ်မည်၊ ခိုင်မြဲရန်ပြုတ်မကျရန် ဆင်စွယ် (သို့မဟုတ်) အနှစ်ရှိသော သစ်သားချောင်းငယ်ဖြင့် ကန့်လန့်ထိုးစိုက်ထားရသဖြင့် အဝတ်သားရေကဲ့သို့သော ပစ္စည်းများလည်း ဟုတ်မည်မထင်ပါပေ။

## တရပတ်ဒေါက်ချာ

သာသနာလင်္ကာရတွင် "ရှင်တိသာသနဓဇလက်ထက်က စ၍ ဦးထုပ်ဒေါက်ချာမဆောင်း တရပတ်အဖြူ အနီ မကိုင်" ဟူသော စကားတစ်ရပ် (ယင်းကျမ်း -၅၅) ၌ ဦးထုပ်ဒေါက်ချာနှင့် တရပတ်သည် တခြားစီကဲ့သို့ ထင်ရသော်လည်း "ဦးထုပ် တရပတ်ကို မဆောင်းမကိုင်စေပဲ ယပ်ကိုသာ စွဲကိုင်စေလျက်" ဟူသောစကားရပ် (၁၈၁) အရ ဦးထုပ် (ဒေါက်ချာ) နှင့် တရပတ်သည် အတူတူလော ဟု တွေးဆရသည်။

တရပတ်ဟူသည်ကို ဆွေးနွေးဘူးသည်၊ တရပတ်ဟူသော စကားမှာ တာလပတ်မှ ဖြစ်လာသဖြင့် တာလပတ္တ ထန်းရွက်ဖြစ်၍ ထန်းရွက်ကို ရက်လုပ်ထားသောအရာ ဖြစ်သည်ဟု ဆရာတော်ကြီး တစ်ပါးမိန့်တော်မူသည်ကို မှတ်သားရသည်၊ ထန်းရွက်ဟူရာ၌ ထန်းဖူး ထန်းရွက်လည်း ဖြစ်နိုင်သည်၊ သို့ဆိုသော် ရသေ့တို့၏ ဒေါက်ချာသည် ထန်းရွက်ထန်းလျှော်ကို ဆံထုံးလုံအောင်ထိုး၍ အုပ်ဆောင်းထားသော ဦးထုပ်တစ်မျိုးဖြစ်လေသလောဟု

www.dhammaransi.com

ကြံ့စရာ ရှိလေသည်။

ထိုဒေါက်ချာဦးထုပ်ကို မြန်မာ့သာသနာ့ဝင်၌ ရဟန်းများလည်း ဆောင်းခဲ့ဘူးကြောင်း သာသနာ့ဝင်တို့၌ တွေ့ရသည်။ သက္ကရာဇ် ၇၃၀ - ပြည့်နှစ် နန်းတက်သောမင်းကြီးစွာလက်ထက် အသက် (၉) နှစ်အရွယ်သားတော်မင်းဆွေ (ဘုရင်မင်းခေါင်) အား ပင်လယ်ကျေးသံဃရာဇာထံအပ်ထားရာ တစ်ညသော်မင်းဆွေသည် ကိုယ်ကအဒူများထွက်၍ အဝမြို့အလုံးကိုရစ်ပတ်မိသည်ဟု အိပ်မက်မြင်၍ ဆရာတော်ကို နှိုး၍ပြော၏၊ ဆရာတော်သည် ချက်ခြင်းထ၍ မင်းသားကို ခြေဖြင့်ကန်ရာ တုံးလုံးလည်းလေသည်၊ အရှင်ဘုရားပြုရက်သည်ဟု မင်းသားဆိုသော် "ငါပဥ္စင်းပျိုငါးဝါရက တောင်ဘီလူးပရက္ကမမှာ စာသင်သည့်ကာလလေလာရာတွင် ငါ့ဦးထုပ်ကျလေသည်ကိုငါခြေနင့်နင်းမိ၍ မင်းဆရာဖြစ်မည်မချွတ်ပြီ၊ မင်းဆရာဖြစ်လျှင် တံတားဦးကိုယက်မလျှိုအမိုးနှင့် တံတားလုပ်မည်ဟု အဓိဋ္ဌာန်ရှိသည်။ မင်းသားမြင်သော အိပ်မက်အလို မကြာမတင် မင်းဖြစ်မည်။ မေ့အံ့စိုး၍ ငါခြေဖြင့်ကျောက်သည်၊ မင်းဖြစ်လျှင် ငါဓိဋ္ဌာန်သည့်အတိုင်းလုပ်ပါ"ဟု ဆရာတော်ဆို၏။

အထက်ပါစကားအရ ရှေးအင်းဝခေတ်ဦးက အချို့ ရဟန်းတော်များသည် ရသေ့တို့ကဲ့သို့ပင် ဦးထုပ်ဒေါက်ချာ ဆောင်းခဲ့ဘူးကြောင်း ထင်ရှားလေသည်၊ သို့သော် ထေရဝါဒဗုဒ္ဓအလိုတော် ကျင့်သုံးလိုကြသည့် လင်္ကာသူမွန် ပညာဝန်မဟာထေရ်မြတ်အဆက်ဆက်နှင့် သာသနာပြု မင်းကောင်းမင်းမြတ်တို့ ကျေးဇူးကြောင့် သံဃာများနှင့် မထိုက်လျော်သော ဒေါက်ချာဦးထုပ်ဆောင်းအယူဝါဒကြီး ပျောက်ကွယ်ခဲ့ရပေသည်။

ဤသည်လျှင် "သည်ဘုန်းကြီးကလဲ ခေါင်းပေါ်မှာ ဦးထုပ်ကြီးဆောင်းလို့ -မေမေ" ဟူသောကလေးစကားကို အရေးထား၍ စဉ်းစားရာမှ ဖြစ်ပေါ်လာရသော ဆောင်းပါးတရပ်အပြီးသတ်သတည်း။

* * *

# မင်းဆရာဘဝနှင့်
# မြော်ရည်ချက်ဆန္ဒ

အရှင်ကား ရာဇဂုရုဘွဲ့ခံ မင်းဆရာတစ်ပါးတည်း၊ ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော် မင်းတရားကြီး၏ နန်းဦးငါးထပ်ကျောင်း ပြသာဒ်တွင် ဘုရင်မင်းမြတ်၏ အကိုးကွယ်ခံ ဆရာတော်တစ်ပါးဖြစ်သဖြင့် သက်ဝါတော်အလွန်မကြီးရင့်သေးလင့်ကစား မဟာထေရ်ကြီးတစ်ပါးအသွင် သံဘင်တိုင်း သင့်ပွဲတိုင်းတင့်ခဲ့ရ၏၊ မင်း၌ ကြုံကြိုက်သမျှ ပြဿနာအဝဝတို့ကိုလည်း လောကဓမ္မ ရာဇ အလျောက် အကြောင်းကြောင်းကို ထောက်၍ ရွှေးကောက်ရှင်းလင်းတင်သွင်းဆုံးဖြတ်၍ အပြီးသတ်စေခဲ့ရ၏။

သွားရာလာရာတို့တွင် ရွှေဝေါယာဉ်အသင့် ကျိုင်းသိုင်းဆယ်မားတွေတဝင့်ဝင့်ဖြင့် မြင့်မြင့် ထယ်ထယ်နှင့်တင့်တင့်တယ်တယ် ကြီးဖြစ်ခဲ့ပါသည်၊ နန်းတော်တွင်း၌ ချက်ပြုတ်သည့် အဖုတ်အကင်အကြော်အလှော် ကောင်းပေ့ဆို

www.dhammaransi.com

သည့် ပွဲတော်တို့ကို ဇမ္ဗော်ရည်ညီး ရွှေအုပ်ကြီးတို့ဖြင့် တစ်အုပ်ပြီးတစ်အုပ် ကပ်ဆက်ခံလျက်ဘုန်းပေးသုံးဆောင်၍လည်း နေရပြန်သေးသည်။

မှင်းဆရာတော်ဖြစ်သဖြင့်လည်း တွေ့ခွင့်ဖူးမျှော်ခွင့်ရလိုသူတိုင်း မတွေ့နိုင်မဖူးမျှော်နိုင်၊ လာရောက်တွေ့လိုသူတို့ကို ထားဘိဦး၊ မိမိကိုယ်တော်တိုင် တွေ့လိုနှုတ်ဆက်လိုသူတို့ကိုပင် ချက်ချင်းတွေ့ဆုံခွင့်မပေးနိုင်၊ အချိန်အခါနှင့် အခွင့်သင့်ရာ ကာလကိုယောက်၍သာ တယောက်ချင်းစစ်ဆေးပြီးမှ တွေ့ခွင့်ပေးရသည်၊ တွေ့ဆုံခံရသည်၊ စကားစမြည်ပြောရသည်။

တစ်နေ့တစ်နေ့တွင် မင်းရေးစိုးရေးရာဇရေးနှင့် ဓမ္မရေးဆိုင်ရာသာသနာ အရှုပ်အရှင်းတို့က မပြေင်းနိုင်မဖယ်နိုင်တနေကုန်ရုံးထိုင်၍ ဒိုင်ခံဖြေရှင်းပေးနေရသဖြင့် ကြံရေးကျင့်ရေး သမထဘာဝနာနှင့် ဝိပဿနာရေးရာ ကိုယ်ရေးကိုယ်တာ အတွက်ပင် အချိန်မပေးနိုင်အောင် ဖြစ်နေရပြန်လေသည်။

တစ်နေ့ပြီးတစ်နေ့ တစ်လပြီးတစ်လ တစ်နှစ်ပြီးတစ်နှစ် ထိုလုပ်ငန်းများတွင်သာ နစ်နေရသဖြင့် စင်စစ်ငြီး

www.dhammaransi.com

ငွေ့တော်မူနေပေပြီ၊ အရှင်မြတ်၏ ပကတိသဘောတွင်ကား ယေိရွှယ်စဉ်ကကဲ့သို့ ချစ်ခင်သောသူငယ်ချင်း သီတင်းသုံးဖော်တို့နှင့် ပျော်ပျော်ပါးပါးဆရာမြတ်ထံတော်ပါးတွင် ဝပ်တွားဆည်းကပ် ခညွှတ်ချဉ်းကာ လုပ်ကျွေးကာလျှင်သဒ္ဒါနေတ္တိ ဂဏ္ဍိပုဒ်ပါဠိ ကလပ်ဒဏ္ဍီ ဗျဉ္ဇီဆန္ဒ မူလဋီကာဋ္ဌကထာနှင့် ခက်ရာကျမ်းဂန် အတန်တန်ကို နာခံမှတ်သားတိုင်းကားပြည်ရွာ အေးချမ်းစွာဖြင့် သင်ကာ ကြားကာနေလိုပေသည်၊ မသိကွယ်ဝှက် ခဲခက်သမျှ အဝဝကို သံသယကင်းအောင် အလင်းဆောင်နိုင်သည့် အခေါင်အဖျားဆရာသမားထံတွင် ဝပ်တွားမှီခို မေးမြန်းမှတ်သား၍ သာနေလိုပေသည်။

ထို့ပြင် လှူနှင့်ဝေးရာ အရည်ကင် မုတင်ရရာ တောဝနာဟု ဆိုအပ်သော မြိုင်သာရဂုံ စေးချုံပိတ်ပေါင်း တောင်စောင်းချောက်မြောင် တောရပ်ချောင်တွင် လေဆောင်ကြွေကျကုန်သော ချိုမြရသာ မာလကာ ပိန္နဲ၊ နရွဲ ထောက်ရှာ၊ သြဇာသရက်၊ ငှက်ပျောသဖန်း၊ အခန်းခန်းသော အသီးအရွက်တို့ကို နှစ်နှစ်သက်သက် သုံးဆောင်လျက် အနှောင်အဖွဲ့ကင်းဝေး အေးဆေးငြိမ်သက်စွာဖြင့် ဝိပဿနာ

www.dhammaransi.com

ကမ္မဋ္ဌာန်း သမထ ကမ္မဋ္ဌာန်းကသိုဏ်းဝန်းနှင့် စီးဖြန်းဘာဝနာ ပွားကြောင်းရှာ၍ ချမ်းသာစွာနေထိုင်လိုပေသည်၊ ပြည်သူ ပြည်သား သတ္တဝါဝေနေယျများကိုလည်း တရားဖြန့်ကမ်း မေတ္တာဖျန်း၍ နတ်လမ်းထွင်ပေးချင်ပေသည်။

အထူးအားဖြင့် အရှင်၏စိတ်ထဲတွင် ငယ်စဉ်ကခင် မင်သော ဆွေသဟာနှင့် သာရိပုတ္တရာ အလောင်းအလျာ မောဂ္ဂလာန်အလောင်းအလျာနှစ်ဖြာမိတ္တာ သရဒက္ကသိ မြတ် ကဝိနှင့် သီရိဝေပုနသူဌေးတို့လို လေးနက်သောချစ်ခြင်း ဖြင့် မကွဲမကွေနေလည်းမခြား သွားလည်းအတူ စင်ဖြူ သီလပါရမီတူညီမျှလျက် ကာလသင့်လျော် ပင်ကုံကော် ဝယ် ရှင်တော်မေတ္တေယျပွင့်တော်မူချိန်ကျလျှင် နှစ်ဝဖက် တွဲ အဂ္ဂမဟာ ဝဲယာနွဲ့လျက် ဗျာဒိတ်ပွဲကြီးယင်တော်မူလို လှပေသည်။

ဤကား မင်းဆရာဖြစ်တော်မူနေရသော အရှင် မြတ်၏ ပကတိ နှလုံးတော်ဖြစ်ပေသည်၊ ထိုပကတိနှလုံး တော်ရည်မြော်ချက်၊ ဆန္ဒခေတ်ကို မလပ်မအား အရေး အရာတို့အကြားမှ အောက်ပါအတိုင်း ရတုပိုဒ်စုံတစ်ပုဒ် ဇရေးသားစီကုံးခဲ့ပေသည်။

www.dhammaransi.com

## ရတုပိုဒ်စုံ

၁။ ။ သတိမူလ၊ ပဋ္ဌာနဖြင့်၊ ပီယရစ်ထပ်၊ ချစ်ကြိုး
ပတ်၍၊ လေးမြတ်ကြည်သာ၊ ကျန်းတော်သာ
လျက်၊ မကွာတူကွ၊ ငယ်စဉ်ကသို့၊ ပုညကုသ
လာ၊ ပွားကြောင်းရှာလျက်၊ သဒ္ဒါနေတ္တိ၊
ဂဏ္ဌိပုဒ်ပါဌ်၊ ကလာပ်ဒဏ္ဍီ၊ ဗျဉ္ဇီဆန္ဒ၊ မူလဋီ
ကာ၊ ဌကထာနှင့်၊ ခက်ရာကျမ်းဂန်၊ အတန်
တန်ကို၊ ဉာဏ်မြင့်မိုရ်နှယ်၊ ကျေးဇူးကယ်သား၊
ဘုန်းကြွယ်အထွတ်၊ ကျမ်းတတ်ထိုထို၊ မြတ်
ပုဂ္ဂိုလ်ဝယ်၊ လိုတိုင်းချွေကာ၊ ပဒေသာသို့ ကျင့်
ရာသုံးနည်း၊ နိဿရည်းကို၊ ကပ်ဆည်းနှီးနွှယ်
ရှေးကနှယ်လျှင်၊ သုံးသွယ်ရေမိုး၊ ဖြောင့်ရိုး
ဆွတ်ဖျန်း၊ ပြည်တည်းချမ်း၍၊ ရွှင်လန်းသင်ရ
ပါဘိမူ။ ။

၂။ ။ကဝိဟူရ၊ ဉာဏ်ချွန်းပြ၍၊ တူကွ ယှဉ်ကာ၊
မြိုင်သာရဂုံ၊ စေးချုံပိတ်ပေါင်း၊ နှာမောင်းယှက်
မြှောင်၊ တောရပ်ချောင်ဝယ်၊ တတောင်သက်

www.dhammaransi.com

ဆင်း၊ တကျင်းရောက်ရောက်၊ ကျပ်ချောက်လုံ
စွာ၊ ဆိတ်ညံရာ၌၊ ဆယ်ဖြာသောကာ၊ ရှင်းစေ
မှုလျှင်၊ သီလမဥ္ဇူ ဆွတ်ဆင်မှုဖြင့်၊ လူနှင့်မနီး၊
သစ်သီးသစ်ခေါက်၊ သစ်ညှောက်သစ်ဉ၊ အ
စာပြုလျက်၊ ရှုကမ္မဋ္ဌာန်း၊ ကသိုဏ်းဝန်းနှင့်၊
စီးဖြန်းဘာဝနာ၊ပွားကြောင်းရှာ၍၊အရိယာ
ဝံသ၊ဓမ္မလေးအင်၊ နေ့တိုင်းဆင်လျက်၊များဖြင်
သတ္တဝါ၊ ဝေနေယျာကို မေတ္တာရေချမ်း၊ ဆွတ်
ကာဖျန်း၍၊ နတ်လမ်းတွင်ရပါဘိမူ။ ။

၃။ ။ဂတိဘူတာ၊ ငါးဝလမ်းဝယ်၊ နောက်ရှစ်သွယ်
၌၊ ကြံကြိုက်သောထွေ၊ တို့နှစ်ဆွေကား၊ ဖြစ်
လေကတိုင်း၊ သံသာလှိုင်းဝယ်၊ မယိုင်းတူကွ၊
ဆုံမိကြ၍၊ သရဒက္ကသိမြတ်ကာဝိနှင့်၊ သီရိဝပုန
မာနဝသို့၊ ဒိဋ္ဌသမ္ဘတ်၊ လေးရပ်ဆယ်ခြောက်၊
ခင်ပွန်းမြောက်၍၊ တောင်ချောက်မဆီး၊ မြစ်
ကြီးမသန်း၊ ချောင်းကမ်းမခြား၊ ဆွေမပြား
လျက်၊ သွားလည်းမကွေ၊ နေလည်းမကွာ၊
သဒ္ဓါသီလ၊ သဘောမျှလျက်၊ ဒသပါရမီ၊ ကျင့်

သုံးလီကို၊ အညီတူကွ၊ ဖြည့်ကုန်ရလျက်၊ ကာလသင့်လျော်၊ နောင်သရော်မှုကင်းကော်နန်းရှင် ထွက်ချာတွင်မှ၊ ကြည်လင်ရွှင်လန်း၊ဗျာဒိတ်ပန်းကို၊ လန်းလန်းဆင်ရပါဘိမှု။ ။

ဤရတုပိုဒ်စုံကို ရေးသားစပ်ဆိုသောအရှင်ကား "ဣန္ဒဝဇီရာဘိလင်္ကာရ သီရိဓမ္မမဟာဓမ္မရာဇာဓိရာဇာဂုရု" ဘွဲ့ခံ ကျမ်းဂန်ပို့၊ ကဗျာပေါင်းများစွာ ပြုစုတော်မူခဲ့သည့် မုံရွေးဇေတဝန် ဆရာတော် အရိယာဝံသအာဒိစ္စရံသီ မဟာထေရ်မြတ်ပင်ဖြစ်၏၊ အရှင်သည် ဤရတုပိုဒ်စုံကို ငယ်စဉ်က စာသင်ဖက်ဖြစ်သည့် ဆားလင်းကြီးဇယန္တာဘိဝံသသူမြတ်ထံသို့ ရေးသားပေးပို့တော်မူလေသည်။

(ပုံမနှိပ်ရသေးသော မုံရွေးရတုများမှ ငယ်စဉ်က ရေးသားထားသောရတု တစ်ပုဒ်ကို မွမ်းမံတင်ဆက်လိုက်ပါသည်။)

* * *

www.dhammaransi.com

# သာလကာတစ်လင်ပန်း ပင်ပန်းကာတစ်ယောက်မ

မမွှသာကစ္ဆာဝိုင်းတွင် မိတ်ဆွေများနှင့် ပြောဆိုကြရင်းမှ "သာလကာတစ်လင်ပန်း၊ ပင်ပန်းကာ တစ်ယောက်မ" ဟူသော ရှေးစကားပုံလေးတစ်ခု ပေါ်ပေါက်ဆန်းသစ်၍ လာပေသည်၊ သက်သက်သာသာ နေထိုင်သော်လည်း တစ်လင်ပန်းလောက် စားသောက်ရ၍ ပင်ပင် ပန်းပန်းလုပ်ဆောင်ရသော်လည်း တစ်ယောက်မလောက်သာ စားသောက်ရသည်ဟု ဆိုလိုပါ၏။ ယင်းစကားပုံမှာ လောကရေးနှင့် ဆန့်ကျင်လှသော်လည်း မမွှရေး၌ကား အလွန်သိမှတ်စရာ ကောင်းလှပါသည်။

လောကရေးတွင် ပင်ပင်ပန်းပန်း ကြိုးစားလုပ်ကိုင်သူအဖို့ ပင်ပင်ပန်းပန်း ကြိုးစားလုပ်ကိုင်သလောက် များစွာရနိုင်သည်၊ သက်သက်သာသာ နေထိုင်လျှင် ရနိုင်လမ်းမရှိပေ၊ သာသနာရေးတွင် တရားမမွှအားထုတ်ရာ၌လည်း ပင်ပင်ပန်းပန်းကြိုးစားအားထုတ်ရန် လိုအပ်သည်

www.dhammaransi.com

သာဖြစ်ပါ၏၊ သို့သော် ဤ "သာလကာတစ်လင်ပန်း" ၌ကား တရားဓမ္မကြီးစားအားထုတ်သော ဓမ္မရေးကို မဆိုလိုပါ။ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ လူမှုဆက်ဆံရေး ရည်ရွယ်ခြင်းပင်ဖြစ်ရာ ထိုစကားပုံ၏ ဖြစ်ရင်းမူလကို သိသာရန် ဇာတ်ကြောင်းပြန်ရပါသည်။

သက္ကရာဇ် ၁၀၁၉ - ခုနှစ် (သာလွန်မင်းတရားကြီး နန်းတက်၍ (၁၃) နှစ်မြောက်တွင် သားတော်အမြင့်မြို့ စားရှင်တရုပ်သည် လူသွမ်းလူပျက်တို့စကားကို နာယူ၍ နံနက်လေးချက်တီးကျော်တွင် ခမည်းတော်သာလွန်မင်း တရားကြီးကို လုပ်ကြံရန် နန်းတော်သို့ ချက်တဖြုတ်ဝင် လေသည်၊ မြေနန်းရှေ့သို့ ရောက်မှ တိုက်စည်တီး၍ အ မြောက်သံပေးသဖြင့် ဘုရင့်စစ်သည်တော်တို့ မည်သို့မျှ ခုခံချိန်မရနိုင်တော့။

ထိုအခါ အတွင်းဝန်နန္ဒဇေယျကျော ဘုရင်မင်းတရား ကြီးအား ယခုပင် အရှင်ထွက်တော်မူမှ သင့်တော်မည်ဟု လျှောက်သောကြောင့် မင်းတရားကြီးသည် ပြင်ဆင်ချိန် မရတော့ပဲ လက်လှမ်းမိရာရတနာများ (တမုတ်ကြိုးငါး သွယ်ဖြင့် သီ၍ ကွမ်းခွက်တော်တွင် အမြဲထားသော အဖိုး

များစွာထိုက်သည့် လက်ဝတ်တော်များ) ကိုသာ ယူနိုင်၍ အတွင်းဝန်နန္ဒဇေယျတဖက်၊ ရာဇယော်ဓာတဖက်ညှပ် စေပြီး အနောက်တံခါးသို့ ခြေကျင်ထွက်တော်မူသည်၊ ဝင်း တော်ပြင်သို့ရောက်မှ မြင်းစီး၍ ကလေးတံခါးကထွက်ရ ပေသည်၊ သားတော်များကိုလည်း ပါနိုင်သမျှအသင်းအ ပင်းနှင့် သာသနာပိုင်လေးထပ်ဆရာတော်ကျောင်းသို့ လိုက်လာလှည့်ဟု တံခါးမှူးကိုစေတော်မူရသည်၊ ထိုအခါ မှ သားတော်မင်းပုဖြူနှင့် မင်းကုသတို့လည်း ရသမျှကိုရုံးစု ၍ မင်းကြီးရှိရာအနောက်တံခါးသို့ အမှီလိုက်လာကြရ သည်။

သာလွန်မင်းတရားကြီးသည်ကား မည်သူတစ်ဦးတစ် ယောက်မျှ မသိစေရပဲ တကိုယ်တည်းသာ အနောက်တံ ခါးမှသည် ဝင်မနား တံခါးသို့ထွက်၍ ငွေစင်ချောင်းအ ရောက် သွားလေသည်၊ ငွေစင်ချောင်းမှာ ရေများနေသ ဖြင့် မကူးနိုင်ပဲရှိနေစဉ် မိုးမလင်းမီ လှေဖြင့် ဆွမ်းဝတ်လာ နေသော သာမဏေတစ်ပါးကိုတွေ့၍ တစ်ဖက်ကမ်းသို့ ပို့ ပေးရန် တောင်းပန်ရလေသည်၊ သာမဏေငယ်သည် ရုပ် ဖျောက်၍ထွက်လာသော မင်းကြီးကိုမသိ၍ "အဖိုး. . .

www.dhammaransi.com

အဖိုးကိုတစ်ဖက်သို့သွားချပေးနေရလျှင် ဆွမ်းဝတ်နေမြင့်နေ တော့မည်" ဟု ညည်းညူနေသဖြင့် ပါလာသော လက်စွပ်တို့ကိုပြ၍ "ဤလက်စွပ်ကို သာမဏေယူလိုက ယူပါ၊ တစ်ဖက်သို့ခေါ်ဖြစ်အောင် ခေါ်ပါ"ဟု အကြိမ်ကြိမ်ပြောမှ သာမဏေက အားနာပါးနာ ခေါ်လေသည်။

မင်းကြီးသည် တစ်ကိုယ်တည်းဖြစ်သဖြင့် တစ်ကြောင်း၊ ဖြစ်ခဲ့သောအကြောင်းရပ်ကို တွေးတောမိသဖြင့် တစ်ကြောင်း၊ လှေထက်တွင် တုန်တုန်ယင်ယင်ဖြစ်နေသဖြင့် သာမဏေက "အဖိုးသိပ်ချမ်းနေသလား"ဟုပင် မေးလေသည်၊ မင်းကြီးက မြစ်တွင်းတွင် မည်သို့မျှ ပြန်မပြောပဲ တောင်ဖက်ကမ်းသို့ရောက်မှ သာမဏေကိုပြောသင့်သမျှ ပြောဆိုပြီး လေးထပ်-ကျောင်းသို့ပို့စေလေသည်၊ သာမဏေသည် ထိုအခါမှ မင်းမှန်းသိ၍ လေးထပ်သာသနာပိုင်ဆရာတော်ထံ အရောက်လိုက်ပို့ပေးလေသည်။

www.dhammaransi.com

## သာလွန်မင်းနှင့် ဆရာတော်နှစ်ပါး

လေးထပ်ဆရာတော်ရှေ့မှောက်သို့ရောက်လျှင် သာလွန် မင်းကြီးက ရှိခိုးဝတ်ပြုလျက် "ကယ်တော်မူပါ ဆရာတော်ဘုရား . . . ဒကာတော်အား သားတော်ရှင် တရုပ် လုပ်ကြံရန်လိုက်နေပါပြီ၊သားတော်နှင့် သူ၏ လူဆိုး လူသွမ်းတို့ မဝင်လာအောင် တပည့်သံဃာများနှင့် ကာ ကွယ်ဆီးတားတော်မူပါဘုရား"ဟု လျှောက်ထားလေသည်၊ ထိုအခါ လေးထပ်သာသနာပိုင် ဆရာတော်က "ဟယ် ရေ မြေ့ရှင် . . . ငါရဟန်းသားဖြစ်သည်၊ မည်သို့မျှ အထူး မကြံသာ"ဟု ဆိုတော်မူ၏၊ ထိုအခါ မင်းတရားကြီးမှာ "ဆရာတော်မှမကယ်လျှင် ဒုက္ခရောက်ရပါတော့မည်၊ တစ်စုံတစ်ခုကြံတော်မူပါဦး" ဟု လျှောက်သဖြင့် "နေဦး - စံကျောင်း ဆရာကိုပင့်ခေါ်ဦးမည်" ဟုဆိုကာ စံကျောင်း ဆရာတော် ကို ပင့်ခေါ်စေသည်။

စံကျောင်းဆရာတော် ရောက်လာ၍ မင်းတရားကြီး က "စံကျောင်းဆရာတော် ကယ်တော်မူပါ၊ တကာတော် အားလုပ်ကြံရန် ရှင်တရုပ်လာနေချေပါပြီ"ဟု ဆိုသဖြင့် စံ

ကျောင်းဆရာတော်လည်း "သားဆိုးပုန်ကန်လေသည့်အရာနှင့် ရဟန်းပြုတွက်ရှိသလော၊ လာလေ ကြက်သရေတိုက်၌ နေတော်မူ" ဟုဆို၍ မင်းကြီးကို ကျောင်းပေါ်ရှိ ကြက်သရေတိုက်၌ သွင်းထားလိုက်သည်၊ ထို့နောက် စံကျောင်းဆရာတော်သည် တောင်ဝှေးတစ်ချောင်းကို ဆွဲကိုင်၍ ဆွမ်းခံမကြွပဲ ကြွင်းကျန်သမျှရဟန်းသာမဏေများကို ဆင့်ခေါ်ပြီးလျှင် ထီးများတောင်ဝှေးများဖြင့် ကျောင်းတွင်းသို့ လူတစ်ယောက်မျှမဝင်ရအောင် ရံပတ်ပိတ်ဆို့၍ စောင့်စေရသည်။

အင်းဝမြို့တွင်းရှိ ရဟန်းများသာမက ငါးဆူလယ်ကြီးတောင်ဘီလူးပင်းယ တံတားဦးရှိ ရဟန်းအပေါင်းကိုလည်း အလျင်ပင့်ခေါ်စေရ၏၊ ထိုအခါ ရှိရင်းရဟန်း လေးရာငါးရာကျော်အပြင် နောက်ထပ် ရဟန်းတစ်ထောင်ခန့် ထပ်မံရောက်ရှိလာ၍ ကျောင်းတံခါးလေးမျက်နှာနှင့် ရေစင်လမ်းတလျှောက်မှ ရဟန်းတိုင်း ထီးတောင်ဝှေးကိုင်၍ ဆည်းဆို့စောင့်ရှောက်ကြလေ၏။

မကြာမီ မင်းညီမင်းသား မှူးတော်မတ်တော် မှူးထမ်းရာထမ်းတို့ အစုံအညီရောက်လာကြပြီး ကျောင်းတိုက်မှာ

ပင်နေကြသည်၊ ထိုမှရှင်တရုပ်ရန်ကို ခုခံတိုက်ဖျက်ကြရာ တော်သလင်းလပြည့်ကျော် (၅) ရက်ကသည် သီတင်းကျွတ်လပြည့်ကျော် (၅) ရက်အထိ တစ်လတိတိရှိမှ အတွင်းသားတို့ လုပ်ကြံ၍ ရှင်တရုပ်ကို အလိုတော်ပြည့်လေသည်၊ မင်းကြီးသည်နောက်ထပ် (၅) ရက်ခန့် ကျောင်းတော်တွင်းနေပြီးမှ ရွှေနန်းတော်သို့ ဝင်နိုင်လေသည်။

ထိုနှစ် သီတင်းကျွတ်လပြည့်ကျော် (၁၄) ရက်နေ့တွင် သာလွန်မင်းတရားကြီးသည် လေးထပ်ဆရာတော်၊ စံကျောင်းဆရာတော်နှင့် ဆရာတော် အပေါင်းကို နန်းတော်သို့ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူသည်၊ တရားလည်းနာတော်မူသည်၊ ထိုအခါ မင်းတရားကြီးက "ဒကာတော်သည် သားတော်ရှင်တရုပ်ပုန်စားရာ၌ လေးထပ်ကျောင်းသို့ခိုဝင်ရသည်၊ စံကျောင်းဆရာတော်သည် ကယ်မ၏၊ လေးထပ်ဆရာတော်သည် ရဟန်းပီသလှ၏၊ သံသရာဆရာတော်ဖြစ်ပါသည်၊ စံကျောင်းဆရာတော်သည် စစ်သူကြီးကောင်းကဲ့သို့ဖြစ်ပါသည်၊ ပစ္စုပ္ပန်ဆရာပင်ဖြစ်သည်" ဟု လျှောက်ထားလေသည်။

မကြာမီ နောင်တော်ဘုရားသားတော် သခင်ပုကို

www.dhammaransi.com

ညီတော်မင်းရဲကျော်စွာသမီးတော် ခင်မလှစံဖြိုးနှင့် စုံဖက်တော် မူသောအခါ၌ လေးထပ်ဆရာတော်ကိုသာ သံဃာတော်များနှင့်တကွ ပင့်ဖိတ်၍ ပရိတ်နာတော်မူသည်၊ စံကျောင်းဆရာတော်ကို မပင့်ချေ၊ ထို့ကြောင့် ဓမ္မဝတ်နှင့် ပြည့်ညီသော လေးထပ်ဆရာတော်နှင့် ဓမ္မဝတ်ချွတ်သော စံကျောင်းဆရာတော်တို့ကို ရည်၍ ဤ"သာလကာတစ်လင်ပန်း၊ ပင်ပန်းကာ တစ်ယောက်မ" ဟူသော စကားပုံကို ရှေးသူဟောင်းတို့ဆိုခဲ့ကြလေသည်။

## ရဟန်းသံဃာနှင့်ဓမ္မဝတ်

ဤဖော်ပြချက်ကို ထောက်ဆ၍ ရဟန်းသံဃာတော်များအတွက် လောကဝတ်ထက်ဓမ္မဝတ်နှင့်ပြည့်စုံရန် အရေးကြီးပုံကိုသိရ၏၊ သို့သော် စံကျောင်းဆရာတော်မှာ မင်းကြီးကိုသာ ကယ်ဆယ်၍ တစ်ဖက်သားများသေကြေအောင် ပြုလုပ်ခြင်းမဟုတ်သဖြင့် ဓမ္မဝတ်ချွတ်သော်လည်း သာသနာ့ဝင်မှ ဖယ်ထုတ်ခြင်းမပြုချေ။

"စံကျောင်းဆရာတော်မှာ အသက်ရှည်မည့် အ

ကြောင်းကို ကြံဆောင်ပါဆို၍ မင်းကို အသက်ရှည်အောင်သာ ဆည်းဆို့ကာရုံသည်၊ တစ်ဖက်သားသေကြေအောင်မပြု၊ အာဏတ္တိပယောဂမပါသည်ဖြစ်၍ အာပတ်လွတ်၏၊ ဒုဋ္ဌဂါမဏိမင်းဘေးက လွတ်စိမ့်သောငှါ သဒ္ဓါတိဿမင်းကို ရဟန္တာတို့ ကယ်ဆယ်သော မဟာဝင်ထုံးစံအတိုင်းဖြစ်သည်" ဟု သာသနာလင်္ကာရ စာတမ်းတွင် စံကျောင်းဆရာတော်အား အကြာအကွယ်ပေး၍ ရေးသားထားပေသေးသည်၊ သို့သော် ဓမ္မဝတ်ချွတ်သည်ဟုကား အတိအလင်းဆိုထားလေသည်။

မည်သို့ပင်ဖြစ်စေ ရှေးမင်းကောင်း မင်းမြတ်တို့ သည်မိမိအသက်ကို ကာကွယ်စောင့်ရှောက်သော ရဟန်းတော်ပင်ဖြစ်လင့်ကစား ဓမ္မဝတ်ချွတ်လျှင် မြတ်နိုးတော်မူလေ့မရှိကြောင်း အထက်ပါအကြောင်းရပ်က သက်သေပြ၍နေပေသတည်း။

* * *

www.dhammaransi.com

# ရဟန်းစာဆိုနှင့် သိင်္ဂါရရသ

" သိင်္ဂါရရသ" ဟုဆိုလျှင် စာပေပညာရှင်တို့၏ အသိဉာဏ်တွင် ချစ်မှုကြိုက်မှု လွမ်းမှုကလေးများ ပြွမ်းသည့်စာနုစာယဉ်ကလေးများ ပေါ်ထင်လာမည်ဖြစ်၏၊ လောကသားတိုင်းကြိုက်နှစ်သက်သော စကားလုံးကလေးများဖြစ်၍ မည်သည့်စာကိုပင် ရေးရေး ဤရသကလေးကို စွက်ဖြစ်အောင် စွက်ခဲ့ကြသည်၊ မည်သည့် ဟင်းကိုပင်ချက်ချက် ဆားမပြက်က လျှာထက်တွင် အရသာမပေါ်မည်ကို သိသော စားဖိုသည်ပမာ စာရေးဆရာ ကဗျာဆရာတို့သည် ဤသိင်္ဂါရရသကို ဆားပမာသဘောထား၍ အနည်းအများ လက်စွဲထားခဲ့ကြရသည်ဟု ဆိုသော် ရကောင်းရာ၏။

အယောဂသင်္ဂါရရသ - တစ်ဦးနှင့်တစ်ဦးချစ်ခင်ပါလျက် မပေါင်းဖက်မယှဉ်တွဲရပဲ ကွဲကွာနေခိုက်ကို သရုပ်ဖော်လျက် ချစ်မှုကြိုက်မှုကို ဖွဲ့ခြင်းမျိုး၊ ဝိယောဂသိင်္ဂါရရသ- အတူတွဲဖက်ချစ်ခင်လျက်ရှိရာက လောကဓမ္မတို့ကြောင့် မောင်တစ်ရွာမယ်တစ်မြို့ဖြစ်ပြီး ချစ်ကွဲခင်ကွဲကိုသရုပ်ဖော်

www.dhammaransi.com

ကာ ရေးဖွဲ့စပ်ဆိုခြင်းမျိုးနှင့် သမ္ဘောဂသိင်္ဂါရရသ - တစ်ဦးနှင့်တစ်ဦး ရှုမဝကြည့်မငြီး ချစ်ပြီးရင်း ချစ်နေကြပုံကို ဖော်ပြရေးသားခြင်းမျိုးတို့သည် သိင်္ဂါရရသ အဖွဲ့တို့ပင်ဖြစ်၏။

သက်ရှိဖြစ်သော လူသူကျေးငှက်နှင့် သားရဲတိရိစ္ဆာန်များကို ဖွဲ့ဆိုရာတွင်မက သစ်ပင် ပန်းမာလ်တောတောင် ရေမြေတို့ကို ဖွဲ့ဆို ရာ၌ပင် သက်ရှိယောင်တင်စား၍ ဤဆားနှင့်တူသော သိင်္ဂါရရသကို ဖြစ်အောင်ကြံဖန်၍ ထည့်သွင်းတတ်ကြသေးသည်။

မည်သို့ပင်ဖြစ်စေ သိင်္ဂါရရသ သည်ကား ဖိုမတို့၏ နှစ်သက်တွယ်တာမှုကို ပဓာနအားဖြင့် ယူရသဖြင့် အဘိဓမ္မာအလိုအရ လောဘနှင့် ယှဉ်သောပီတိသဘောဟု ဆိုရမည်သာဖြစ်၏၊ ထို့ကြောင့် ရှေးသူတော်ကောင်းတို့သည် သိင်္ဂါရရသ ရေးသားမှုဖွဲ့ဆိုမှုတို့ကို အပြစ်မြင်ကြသည်။

အင်းဝခေတ်က ရဟန်းစာဆိုတော်များဖြစ်ကြသော အရှင်မဟာသီလဝံသ၊ အရှင်မဟာရဋ္ဌသာရ စသည်တို့သည် ဓမ္မကြောင်းဆံသောပျို့ ကဗျာများစွာတို့ကို ဖွဲ့ဆိုခဲ့ကြသည်၊ အထူးအားဖြင့် အရှင်မဟာသီလဝံသသည် ပါရမီတော်ခန်း ဆုတောင်းခန်းစသော ဓမ္မကြောင်းသက်

သက်ဟု ဆိုအပ်သည့် ပို့မျိုးကို ဖွဲ့ဆိုလေ့ရှိ၏၊ ဆရာတော်၏ ဖွဲ့ဆိုမှုတို့သည် လေးနက်ခြင်း၊ ကျစ်လစ်ခြင်း၊ သိမ်မွေ့ခြင်း စသည့်ဂုဏ်အင်တို့ကြောင့် ဓမ္မကြောင်း ဖွဲ့ဆိုရာဝယ် အသိခက်ခြင်းတို့ ဖုံးဖိနေသကဲ့သို့ဖြစ်နေသဖြင့်၊နှောင်းလူတို့မသုံးသပ်နိုင်အောင်ပင်ဖြစ်နေပေသည်၊အမှန်မှာ ဓမ္မကြောင်း ကို ပေါ့ပေါ့လွှင်လွှင်နှင့် ရွှန်းရွှန်းသာသာမဖွဲ့မူ၍ ကျစ်လစ်လေးနက်စွာ ဖွဲ့ဆိုထားခြင်းပင်ဖြစ်သဖြင့် ဆရာတော်၏ ပညာဉာဏ်ကို ချီးကျူးရမည်သာဖြစ်၏။

## သင်္ဂါရ ရသကြောင့် ကြဉ်ဖယ်ခံရ

ထို အရှင် သည်ပင် ရံဖန်ရံခါ သိင်္ဂါရရသ ကလေးများကို ဖွဲ့ကုံးသုံးနှုန်းတော်မူခဲ့ပေသေးသည်၊ အချာပဝရချီရတုပိုဒ်စုံတွင် -

'အချင်းခပ်သိမ်း၊ သူစိမ်းသူကျက်၊
ဆံသက်နီးဝေး၊ အိမ်စျေးသဘင်၊ စုံအင်ရှစ်မည်၊မယ်၌ တည်လျက်၊ မြရည်ကျိုင်းထွား၊ ရွှေဝသားလျှင်၊
သနားတစ်ကိုယ်တူပျော်လိုဟု" -

www.dhammaransi.com

စသည်ဖြင့် ချစ်သံနှော၍ သိင်္ဂီရရသ သဘောက လေးများ ဖက်သို့ ဆွဲထားလေသေးသည်။

ရှင်မဟာရဋ္ဌသာရကား - သိင်္ဂီရသအဖွဲ့၌ အလွန် ကျွမ်းကျင်သည့်အလျောက် မြောက်မြောက်မြားမြားလည်း ဖွဲ့ခဲ့ပေ၏၊ ပျို့ကဗျာများ၌ သာမက ဝဏ္ဏပဘာကဲ့သို့သော အလင်္ကာဖွဲ့များ၊ ပိုဒ်စုံရတုများ၌ သိင်္ဂီရရသများကို ပုလဲတကန့် ရွှေတကန့် အသုံးပြုခဲ့လေ၏၊ ပုရေနိသင်ပိုဒ်စုံရတုတွင် - သိင်္ဂီရရသအသုံးကောင်းလွန်သဖြင့် အရှင်မဟာရဋ္ဌသာ ရသည် ကိုယ်တွေ့ချစ်မှုကြိုက်မှုများကို ရေးဖွဲ့နေသယောင် ယောင် ယူဆကာ တောထွက်ခင်ကြီး တစ်ပါးအလား နောက်ဆရာများ (ယခုကာလ ဝေဖန်ရေးသမားများ) က ဆို ကြသည်အထိ သိက္ခာကျရရှာသည်၊ ထိုသို့ သိင်္ဂီရရ သလက်လွန်မှုကြောင့် အရှင်မဟာရဋ္ဌသာရအား သူ ခေတ်ကပင် အကြည်အဖယ်ခံခဲ့ရကြောင်းကို သာသနာ လင်္ကာရတွင် ဤသို့ဖော်ပြထား၏။

"ဟံသာဝတီ ဆင်ဖြူရှင်မင်းတရား အဝသို့ရောက် တော်မူသည့်ကာလ စစ်ကိုင်းအရှင် တိသာသန

www.dhammaransi.com

အကျော်ကို တွေ့၍ ရှင်ရဋ္ဌသာရထံ နည်းနာခံဘူး သလောဟု မေးတော်မူသည်တွင် မခံဘူးကြောင်းကို ပြောဆိုသော် အဘယ့်ကြောင့် မခံသနည်းဟုမေးပြန် သည်ကို ရှင် ရဋ္ဌသာရတို့သည် ရပ်ကြီးပြည်မအလေ့ အလာအားကြီးသောကြောင့် မခံသည်ဆိုကြောင်း”

ဤ၌“ရှင် ရဋ္ဌသာရတို့သည်”ဟု ဗဟုဝုစ်နှင့် ဆိုထား သည်ကိုသတိပြုသင့်၏၊ ဤဗဟုဝုစ်တွင် ရှင်မဟာသီလ ဝံသပါ ပါသည်ကို မငြင်းနိုင်ပေ၊ ထိုအကြောင်းကို ဤသို့ သာသနာလင်္ကာရ၌ ဖော်ပြထားခဲ့သည်။

“သက္ကရာဇ် ၈၄၂ - ခုနှစ် နန်းတက်သော ဒုတိယမင်းခေါင်လက်ထက် ရှမ်းဈေးလမ်းမအရှေ့ မနောရမ္မ ဥယျာဉ်နှင့် မနီးမဝေးတွင် သိမ်တော်သ မုတ်ရသည်။ သိမ်မြောက်က ဘုရားလည်းတည်သည် ထိုသိမ်ကို ဒုတိယမင်းခေါင်သိမ်ဟုတွင်၏၊ ရွှေစည်း ခုံတောင် ကျုံးတစ်ဖက်က သိမ်ကိုကား ပထမမင်းခေါင် သိမ်ဟု တွင်သည်၊ ဒုတိယမင်းခေါင်သိမ်သမုတ် သည့်ကာလ အခြားဆရာသံဃာများက သီချင်း သည်တို့ပါလျှင် ငါတို့မလာမလိုက်ပြီဟု ဆိုသော

ကြောင့် ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့ သိမ်သမုတ်ရာမပါဝင်ရဟု ဆရာစဉ်ဆက်ဥဒါန်းစဉ်ရှည် ပြောဆိုကြသည်"။

ဤကား သိင်္ဂါရသကို ရှေးသူတော်ကောင်းတို့ စက်ဆုပ်ကြပုံဖြစ်၏၊ ရဟန်းတော်တို့သာ သိင်္ဂါရရသပြုသောရဟန်းကိုစက်ဆုပ်သည်မဟုတ်၊ သူတော်ကောင်းဖြစ်သော သာသနာပြုမင်းအချို့လည်း သိင်္ဂါရရသပြုသော ရဟန်းကို စက်ဆုပ်ကြကြောင်း အောက်ပါသာဓကကို ထောက်ဆရာ၏။

## ရှင်တေဇောသာရနှင့် ရခိုင်ဘုရင်

တွင်းသင်းရာဇဝင်၌ အောက်ပါစကားရပ်ပါရှိ၏-

"ကံနီမြို့စားသီရိနေ်ာရထာလည်း သိုဟန်ဘွားသည် မိစ္ဆာဒိဋ္ဌိဖြစ်ခဲ့သည်၊ ထိုနှင့် လျှော်သောဝတ္ထုကိုစီရင်သဖြင့် သာသနာတော်၌ ယုံကြည်သဒ္ဓါမည်မသိ၊ ကျမ်းတစောင် ဖွဲ့ဆိုတော်မူပါ- တောင်းပန်၍ ဓမ္မပဒဝတ္ထုပြောင်ဖိုဟာခန်းကို ရှင်ရဋ္ဌသာရတပည့်စစ်ကိုင်းတွင်ရှိနေရစ်သည့် ရှင်တေ

www.dhammaransi.com

ဇောသာရဆိုတော်မူသည်၊ ၈၉၀ - တွင်ပြီး၏၊ ထိုအခါ ရခိုင်နှင့်သံတမန်အရောက်အပေါက်ရှိ၍ မဟာမုနိဘုရားရှင်ကို ရှိခိုးပူဇော်ရန် ရှင်တေဇောသာရသံဃာအများနှင့် သွားလေ၍ ရခိုင်သို့ရောက်လျှင် စာထောက်သွင်းသောကြောင့် ကျမ်းဂန်လိမ္မာကြောင်းသိရ၍ အခြားသံဃာတော်များပြန်သွားကြသော်လည်း ရှင်တေဇောသာရမပြန်ရ၊ ရခိုင်ဘုရင်က ချုပ်ထားရာတွင် . . . စာပေကမ်းသော်လည်း ခွင့်မရသောကြောင့် "ဌာနတည်၍" ရတုကိုဆိုရာတွင်မှ သီလမရှိသည်ရဟာန်း ဖြစ်သည်၊ ပြန်စေတော့ဟု ရခိုင်မင်းကလွှတ်၍ ပြန်လာရ၏။"

ဤရာဇဝင်စာပိုဒ်အရ ပြည်တော်ပြန်နိုင်ရန် ရှင်တေဇောသာရ သိင်္ဂါရရသဖြင့် ရေးခြယ်ပြခဲ့ရသော ရတုပိုဒ်စုံကား ဤသို့ဖြစ်လေ၏။

(၁) ဌာနတည်၍၊ ရွှေပြည်ကဲ့သို့၊ ရခိုင်မြို့ဝယ်၊ ဆန်းတို့ပေစွ၊ မျှော်ပါရသား၊ သိင်္ဂ်ရောင်ရွှန်း၊ ရွှေပုံသွန်းသို့ လန်းလန်းလက်လက်၊ လိုက်ဘက်တင့်မော၊ မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလျှ၊ ထုံးနောက်စနှင့်၊ ချုပ်ညရီတွင်၊ ဖြုတ်ချည်းမြင်သည်။ ။

ရှင်သာရခိုင်တန်ဆောင်လော။

(၂) သာလှစည်၍၊ ရွှေပြည်ရပ်သူ၊ ထိုမျှလူဝယ်၊ပြိုင်တူမထင်၊ သည်သခင်မူ၊ ရုပ်သွင်ပျိုချော၊တင့်မောပေစွ၊ သဘောတည်ကြည်၊ မြတ်မူနည်းနှင့်၊ ရွှေရည်ရုပ်တု၊ ပုံသွန်းပြုသို့ပျိုနုထွတ်ထွတ်၊ ဝင်းရှိန်လတ်မူ၊သွယ်ပတ်ဝေဝေ၊ ထုံးနောက်ခွေနှင့်၊ တင့်နေစလှ၊ဆည်းရှိညဝယ်၊ လွလွဖြူစင်၊ ပေါ်ရုံတင်၍၊ထမ်းစင်ယာဉ်သာ၊ စီးစကာတည်း၊ သူဇာပေပင်၊ ရှင့်ဆင်းပြင်မူ၊ မြင်လျှင်လွန်ကျူး၊အံ့မိန်းမူးသည်။။ သောက်ရှူးသော်တာအရောင်လော့။

(၃) ဝါလလည်၍၊ ရွှေပြည်ရောက်စ၊ ရှေးသော်ကမူ၊မမျှဆင်းပြင်၊ သည်သခင်ကို၊ မြင်လျှင်လွန်ကျူး၊ သောက်ရှူးသော်တာ၊ လအဝါသို့ ပြင်လျာဆုံးဆည်း၊ ရွှေဖြင်ပည်းဝယ်၊ စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမှီပါခဲ့၊ သည်လျာမချွတ်၊ နောင်မင်းမှတ်သည်။ ။ မိုးနတ်သူဇာအရောင်လော။

ဤကား သိဂီရရသပြုသောရဟန်းတော်များ

အား ရှေးရှေးရဟန်း သံဃာကြီးများ၊ သာသနာပြုမင်းများ က သီလမရှိသလောက်အထိ ယူဆကြပုံကို သိစေလိုရင်း ဖြစ်၏။ ပါရမီခန်း၊ ဆုတောင်းခန်း စသောဓမ္မကြောင်းပြု ရှင်မဟာသီလဝံသတို့သည်ပင် သိင်္ဂါရရသမကင်းခဲ့သည် ကိုထောက်ဆ၍လည်း ကဗျာလင်္ကာစီကုံးမှုတို့မည်သည် သိင်္ဂါရရသအပါအဝင်ရသကိုးမျိုးတို့ကို ထိုက်သည့်အား လျော်စွာ ခြယ်မှုန်းရသဖြင့် ကဗျာလင်္ကာဟူသည် သိင်္ဂါရ ရသမကင်းနိုင်ပါတကားဟုလည်း သိစေလိုရင်းဖြစ်၏။

* * *

# စိပ်ပုတီး

(၁) စိပ်ပုတီးသည် ဘုရားဟောကျမ်းဂန်များ၌ရှိပါသလော၊ မည်သည့်ခေတ်ကပေါ်သနည်း၊ (၂)သမ္ဗုဒ္ဓေဂါထာသည် ဘုရားဟောဂါထာလော၊ (၃) သဗ္ဗမင်္ဂလာဂါထာ ဘုရားဟောဟုဆိုပါသည်၊ မည်သည့်ကျမ်းလာဖြစ်ပါသနည်း၊ (၄) ဘုရားကိုးဆူကပ်ရာ၌ ဘုရားကိုးဆူနေရာချထားပုံ သိလိုပါသည်၊ (၅) သူရဿတီ ကိုးကွယ်ထိုက်၊ မကိုးကွယ်ထိုက်ကိုလည်း မှတ်သားလိုပါသည်။

အထက်မြန်မာနိုင်ငံရှိ မိတ်ဆွေတစ်ဦးက ဤပုစ္ဆာငါးချက်ကို မေးထား၏၊ သူတို့ထံ ပုစ္ဆာငါးချက်အဖြေကို အကျဉ်းချုံး၍ ဖြေကြားလိုက်ပြီးဖြစ်ပါသည်၊ သို့သော် ဤပုစ္ဆာပါ အချက်အလက်အားလုံးပင် ဗုဒ္ဓဘာသာဝင်တိုင်း မှတ်သားထိုက်သဖြင့် မသိသေးသူများလည်း ဗဟုသုတပွားများရန် သိပြီးသူများလည်း ထပ်မံသတိဖြစ်ပွားရန် စာစောင်၌ ဆောင်းပါးရေး၍ တင်ပြလိုက်ပါသည်၊ ချွတ်ယွင်းချက်များတွေ့လျှင် ပညာရှင်များက ပြင်ဆင်ပေးစေလိုပါသည်။

www.dhammaransi.com

ပုစ္ဆာအမှတ် (၁) စိပ်ပုတီးနှင့်ပတ်သက်၍ ဖြေကြားပါမည်၊ စိတ်ပုတီးကို စိတ်ပုတီး၊ ပုတီးစိတ်စသည်ဖြင့် ခေါ်ဝေါ်၍ တသတ်ဖြင့် ရေးသားထားချက်များလည်းရှိသည်။ ခေတ်ဟောင်းခေတ်သစ် သတ်ပုံကျမ်းတို့တွင် "စိပ်" ဟု ပသတ်သာရှိ၏၊ စိပ်ဟူသည်မှာ ကြဲစည်ခြင်း။ ဆင်ခြင်ခြင်း နှလုံးသွင်းခြင်းအနက်ရှိသဖြင့် ဘုရားရှင် ဂုဏ်တော်၊ လက္ခဏာရေးသုံးပါး၊ ဖြစ်ခြင်းပျက်ခြင်းစသည်တို့ကို ကြံစည်ဆင်ခြင် ထင်မြင်ပွားများ နှလုံးသွင်းအားဖြင့် တစ်လုံးစီတစ်လုံးစီချရသော ပုတီးဖြစ်၍ စိပ်ပုတီးဟုခေါ်ရလေသည်။

ဤစိပ်ပုတီးကား ဗုဒ္ဓဘာသာဝင်တို့၏ အထိမ်းအမှတ်သဖွယ် ရဟန်းရှင်လူအားလုံးပင် အချိန်ရတိုင်း စိပ်ကြသည်၊ အချို့က ဂုဏ်တော်ကို နှလုံးသွင်း၍ စိပ်၏၊ အချို့ကား အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါး၊ အချို့ဒွတ္တိံသကာယ စသည်ဖြင့် အလေ့အလာရှိသည့်အတိုင်း ပုတီးလုံးချ၍ပွားများကြသည်၊ ဘုရားသွားကျောင်းတက် ဘာသာရေးဘက် လှည့်သူတိုင်းအဖို့ မပါမဖြစ်သော အဆောင်အယောင်တစ်မျိုးပင်ဖြစ်နေပါသည်၊

ဗုဒ္ဓဘာသာဝင်များသာမက အခြားဘာသာဝင်များတွင်လည်း ပုတီးရှိကြသည်၊ ကိုယ့်ဆိုင်ရာဘာသာအလျောက် ပွားများဖွယ်များကို ပွားများစီးဖြန်းရာ လက်နက်ဖြစ်သော ဤပုတီး ကား နယ်ကျယ်လေစွ။

## စိပ်ပုတီးဝေါဟာရ ရှေးကမတွေ့ရ

ဗုဒ္ဓဘာသာနှင့် စိပ်ပုတီးကား မည်သည့်အချိန်က တွဲစပ်ခဲ့သနည်း။ ဤပြဿနာ၏အဖြေကား မလွယ်ကူလှပါ၊ ဘုရားဟောကျမ်းဂန်တို့တွင်လည်း စိပ်ပုတီးအကြောင်းအရိပ်အငွေ့မျှမတွေ့ရပေ၊ ဘုရားလက်ထက်တော်ကလည်း ဘုရားကျောင်းတော်သွားကြလျှင် ဂန္ဓပုပ္ဖဒီနိဂဟေတွာ - ပန်းနံ့သာစသည်ကို လက်ကကိုင်၍ သွားကြသည် ဟုသာဆိုသည်၊ ရဟန်းအသုံးအဆောင်တို့တွင် အပ်ကဲ့ သို့အသေးအဖွဲ့ ကလေးအထိ ဖော်ပြထားသော်လည်း စိပ်ပုတီးကိုမတွေ့ရ၊ ပိဋကသုံး ဘာသာဖြစ်သောပါဠိစာပေ၌ပင် စိပ်ပုတီးပါဠိကို မတွေ့ရပေ၊ ပါဠိအဘိဓာန်တစ်စောင် တွင် စိပ်ပုတီး၏ ပါဠိကို ဇပ္ပမာလာဟု

www.dhammaransi.com

ကြံစည်ထည့်သွင်း ထားသည်၊ မန္တန်မန်းမှုတ်ရာ၌မှတ်သား သော ပန်းကုံးဟုအဓိပ္ပါယ်ရပေမည်။

ဘုရားလက်ထက်က စိပ်ပုတီးမရှိကြောင်းကို စွယ်စုံကျော်ထင်၌ ဤသို့တွေ့ရသည်၊ စွယ်စုံကျော်ထင်ကျမ်း အိပ် - ကာရန်အခန်းတွင် "သုံးလူ့မျှားထိပ်၊ ငါးမာန်နှိပ်၊ စိပ်ရန်ပုတီးရှိလိမ့်နည်း" ဟူသောကျည်းကန် အမေးကို ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက "ပုတီးရှိကြောင်းကို ကျမ်းဂန်တို့၌ မတွေ့ဘူးချေ၊ အကယ်၍ ပုတီးဆောင်တော်မူသည်ဖြစ်အံ့၊ ထိုပုတီးကို မည်သည့်ဒါယကာလှူသည်၊ မည်သို့ သုံးဆောင်တော်မူသည်၊ မည်မျှလောက်အကျိုးရှိသည်၊ မည်သည့်ရဟန်း အမွေခံရသည်ဟု ကျမ်းဂန်လာရာ၏၊ ယင်းသို့မလာသောကြောင့် ဘုရားမှာပုတီးမရှိဟူ၍ သိသင့်သည်" ဤသို့ဖြေဆိုတော်မူထားလေသည်။

ဘုရားလက်ထက် တွင်၎င်း၊ မဇ္ဈိမ သီဟိုဠ် ထိုထိုသော သာသနာဝင်တွင်၎င်း ပုတီးကိုမတွေ့ရပေ၊ ဒုဋ္ဌဂါမဏီမင်းကြီးနတ်ရွာစံခါနီးတွင် နတ်ရထားများ ရောက်၍လာရာ သေရာညောင်စောင်း၌ လျောင်း၍နေသော မင်း

ကြီးက "နေကြဦး နေကြဦး" ဟုဆိုသဖြင့် မင်းကြီးက ယောင်ကတတမ်းပြောဆိုသည်ဟု လူများက ထင်သော ကြောင့် နတ်ရထားများလာကြောင်း ထင်ရှားစေရန် ပန်းကုံးများကို မြှောက်တင်ရကြောင်း၊ပန်းကုံးများ နတ်ရထားများတွင် ချိတ်နေ၍ ထင်ရှားသိကြရကြောင်း ရသဝါဟိနီ၌ တွေ့ရ၏၊ ပုတီးကိုမြှောက်သည်မဟုတ်၊ ပန်းကုံး "မာလာဒါမ" သာဖြစ်သည်၊ ပုတီးမရှိကြောင်း သိသာ၏။

## ကဗျာလင်္ကာနှင့် ပုတီးဝေါဟာရ

မြန်မာ့သာသနာဝင်တွင်လည်း ပုတီးကို သရေခေတ္တရာ၊ ပုဂံ၊ အင်းဝအထိ မည်သည့်စာပေ၌မှ မတွေ့ရ၊ ပုဂံကျောက်စာတို့၌လည်း ပုတီးအကြောင်း ဖော်ပြချက်မရှိပေ၊ အင်းဝခေတ်၌ ပုတီးမတွေ့ရဟူသော အချက်နှင့် ပတ်သက်၍ စောဒကဝင်စရာရှိပါသည်။

"မလုံဟင်းလင်း၊ ခုန်ကျော်နင်း၍၊ သီတင်းမမှန်၊ ပုထုဇ္ဇန်တို့စောင်းမာန်မချုပ်၊ အတွင်းယုတ်နှင့်၊ ဥပုသ်စောင့်ဟန်၊ ကျမ်းဂန်မမှီ၊ ဆောင်ပုတီးနှင့်၊ ကွင်းကြီး

ကျယ်စွာ၊ မအပ်ရာတည့်၊ လူတို့ဆောင်ရာ၊ တထွာ
ဖြစ်စေ၊ ဣန္ဒြေလည်း၊ ငါးထွေစွဲလမ်း၊ ရဟန်းတော်
စစ်၊ မြတ်ရှင်ချစ်ကား၊ လေးသစ်ဆောင်စေ၊ သာမ
ဏေမှာ၊ ခြောက်သစ်သာဟု၊ အဌာသီရုံး၊ သီတင်း
သုံးမှာ၊ တမိုက်သာတည့်၊ မြတ်စွာပညတ်၊ သည်ကို
မှတ်၍၊ ကျင့်အပ်ပေရာ”

စသည်ဖြင့် ရှင်မဟာသီလဝံသရေးသည်ဟုဆိုသော သံဝေဂခန်းပျို့အဆုံးတွင် စိပ်ပုတီးအကြောင်းကို ရေးစပ်ထားသဖြင့် အင်းဝခေတ်က ပုတီးအသုံးရှိသင့်သည်ဟု စောဒကဝင်စရာရှိပါသည်၊ သို့သော် သံဝေဂခန်းပျို့သည် ရှင်မဟာသီလဝံသစီကုံးသောပျို့ ဟုတ်မဟုတ်ဟူသော ပြဿနာကို ပညာရှိအများကပင် “မဟုတ်” ဟု အဆုံးအဖြတ်ပေးထားကြပြီး ဖြစ်သည်၊ အကြောင်းအရာမမှန်ခြင်း၊ ဘုရားဟောကျမ်းဂန်လွတ်ခြင်း၊ အစီအကုံးလွဲချော်ခြင်း၊ ယုတ္တိ၊ ယုတ္တာမတဲ့ခြင်း စသောအပြစ်အချက်များကြောင့် ဤသံဝေဂခန်းသည် နောက်ခေတ်ဆရာတို့၏ စာဟု ဆုံးဖြတ်ထားသဖြင့် ဤ၌ထည့်သွင်းကိုးကားမနေသင့်ဟု ယူဆပါသည်။

www.dhammaransi.com

အင်းဝခေတ် နောက်ပိုင်းပဒေသရာဇာ၏ သူဇာပျို့တွင် "ပုတီး" ဟူသော ဝေါဟာရကို တွေ့ရသည်၊ သူဇာကိန္နရာမကလေးသည် နန်းတော်မှထွက်ခွာ၍ ကိန္နရာပြည်သို့ပြန်ရာဝယ် မောင်တော်လိုက်လာလျှင် အန္တရာယ်ကင်းရန် ဤပုတီးနှင့်ဆေးကိုပေးလိုက်ပါဟု ရသေ့ကြီးအား အပ်ခဲ့ကြောင်း၊ ရသေ့ကြီးက မင်းသားလိုက်လာသောအခါ ပုတီးနှင့် ဆေးပေးလိုက်ကြောင်းဖြင့်"စိန္တာမဏိ၊ အတိဝစရာ၊ မည်သာကျော်ခိုးသည့်ပုတီးကို၊ ခင်ကြီးရှင်ပင်၊ အပ်စေချင်သည်"ဟူ၍၎င်း၊ "မင်းပုသူဇာ၊ အပ်ခဲ့ရှာသည်၊ ထိန်ဖြာရောင်ပြေး၊ ပုတီးဆေးကို" စသည်ဖြင့်၎င်း စပ်ဆိုထားသည်၊ ပျို့ကဗျာတို့တွင် ပုတီးဟူသောဝေါဟာရကို အစောဆုံးထည့်သွင်းစပ်ဆိုခြင်းဖြစ်သည်ဟု ထင်ပါသည်။

သို့သော် ထိုသူဇာပျို့လာပုတီးကား ဖတ်ရင်းဖတ်ရင်းယခုစိပ်ပုတီးကဲ့သို့သော ပုတီးမဟုတ်ပဲ ကိန္နရီမလေး၏လည်ဆွဲရတနာပုတီးဟန်ပေါ်၍ပေါ်၍လာသဖြင့်စိပ်ပုတီးမဟုတ်၊ လည်ဆွဲပုတီးကိုပင် ပဒေသရာဇာစပ်ဆိုခဲ့သည်ဟု ယူဆမိပါသည်၊ ထို့ကြောင့် အင်းဝခေတ်တွင် စိပ်ပုတီးအသုံးမတွင်သေးဟု ဆိုသော် ရကောင်းရာပါသည်။

www.dhammaransi.com

## စိပ်ပုတီးတွင်ကျယ်သောခေတ်

ကုန်းဘောင်ခေတ်ဦးတွင်ကား စိပ်ပုတီးသည် လူသုံးပစ္စည်းဘာသာရေးပစ္စည်းတစ်ခုဖြစ်နေကြောင်း ထင်ရှားပါသည်၊ ကုန်းဘောင်ခေတ်ဦးဆိုသဖြင့် အင်းဝခေတ်နှောင်းကပင် အသုံးမတွင်သေးသော်လည်း စတင်ခဲ့ပြီဟု ယူဆနိုင်ပါ၏၊ အဘယ့်ကြောင့်ဆိုသော် အလောင်းမင်းတရားကြီးကုန်းဘောင်မတည်မီ ၁၁၁၃- ခုနှစ်၌ နောင်စိန္တကျော်သူဖြစ်လတ္တံ့သော ရွှေတောင်ရာဇကျော်ပြုစုခဲ့သည့် ကဝိလက္ခဏာသတ်ပုံကျမ်းတွင် စိပ်ပုတီးကို တွင်တွင်ကျယ်ကျယ်ထည့်သွင်းစပ်ဆိုခဲ့သောကြောင့်ပင်။

* စာသိပ်ရေသိပ်၊ မန္တန်စိပ်၊ မင်းဇိပ်ပရပ်လျှင်၊
* ဇင်းမယ်မြို့ထိပ်၊ ဗြသဒိပ်၊ ရိပ်ရိပ်ရေးရေးထင်။
* ပုတီးလည်းစိပ်၊ မာန်ကိုနှိပ်၊ သိပ်သိပ်သည်းသည်းပင်။

ဤသို့အိပ်ကာရန် ၃၃ - ပုဒ်တွင် ပုတီးစိပ်ကိုထည့်သွင်းစပ်ဆိုခဲ့လေသည်၊ ထိုပုတီးစိပ်ခြင်းတို့သည် ရသေ့ရဟန်းတို့နှင့်လည်း သက်ဆိုင်ကြောင်းကို ထိုရွှေတောင်ရာ

www.dhammaransi.com

ဇကျော်၏ ဦးရိုးတွင်းသင်းမင်းကြီးသည် အသက် (၈၀) ရှိမှ ဘိုးတော်မင်းတရားကြီးလက်ထက် (၁၁၆၈) ခုနှစ်တွင် စပ်ဆိုခဲ့သော မဟာဇနကပျို့ -

"ဆယ်စုံကမ္ဘ၊ မထမြောက်မြား၊ဘိညာဉ်ငါးနှင့် ရှစ်ပါးသမာပတ်၊ မလွတ်ရမူ၊ လံ့လပြု၍၊ ဂရုကတ၊ နေ့ည သိပ်သိပ်၊ ပုတီးစိပ်သို့၊ နှိပ်နှိပ်ကွပ်ကွပ်၊ သတိကြပ်လျက်"

ဟူသောစာပိုဒ်၌ မဟာဇနက တောထွက်ရာ တွင် နာရဒရသေ့ဆုံးမခန်းအနေဖြင့် ဖော်ပြထားသည်၊ ထို တွင် စိပ်ပုတီးသည် ရသေ့ရဟန်းသုံးအနေဖြင့် ထင်ရှားနေပြီဖြစ်ကြောင်း သိသာရတော့သည်။

ထိုမှ နောက်၌ကား စိပ်ပုတီးအသုံးသည် ကုန်းဘောင်ခေတ်တလျှောက်လုံးတွင် အထူးထင်ရှားလာလေတော့၏၊မင်းတုန်းမင်းလက်ထက် စလေဦးပုညကား ဗေဒင်ရသေ့ကြီး၏ လည်တွင် ဆွဲထားသောစိပ်ပုတီးကြီးမှာ ကြီးလွန်းလှသဖြင့် 'ခလောက်ကျွဲမှာဆင်သို့" ဟူ၍ပင် စာပြောင်ရေးခဲ့လေသည်။

www.dhammaransi.com

## စိပ်ပုတီးအကြောင်းခံဇာစ်မြစ်

ဤသို့ဆိုသော် စိပ်ပုတီးသည် အင်းဝခေတ်နောက်ပိုင်းတွင်မှ မြန်မာနိုင်ငံသို့ရောက်ခဲ့သလော၊ (ဝါ) ထိုအခါမှာမှ ထေရာဝါဒဗုဒ္ဓသာသနာတော်သုံး ဖြစ်လာလေသလောဟု စဉ်းစားစရာပေါ်ထွက်လာ၏၊ သို့ဆိုလျှင် စိပ်ပုတီး၏ မူလဇာစ်မြစ်သည် အဘယ်ကနည်း။

အထက်ဖော်ပြပါ ကဝိလက္ခဏာသတ်ပုံ "စာသိပ် ရေသိပ်မန္တန်စိပ်၊ မင်းဖိပ်ပရပ်လျှင်" ဟူသောပုဒ်၌ မန္တန်စိပ်သည်ဟူသော ဝေါဟာရ စိပ်ပုတီး၏ပါဠိကို ဇပ္ပမာလာ (မန္တန်မန်းမှုတ်ရာ၌ မှတ်သားသော ပန်းကုံး) ဟု ပညာရှင်များကြံစည်ထားချက်ကိုကြည့်လျှင် ၎င်း၊ စိပ်ဟူသောဝေါဟာရအရ ဂုဏ်တော်စသည်တို့ကို ပွားများရာတွင် မမှားမယွင်းအောင် တစ်လုံးစီချမှတ်ရသည်တို့ကို စဉ်းစား၍၎င်း စိပ်ပုတီး၏ မူလဇာစ်မြစ်ကို ရိပ်စားမိနိုင်သည်။

အင်းဝခေတ်နောက်ပိုင်းမင်းတို့သည် ဂါထာမန္တန်လောကီကိစ္စများကို အလွန်အားထားလာကြသည်၊ ညောင်ရမ်းမင်းတရားကြီးသည် ဘားမဲ့ ဆရာတော်ကို လက်သုံးထား

www.dhammaransi.com

၍ တောင်ငူကို တိုက်ရာ တောင်ငူဘုရင်သည် ရှင် မုံယို ကိုအားထား၍ ခံသည်၊ ဝမ်းပဲအင်းစံ မင်းလက်ထက် ရေနံနက်စက်ရောင်တို့မည်သို့ အရာရောက်သည် စသော ရာဇဝင်လာအချက်တို့သည် ဂါထာမန္တန်တို့ ထွန်းကားသည် ထက်ထွန်းကားလာစေသော မင်းမြှောက်စားမှုများဖြစ်၏၊ ဂါထာ (၃၇) အုပ်ရွတ်ခြင်း၊ ၁၀၀၀ - ရွတ်ခြင်းစသည်တို့၌ အခေါက်မမှားရအောင် ပုတီးဆောင်ရသည်၊ ထို့ကြောင့် စိပ်ပုတီးသည် ဂါထာမန္တန်၏ အသက်သဖွယ်အရေးပါသောအဆောင်တစ်ခုဖြစ်လေသည်။

တဖန် ဂါထာမန္တန်တို့၏ ဇာတိဇာစ်မြစ်မှာ ဗြာဟ္မဏဘာသာဖြစ်ရာ ထိုဗြာဟ္မဏဘာသာ၏ ဝင်ရာလမ်းကြောင်းကို လိုက်လျှင် မဟာယာန ဗုဒ္ဓဘာသာသွားရာ ခရီးစဉ်အတိုင်း မဇ္ဈိမဒေသမှ သည်တိဗက်သို့ဗင်း၊ တိဗက်မှ မြန်မာပြည်အထက်ပိုင်းသို့ ဗင်း၊တရုတ်ပြည်ဖက်မှကွေ့၍ အရှေ့ဖက်မှဝင်ရောက် နိုင်သောလမ်းကြောင်းများကို တွေ့နိုင်ပေတော့သည်၊ အလွန်ကျယ်ဝန်းသွားစရာရှိ၍ ယင်းတို့ကို အရှည်မစိစစ်တော့ပါ၊ (ယင်းအကြောင်းကို အချိန်ရလျှင် ဆောင်းပါးတစ်စောင် သီးသန့်ရေးပါဦးမည်။

www.dhammaransi.com

သို့နှင့် စိပ်ပုတီးကား ကျွန်ုပ်တို့ ထေရဝါဒမြန်မာ သာသနာ့ဝင်တို့လက်သို့ ဗြာဟ္မဏဘာသာမှ တိဗက်တရုတ် တို့နှင့်နွယ်၍ ရောက်လာခဲ့သည်ဟု ယူဆနိုင်ပေရာ အကျိုး နှင့်အပြစ်ကိုစိစစ်၍ ကြည့်ကြပါစို့။

ဂုဏ်တော်များကိုပွားများရာ၌ရှင်း လက္ခဏာယာဉ်ကိုဆင်ခြင်ရာ၌ရှင်း၊ ဤစိပ်ပုတီးကို သုံးကြပါသည်၊ ကမ္မဋ္ဌာန်းဝိပဿနာကို ထိထိရောက်ရောက်အားထုတ်ကြရာ၌ ဤစိပ်ပုတီး၏ အခန်းမလိုအပ်ပါ။ ရုပ်တရားတို့၏ အဖြစ်အပျက်ကို မပျက်မကွက် မလစ်မလပ်အောင် ခဏာမပြတ်ရှုမှတ်နေရသူအဖို့ စိတ်ပုတီးရှိလျှင် အနှောင့်အရှက်ပင်ဖြစ်ဦးမည်။

ကမ္မဋ္ဌာန်းကျောင်းမဝင်သေးသူတို့အဖို့ အိမ်မှာ ကျောင်းမှာ ဘုရားကျောင်း စေတီ ဥပုသ်စရပ်တို့၌ ဗုဒ္ဓါနုဿတိစသော အစဉ်ပွားများဖွယ်တို့ကို ပွားများရာ၌ စိပ်ပု တီးရှိလျှင် တည်ငြိမ်စူးစိုက်၍ တစ်ပုဒ်ပွားများလိုက် ပုတီးတစ်လုံးချမှတ်လိုက်နှင့် အလွန်လည်းတွင်ကျယ်သည်၊ ကြာမြင့်စွာလည်း မပြန့်မလွင့်ပွါးများနိုင်သည်၊ ပုတီးဘယ်နှစ်ပတ်ဟူသော အစီအစဉ်လည်း ထမြောက်နိုင်သည်၊ နောက်

www.dhammaransi.com

သော် ပုတီးကိုင်မိလျှင်ပင် အလိုလိုပွားများမိပြီးသားဖြစ်နေသဖြင့် ပုတီးသည် သူတော်ကောင်းတို့၏ လက်သုံးပစ္စည်းဖြစ်လာရတော့သည်၊ အလွန်လည်း အကျိုးပြုလေသည်၊ ထို့ကြောင့် ဝိပဿနာစခန်းသို့ မမြန်းမဝင်သေးသူတို့အဖို့ ပုတီးအမြဲကိုင်၍ စိပ်နိုင်သလောက် စိပ်ပါဟုသာ တိုက်တွန်းသင့်တော့သည်။

* * *

www.dhammaransi.com

# သာသနာ့ဂုဏ်ရည်

မြေမှုဗျူဟာပရိသတ် တစ်ဦးဖြစ်သော ဦးတင့်လှိုင်ဆို သူက အံ့ဖွယ်ရှစ်ဖြာ သာသနာအကြောင်း အကျဉ်းချုပ် မှတ်သားရန် ကဗျာကလေး တစ်ပုဒ်လောက်နှင့် ဆောင်း ပါးတစ်စောင် ရေးပြီး ဖော်ပြပေးပါဟု စာရေး၏၊စာရေး သူသည် သာသနာရေးဆိုင်ရာ ဗဟုသုတအဖြာဖြာတို့ကို ဤစာစောင်၌ ရေးသားခဲ့ရာတွင် အခြားသူများမရေးသေး သော တိမ်ယောင်ယောင်နှင့် မြုပ်နေတတ်သည့် မှတ်သား ဖွယ်ရာလေးများကို ရေးသားလေ့ရှိခဲ့သည်၊ တိမ်ယောင် ယောင်နှင့် မြုပ်ဟူသည်မှာ ဤအံ့ဖွယ်ရှစ်ဖြာသာသနာကဲ့ သို့သော ပါဠိတော်လာ ဗဟုသုတမှတ်စရာမျိုးများမဟုတ် ပါ၊ နေ့စဉ်သုံး ဘာသာရေးဝေါဟာရများဖြစ်၍ လူသိများ နေသော်လည်း တကယ့်အတိအကျအဓိပ္ပါယ်ကွယ်နေမှု မျိုး၊ သိသင့်သိထိုက်လျက်အမှုမဲ့အမှတ်မဲ့ဖြစ်နေတတ်သော အောက်ခြေ ဘာသာရေးမှတ်ဖွယ်အချက်မျိုး၊ ပေါ်လွင်သ ယောင်နှင့် ငုပ်နေသော ဘာသာရေးပြဿနာမျိုးကလေး

www.dhammaransi.com

များကိုသာ ရှာဖွေတင်ပြရေးသားခဲ့ပါသည်။

မြန်မာပြည်တွင် ပိဋကတ္တယပါရဂူဖြစ်တော်မူကြသော ဆရာတော်ဘုရားကြီးများ၏ သာသနာရေးဆိုင်ရာ နက်နက်နဲနဲဆောင်းပါးကောင်းကြီးများ အစဉ်ပါရှိနေကြပေသည်၊ ထို့ကြောင့် စာရေးသူတို့အနေဖြင့် အောက်ခြေဘာသာရေးဗဟုသုတများလောက်ကိုသာ ရေးသားလိုပါ၏။ ဦးတင့်လှိုင်ကဲ့သို့ ပုဂ္ဂိုလ်များ မွမိတ်ဆွေ စာပေမိတ်ဆွေများ ထံမှလည်း အထက်ပါကဲ့သို့ သိလိုချက်ကလေးများကို ဖော်ထုတ်၍ တိုက်တွန်းထားသော စာများရရှိထားသဖြင့် ဤစာစောင်တွင် ဆက်လက်ရေးသားစရာများ ရှိနေပေသေးသည်၊ ဤအပတ်တွင်မူ ဦးတင့်လှိုင်အား ခေါင်းတပ်၍ ဤဆောင်းပါးကို ရေးသားရမည်ဖြစ်သဖြင့် အံ့ဖွယ်ရှစ်ဖြာသာသနာကို စတင်ပါရစေ။

## အံ့ဖွယ်ရှစ်ဖြာတေးကဗျာ

(၁) ရေပင်လယ်ကမ်းခြေဝဆီမှ၊ တစစနက်ကာ၊မြတ်ဗုဒ္ဓ
သာသနာ၊ သိက္ခာစဉ်တည်ရှိ။

www.dhammaransi.com

(၂) မလွှန်ကမ်းရေတည်သလို၊ မကျိုးပြီ ကျင့်ကြလေဘိ။
(၃) အကောင်ပုပ်မဆက်ဆံသလို၊ လက်မခံ"ပါပိ"။
(၄) မြစ်ငါးသွယ်အမည်ညှိသည့်သို့မျိုးဇာတိသာကီ။
(၅) တိုးလျော့ရေမထင်ရှားသည့်နှယ်၊ငြိမ်းခေတ်များလျော့မှုမသိ။
(၆) ရသာမျိုး ငန်တလီငယ်၊ ဝိမုတ္တိတခုပါ့။
(၇) ခုနစ်စုရတနာ၊ ဗောဓိပက္ခိယာ။
(၈) ကြီးသူတို့နေထိုင်ရာမှာ၊ အရိယာဝါသတည့်လေး။

ဥပမာ ဥပမေယျနှစ်မျိုးရော၍ တေးထပ်ကိုစပ်ဆိုထားသည့်စကားလုံးအနုအနွဲ့မပါ၊ ကာရန်လှလှမရှိသော်လည်း အဓိပ္ပါယ်ပြည့်ပြည့်ဝဝရှိသည့် တေးထပ်ထုံးစံအတိုင်း အဖြတ်အတောက်လုပ်မထားပဲ ရှစ်မျိုးပေါ်လွင်အောင် ဂဏန်းတပ်ထားသဖြင့် အဓိပ္ပါယ်ပေါ်ပေါ်လွင်လွင်နှင့် ကျက်မှတ်နိုင်စရာရှိပါသည်။ ဤတေးထပ်ကို အထပ်ထပ်ဖတ်ပြီးလျှင် (အရကျက်ထားပြီးလျှင်) ရှင်းလင်းချက်ကိုဆက်လက်ဖတ်ရှု မှတ်သားကြစေလိုပါ၏။

www.dhammaransi.com

## သမုဒ္ဒရာဂုဏ်ရှစ်ဖြာ

အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ်တွင် ပဟာရာဒ သုတ်ဟူ၍ ရှိပါသည်၊ မြတ်စွာဘုရား ဝေရဉ္စာပြည် နဠေရုတမာပင်ရင်း၌ သီတင်းသုံးတော်မူစဉ် ပဟာရာဒအသူရိန် နတ်ကြီးအား အကြောင်းပြု၍ ဟောတော်မူသောသုတ် ဖြစ်ပါသည်။ ထိုသုတ်တွင် အသူရိန်နတ်ကြီးက သူတို့ ပျော် ရာသမုဒ္ဒရာ၏ ဂုဏ်ရှစ်ဝကိုလျှောက်ထားပြီး သာသနာ တော်၏မွေ့လျော်ဖွယ်ရာဂုဏ်တို့ကိုမေးလျှောက်သဖြင့် မြတ်စွာဘုရားက သမုဒ္ဒရာ၏ဂုဏ်ရှစ်ဝနှင့် ထပ်တူ ပြု၍ သာသနာတော်၏ဂုဏ်တို့ကိုဟောပြောခဲ့ပေသည်၊ အမှန် အားဖြင့် သာသနာတော်၏ဂုဏ်တို့မှာ ဤရှစ်ပါးထက် အလွန်များစွာရှိကြသည်၊ သို့သော် မြတ်စွာဘုရားတို့ မည် သည့် ပုဂ္ဂိုလ်၏အလိုဆန္ဒအဇ္ဈာသယနှင့်လျော်အောင် ဟောတတ်ကြသဖြင့် ဤသုတ်၌ အသူရိန်နတ် ကြီး၏ အသိဉာဏ်နှင့်လိုက်လျောအောင် သမုဒ္ဒရာ၌ရှိသော ဂုဏ်တို့နှင့်ထပ်တူပြု၍ ရှစ်မျိုးမျှဖြင့်ချုပ်၍ဟောကြား တော်မူခြင်းပင်ဖြစ်သည်၊ သမုဒ္ဒရာ၏ ဂုဏ်ရှစ်ပါးမှာ-

www.dhammaransi.com

(၁) ကမ်းစပ်မှသည် အလယ်သို့အထိ တစ်စတစ်စ နက်သွားခြင်း။

(၂) ရေမည်မျှများသည်ဖြစ်စေ ကမ်းကိုမကျော်လွန်ခြင်း။

(၃) အကောင်ပုပ်များကို လက်မခံပဲ ကမ်းပေါ် သို့လှိုင်းပုတ်၍တင်ခြင်း။

(၄) မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့သည် သမုဒ္ဒရာသို့ ရောက်လျှင် မူလအမည်ကိုစွန့်၍ သမုဒ္ဒရာဟူသော အမည်တစ်ပါးတည်းသာရှိရခြင်း။

(၅) မြစ်ကြီးမြစ်ငယ်ရေ မိုးရေတို့သည် မည်မျှနေ၀င်လင့် ကစားလျော့မှုပြည့်မှု မထင်ရှားခြင်း။

(၆) သမုဒ္ဒရာရေအားလုံး ငန်သောအရသာ တစ်ခုသာရှိခြင်း။

(၇) ရတနာ့မျိုးစုံ၏ တည်ရာဖြစ်ခြင်း။

(၈) ယူဇနာပေါင်းများစွာ ကြီးမားသော ငါးကြီးစသော သတ္တ၀ါကြီးများ၏ နေရာဖြစ်ခြင်း၊ ဤရှစ်မျိုးပင်ဖြစ်၏။

## ဗုဒ္ဓသာသနာဂုဏ်ရှစ်ဖြာ

ထိုသမုဒ္ဒရာ၏ ဂုဏ်ရှစ်မျိုးအတိုင်းပင် မြတ်စွာဘုရားက သာသနာတော်၏ ဂုဏ်ရှစ်မျိုးကို အတူထား၍ ဟောကြားတော်မူခဲ့ပါသည်။

(၁) သမုဒ္ဒရာသည် ကမ်းစပ်မှအလယ်သို့ တစ်စတစ်စနက်သွားသကဲ့သို့ပင် သာသနာတော်ကြီး၌တစ်စတစ်စကျင့်သွားရသော ကျင့်စဉ်ရှိလေသည်၊ စ၍ကျင့်သည်နှင့်ပင် အရဟတ္တဖိုလ်ရောက်သွားနိုင်သော ကျင့်ခြင်းမျိုးမဟုတ်၊ တစ်စတစ်စအလွယ်မှအခက်သို့ ကျင့်သုံးပြီးနောက်ဆုံးတွင်မှ လိုရင်းတရားချုပ်သို့ ရောက်သွားနိုင်သော ကျင့်စဉ်မျိုးရှိသည်ဟုဆိုလိုပါသည်။

(၂) သမုဒ္ဒရာရေကမ်းကိုမလွန်သလိုလည်း သာသနာတော်အတွင်း၌ ရှိကြကုန်သော တပည့်သာဝကတို့သည် အရှုံးကြေကြေ အရေခြောက်ခြောက် ဘုရားပညတ်တော်မူခဲ့သော သိက္ခာပုဒ်များကို လွန်ကျူး၍မကျင့်ကြပါ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအရိယာပုဂ္ဂိုလ်မြတ်တို့သည် အသက်ဟူ

သော အကြောင်းများကြောင့်လည်း ကျင့်ဝတ်သီလ
တို့ကို မဖျက်ကြောင်း သိသာနိုင်ပါသည်။

(၃) အကောင်ပုပ်များကို သမုဒ္ဒရာက လက်မခံသကဲ့သို့ ယုတ်မာသူတို့ကို သာသနာတော်ကြီးကလက်မခံပေ၊ သူ့အလိုလိုပင် သာသနာတော်နှင့်ဝေးရာသို့ ရောက်သွားရမည်သာဖြစ်၏၊ ပါဠိတော်လာအဓိပ္ပါယ်မှာ "ယုတ်ညံ့သောအကျင့်ရှိသော မစင်ကြယ်သည်ဖြစ်၍ ယုံမှားတွေးတောဖွယ်အကျင့်ရှိသော အမှုကို ဖုံးကွယ်သော ရဟန်းမဟုတ်ပဲရဟန်းဟု ဝန်ခံသော မြတ်သောအကျင့်ကို မကျင့်ပဲမြတ်သော အကျင့်ကိုကျင့်၏ဟု ဝန်ခံသော အတွင်းပုပ်သော ကိလေသာမိုးစွတ်သော အမှိုက်သဖွယ်ဖြစ်သော သီလမရှိသောထိုပုဂ္ဂိုလ်နှင့် သံဃာသည် မဆက်ဆံ၊ စည်းဝေး၍ ထိုပုဂ္ဂိုလ်ကိုလျှင်စွာနှင်ထုတ်၏၊ ထိုပုဂ္ဂိုလ်သည် သံဃာ့အလယ်၌ ထိုင်နေသော်လည်း စင်စစ်အားဖြင့် သံဃာမှဝေး၏၊ သံဃာသည်လည်း ထိုပုဂ္ဂိုလ်နှင့်ဝေး၏၊" ဟု ဆိုလေသည်၊ စင်စစ်အားဖြင့် အတုအယောင်သမားတို့သည် သာသနာတော်နှင့်

www.dhammaransi.com

ထိုက်သူများမဟုတ်၍ တစ်နေ့တွင် အဖြစ်မှန်ပေါ် ပေါက်၍ ဝေးရာသို့ ရောက်ရမည်ဟု ဆိုလိုပေသည်။

(၄) မြစ်ချောင်းတို့သည် သမုဒ္ဒရာသို့ရောက်လျှင်မူလအမည်ပျောက်၍ သမုဒ္ဒရာဟူသော အမည်သာဖြစ်ရသကဲ့သို့လည်း မည်သည့်အမျိုးမှဝင်၍ ရဟန်းပြုပြုသာသနာတော်ရောက်လျှင်သာကီဝင်မင်းသားဘုရားသားတော်ဟူ၍သာ တညီတည်း ဖြစ်ရလေသည်၊ အမျိုးယုတ်မြတ်အတန်းအစားမရှိ၊ ဇာတ်နိမ့်ဇာတ်မြင့်မရှိ တစ်တန်းစားတည်း တစ်လွှာတည်းသာရှိရမြဲဟု ဆိုလိုပါ၏။

(၅) မြစ်ချောင်းမိုးရေမည်မျှပင်ဝင်နေသော်လည်း တိုးခြင်းလျော့ခြင်းမရှိသကဲ့သို့ နိဗ္ဗာန်ဟူသော ငြိမ်းချမ်းမှုဓာတ်တစ်မျိုးသည်လည်း ဤသာသနာတော်တော်၌ လျော့ပါးမှု ပြည့်ဖောင်းလာမှုမရှိ၊ ပကတိတည်တံ့လျက်ရှိနေပေသည်၊ ပါဠိတော်၏အဆိုမှာ "များစွာသောရဟန်းတို့သည် ခန္ဓာမကြွင်းကျန်သောအငြိမ်းဓာတ်ဖြင့် ငြိမ်းကုန်၏၊ ထိုငြိမ်းခြင်းဖြင့် အငြိမ်းဓာတ်၏ လျော့ခြင်း ပြည့်ခြင်းသည် မထင်ရှား"ဟု

www.dhammaransi.com

ဆိုလေသည်။

(၆) ငန်သောအရသာ တစ်မျိုးတည်းသာရှိသကဲ့သို့ ဝိမုတ္တိတည်းဟူသော လွတ်မြောက်မှုအရသာ တစ်မျိုးတည်းသာရှိလေသည်။

(၇) ရတနာအမျိုးမျိုး၏တည်ရာဖြစ်သကဲ့သို့ သတိပဋ္ဌာန်သမ္မပ္ပဓာန် ဣဒ္ဓိပါဒ်ဣန္ဒြေဗိုလ်ဗောဇ္ဈင်မဂ္ဂင်-ဟူသော ဗောဓိပက္ခိယတရား အပေါင်း၏ တည်ရာဖြစ်လေသည်။

(၈) ကြီးမားသော သတ္တဝါကြီးတို့၏ နေထိုင်မြူးတူးရာဖြစ်သကဲ့သို့ သောတာပန် သကဒါဂါမ်အနာဂါမ်ရဟန္တာပုဂ္ဂိုလ်များ၏ နေရာကျင့်သုံးရာ ဖြစ်ရလေသည်။

ဤကားသမုဒ္ဒရာနှင့် သာသနာတော်ကို နှိုင်းယှဉ်၍ဟောပြထားသောအဓိပ္ပါယ်ရှစ်ချက်ဖြစ်၏၊ မေးလျှောက်သူ၏ အသိဉာဏ်နှင့် ဟပ်မိအောင် ဟောပြတော်မူထားချက်ဖြစ်၍ ဤရှစ်ပါးတည်းသာဟု မမှတ်သင့်ပါ၊ အခြားဂုဏ်အင်္ဂါများလည်းများစွာရှိပါသေးသည်။

ထို့ပြင် သာသနာတော်နှင့် ပတ်သက်၍ မှတ်သားဖွယ်ရာများစွာရှိသေးရာ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓသောသ

www.dhammaransi.com

နာသုံးပါးအကြောင်းမှာ အထင်ရှားဆုံးအချက်ပင် ဖြစ်လေသည်။ ထိုသုံးပါးတွင် ပရိယတ္တိသည်သာသနာတော်၏ မူလဘူတ ပဓာနဖြစ်ကြောင်းကိုလည်းပါဠိအဋ္ဌကထာများတွင်အထင်အရှားပြဆိုထားလေသည်၊ ထိုမှတစ်ပါးလည်း သာသနာတော်၏အစအလယ်အဆုံးသုံးပါးသောကောင်းခြင်းတို့ကို ပြဆိုထားသေးသည်၊ သာသနာတော်၏ အစဖြစ်သော ကောင်းခြင်းမှာ သီလသမာဓိနှင့် ဝိပဿနာ တရားတော်များဖြစ်သည်၊မဂ္ဂင်ရှစ်ပါး တရားတော်မြတ်မှာ သာသနာတော်၏ အလယ်ဖြစ်သော ကောင်းခြင်းတရားပင်ဖြစ်၍ အရဟတ္တဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်မှာ အဆုံးဖြစ်သော သာသနာတော်၏ ကောင်းခြင်း တရားဖြစ်ကြောင်း ပြဆိုထားချက်ရှိလေသည်။

မည်သို့ပင်ဖြစ်စေ သာသနာတော်အတွက် အရေးကြီးဆုံးသော ကျင့်စဉ်တရားသည်ကား ဤတပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့၏ ဆောင်ပုဒ်သဖွယ်ဖြစ်နေသော မြတ်စွာဘုရား၏ ဆုံးမတော်မူချက်ပင်ဖြစ်ပါသည်။

www.dhammaransi.com

ယင်းကား -

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿူပသမ္ပဒါ။
သစိတ္တပရိယောဒပနံ။
ဧတံ ဗုဒ္ဓါန သာသနံ။ ။

ဟူ၍ဖြစ်ရာ အကုသိုလ်တရားတို့မှ အစွမ်းကုန်ရှောင်ကြဉ်ရေး၊ ကုသိုလ်တရားတို့ကို အစွမ်းကုန်အားထုတ်ရေးနှင့် စိတ်ကိုအစွမ်းကုန်စင်ကြယ်ရေးတို့ပင်ဖြစ်ပါသတည်း။

* * *

www.dhammaransi.com

# ပြစ်မှားမှု

နံနက်လင်းလျှင် သပိတ်သက်န်းကိုယူ၍ မနီးမဝေး ရှိရွာကလေးသို့ ဆွမ်းခံကြွရမြဲဖြစ်သည့်အတိုင်း တောကျောင်းနေ မထေရ်ကြီးသည် ပဥ္စင်းငယ်တစ်ပါးကို နောက်ပါခေါ်၍ ရွာကလေးသို့ရှေးရှုကြွတော်မူပေပြီ၊ ရှေ့မှ ဖြည်းညှင်းစွာကြွနေသော မထေရ်ကြီးကား သက်တော်ကြီး၍ လေပိုင်းသို့ ရောက်နေသည်နှင့် အညီလေရောဂါ၏ ထိုးကျင့်မှုဒဏ်ကြောင့် သွားရင်းမသက်မသာဖြစ်နေ၏၊ သို့သော် ဝေဒနာထိုးကျင့်မှုကိုသည်းခံလျက် နောက်ပါပဥ္စင်းငယ်ကို ဒုက္ခမပေးပဲ ကြွမြဲကြွနေ၏။

ရွာကလေးအတွင်းသို့ ဝင်မိလျှင်ပင် ရှေးဦးစွာရပ်သောအိမ်မှ အငွေ့တထောင်းထောင်းနှင့် လာရောက်လောင်းလှူလိုက်သော ယာဂု (ဆန်ပြုတ်) ပူပူတစ်ခွက်စီကို ခံယူရရှိတော်မူကြ၏၊ ထိုအခါ ရှေ့မှကြွနေသောမထေရ်ကြီးသည် "ဤလောလော ပူသောယာဂုသည် ငါ၏လေနာရောဂါအတွက် သင့်လျော်လှပေသည်၊ ဤယာဂုမအေး

မီသောက်သုံးရလျှင် ငါ၌ယခုထိုးကျင့်နေသော လေနာရောသည် ငြိမ်ဆိမ်ခြင်းသို့ရောက်လတ္တံ့”ဟု တွေးတောစဉ်းစားတော်မူကာ ယာဂုလောင်းလှူလိုက်သောအိမ်၏ တံခါးပေါက်အပြင်ရှိ သစ်တုံးတစ်တုံး၌ ထိုင်တော်မူလိုက်၏။

နောက်ပါပဉ္စင်းငယ်ကား မထေရ်ကြီး၏ လှုပ်ရှားမှုကို ကြည့်ရှုလျက်ရပ်တန့်နေ၏၊ မထေရ်ကြီးကား သစ်တုံးပေါ်၌ ဣန္ဒြေရရထိုင်တော်မူပြီးလျှင် သပိတ်ကို စောင်း၍မျက်နှာကို မော့ကာ ယာဂုပူပူကို ဘုန်းပေးတော်မူလိုက်လေသည်၊ ထိုအခါ ဝမ်း၌ထိုးကျင့်နေသော လေရောဂါသည် အစာအာဟာရဖြည့်တင်းပေးမှုနှင့် ယာဂု၏အပူဓာတ်ကြောင့် ငြိမ်ဆိမ်၍ သက်သာမှုကို ရရှိသွားလေသည်။

ပဉ္စင်းငယ်သည် မထေရ်ကြီး၏ တကယ့်အဖြစ်ကိုကား မသိရှာ၊ ရလျှင်ရချင်း တုံးပေါ်၌ထိုင်ကာ သပိတ်ကို စောင်း၍ သောက်လိုက်ခြင်းကိုသာ မြင်သဖြင့် ငယ်ရွယ်သူအမြင်ဖြင့် နှာခေါင်းရှုံ့မိသည်၊ “ဤရဟန်းအိုကြီးသည် အလွန်အစားတပ်မက်လွန်း၏ သူ့အပြုအမူသည် ငါ့အဖို့ ရှက်ဖွယ်ကောင်းလှပါဘိ၏”ဟု စိတ်ထဲမှကဲ့ရဲ့ ရှုတ်ချလိုက်မိသည်။

ထို့နောက် မထေရ်နှစ်ပါးသည် ရွာ၌ဆွမ်းခံလှည့် လည်ကြပြီး သင့်လျော်သောဆွမ်းတို့ကိုခံယူ၍နေမြဲတော ရကျောင်းသို့ပြန်လည်ခဲ့ကြသည်၊ ကျောင်းသို့ရောက်၍ သပိတ်သင်္ကန်းတို့ကို နေရာတကျထားရှိပြီးနောက် မထေရ် ကြီးသည် ပဥ္စင်းငယ်အား ဤသို့မေးတော်မူလေသည်။

"ငါ့ရှင် --သင့်အား မြတ်စွာဘုရားသာသနာတော်၌ တည်ရာရှိပြီလော၊"မေးတော်မူလိုရင်းကား သာသနာတော် ဝယ် တရားအားထုတ်၍ အဘယ်မျှပေါက်ရောက်ပါပြီ နည်း၊ အဘယ်မဂ်အဘယ်ဖိုလ်သို့ရောက်နေပါပြီနည်းဟု မေးတော်မူလိုရင်းဖြစ်၏၊ ရဟန်းငယ်က "မှန်ပါ-အရှင် ဘုရား . . . တပည့်တော်သည် သောတာပတ္တိမဂ်တည်းဟူ သော တည်ရာရှိပါပြီ"ဟု လျှောက်ထားလေသည်၊ တပည့် တော် သောတာပန် ပုဂ္ဂိုလ်ပါဘုရားဟုလျှောက်ထားခြင်း ပင်ဖြစ်၏၊ ထိုအခါမထေရ်ကြီးက "ငါ့ရှင် . . . သို့ဖြစ်တပြီး ကားသင်သည် အထက်မဂ်သုံးပါးအတွက် လုံ့လမပြုလင့် တော့၊ သင်သည် ရဟန္တာအားကဲ့ရဲ့ ရှုတ်ချမိခဲ့ပြီ"ဟု မိန့် တော်မူလေသည်၊ ထိုအခါမှ ပဥ္စင်းငယ်သည် အဖြစ်မှန်ကို ရိပ်မိသွားကာ မထေရ်အား တောင်းပန်ဝန်ချလေတော့၏၊

www.dhammaransi.com

မထေရ်ကြီးကား ကိလေသာကင်းကွာရဟန္တာပုဂ္ဂိုလ်ကြီးပင် ဖြစ်လေသည်။

## အန္တရာယ်ကြီးနှစ်မျိုး

ဤဝတ္ထုကြောင်းကလေးကို ပါရာဇိကဏ်အဋ္ဌကထာ၌ တွေ့ရ၏၊ ဤဆောင်းပါး၌ ဤဝတ္ထုကြောင်းဖြင့် စတင်ဖွင့်လှစ်ရသည်မှာ တစ်နေ့တွင် မိတ်ဆွေတစ်ဦးက "ယခုခေတ်တွင် ရဟန္တာပုဂ္ဂိုလ်များရှိနေသည်၊ ထိုရဟန္တာပုဂ္ဂိုလ်များနှင့် ပတ်သက်၍ မည်သို့ဝေဖန်သင့်သည်"ဟူသော အကြောင်းများကို ဆွေးနွေးလာသဖြင့် ဤဆောင်းပါးအကြောင်းအရာများ ပေါ်ထွက်လာခြင်းဖြစ်ပါလေ၏။

အန္တရာယ် အမျိုးမျိုးတို့တွင် ကြီးမားကျယ်ပြောသော အန္တရာယ်ကြီးနှစ်ခုရှိလေသည်။ သဂ္ဂအန္တရာယ်နှင့် မဂ္ဂအန္တရာယ်ပင်ဖြစ်၏၊ ယင်းတို့ကား မျက်မှောက်ဘဝတွင်တွေ့ကြုံရမည့်အန္တရာယ်မျိုးမဟုတ်ပဲ တမလွန်ဘဝတွင် မုချကြုံကြရမည့်အန္တရာယ်ကြီးများဖြစ်ကြသည်၊ လူတို့သည် မျက်မှောက်တွင် တွေ့ကြုံရမည်မဟုတ်ဟု ဆိုသဖြင့် ကြောက်ရွံ့

ခြင်းမရှိကြ၊ အမှန်အားဖြင့် ဆိုသော် မျက်မှောက် အန္တရာယ် များထက် ဆထက်တပိုး ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်ကြီးများသာဖြစ်ကြ၏။

(၁) သဂ္ဂန္တရာယ်ဟူသည်မှာ မည်မျှပင် ကောင်းမှုကုသိုလ် များကိုပြုလင့်ကစား နတ်ရွာသုဂတိသို့ရောက်နိုင်ခွင့် ကို တားမြစ်သော အန္တရာယ်မျိုးဖြစ်သည်။

(၂) မဂ္ဂန္တရာယ်ဟူသည်မှာ မည်မျှပင်အားထုတ်ကျင့်သုံး လင့်ကစား မဂ်ဖိုလ်ရောက်နိုင်ခွင့်ကို တားမြစ်သော အန္တရာယ်ဖြစ်သည်။

ထို့ကြောင့် သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် ဟူသည်တို့သည် သူတော်စင်ပုဂ္ဂိုလ်တို့အဖို့ ကြောက်ရွံ့ဖွယ် အကောင်းဆုံး အန္တရာယ်ကြီးများဖြစ်ကြ၏။

မျက်မှောက်၌ တွေ့ရသော အသက်အန္တရာယ်ဟူ သည်မှာ ဤတဘဝ နစ်နာမှုအတွက်သာဖြစ်၍ ဖော်ပြပါ သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ်များနှင့် မည်သို့မျှမနှိုင်းယှဉ်သာပါချေ။ ထို့ကြောင့် သူတော်စင်တို့သည် သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် များဖြစ်လောက်သော ပြစ်မှားမှုမျိုးကို လွန်ကျူးမိမူ ထို အန္တရာယ်ကြီးကင်းငြိမ်းပပျောက်သွားရန် ချက်ချင်းကုစား

www.dhammaransi.com

ကြမှဖြစ်သည်။

ကုစားခြင်းကား မိမိပြစ်မှားမိသူအား တောင်းပန်ဝန်ချခြင်း၊ ကန်တော့ခြင်းပင် ဖြစ်လေသည်၊ မိမိက အသက်ကြီး ၍ အပြစ်အမှားခံသူက အသက်ငယ်နေလျှင် လေးလေး စားစားကျေရာကျေကြောင်းပြောဆို၍ အပြစ်မှ သည်းခံစေရမည်၊ မိမိကအသက်သိက္ခာငယ်နေမူကား အထူးဆိုဖွယ် ရာမလို၊ ထိုင်၍ရှိခိုးကန်တော့လိုက်ရန်ပင် ဖြစ်၏၊ မည်သည့်နည်းဖြင့် ကန်တော့သည်ဖြစ်စေ ကန်တော့လိုက်လျှင်ပင် အပြစ်ဟူသမျှ ကြေပျက်သွားသ ဖြင့် ဖြစ်နေသောအန္တရာယ် ကြီးများ ပျောက်ပျက်၍သွား လေတော့သည်။

## ဩကာသကန်တော့ခန်း

ကန်တော့မှုနှင့်စပ်၍ မြန်မာလူမျိုးတို့သည် ဩကာ သအစရှိသော ကန်တော့ခန်းကြီးကို အစဉ်သဖြင့် အသုံး ပြုကြသည်၊ ရှေးအစဉ်အလာကပင် ဘုရားမရှိခိုးမီ ရတနာ သုံးပါးကန်တော့ရာ၌ ဩကာသကန်တော့ခန်းကို ရွတ်

www.dhammaransi.com

ဆိုကြမြဲဖြစ်၏၊ ထို့ပြင် အလှူအတန်း ငါးပါးသီလခံယူရာ ဥပုသ်သီတင်း - ဆောက်တည်ရာတို့၌လည်း ဤကန်တော့ခန်းဖြင့်ပင် ပွဲဦးထွက်ကြလေသည်။

ထိုကန်တော့ခန်းနှင့် ပတ်သက်၍ အထက်တန်းလွှာပုဂ္ဂိုလ်တစ်ဦးက စာရေးသူအားပြောဘူးသည်၊ "သီဟိုဠ်ထိုင်း စသည့်နိုင်ငံများတွင် သီလခံယူရာတို့၌ကန်တော့ခန်းမပါ၊ အဟံဘန္တေကစ၍ သီလတောင်းပြီးခံယူကြသည်၊ မြန်မာတို့မှာ နေရာတကာဩကာသကန်တော့ခန်းကြီးက စတင်နေသည်မှာ နည်းမကျ၍ ပြုပြင်သင့်သည်"ဟုပြောလာဘူးသည်။

ထိုပုဂ္ဂိုလ်ပြောဆို ဆွေးနွေးလာသော အချိန်မှာ မြန်မာနိုင်ငံလူဂုဏ်တန်ပိုင်း ဩကာသကန်တော့ခန်းမဆိုပဲ အားလုံးအဟံဘန္တေတိသရဏေန - စသည်ဖြင့် တညီတညွတ်တည်းဆို၍ သီလခံယူခြင်းကို နေရာအများတွင်ပြုလုပ်နေကြသော အချိန်ပင်ဖြစ်၏။

စာရေးသူက "မြန်မာ့ဘာသာရေးဓလေ့ထုံးတမ်းတို့မှာ ရှေးပညာရှိဆရာတော်ကြီးများက ကျမ်းဂန်စာပေသော သနာ ဥပဒေတို့နှင့် လျော်ကန်အောင် စီမံပြုလုပ်ပေးခဲ့ကြ

www.dhammaransi.com

သဖြင့် အစိပ္ပါယ်ရှိသည်သာများကြသည်၊ ဒါနပြုခြင်း-သီလ ဆောက်တည်ခြင်းတို့မှာ နတ်ရွာသုဂတိနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်ပြုလုပ်ခြင်းများဖြစ်သဖြင့် မိမိတို့မှာ ပုထုဇဉ်များဖြစ်ကြ၍ ပုထုဇဉ်အလျောက် မှောက်မှောက်မှားမှား မိဘဆရာသမားနှင့် အရိယာရဟန္တာပုဂ္ဂိုလ်များအား မပြစ်မှားမိဟုတထစ်ချမဆိုနိုင်ပါ။ ကာယကံဝစီကံ ဖြင့်စောင့်စည်းနိုင်သည့်တိုင် မနောကံပြစ်ရှိချင်ရှိနေတတ်ပါသည်၊ ထိုအတွက် ဒါနသီလပြုတိုင်း သီလခံယူရာတွင် ဩကာသအစချီသောကန်တော့ခန်းဖြင့် ကန်တော့ကြခြင်းမှာ အလွန် ဆီလျော် သင့်တင့်သည့်အစီအစဉ် တစ်ရပ်အတုယူဖွယ်ဖြစ်သည့် ဓလေ့ထုံးတမ်းတစ်ရပ်ပင်ဖြစ်သည်။ မိဘဆရာသမားစသော မပြစ်မှားထိုက်သောပုဂ္ဂိုလ်တို့အား သံသရာအဆက်ဆက် ဘဝတို့ကရင်း၊ ယခုဘဝ၌ရင်း ပြစ်မှားမိခဲ့လျှင် ထိုပြစ်မှုတို့အတွက် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးအား ကန်တော့လျှင် ကြေပျောက်ကြောင်း ကျမ်းဂန်အထင်အရှားရှိပေသည်၊ ထို့ကြောင့် ရတနာသုံးပါးတို့အား ကန်တော့ဝန်ချခြင်းမှာ အခါခပ်သိမ်းလိုအပ်ပါသည်ဟု ပြန်လည်ဆွေးနွေးခဲ့

www.dhammaransi.com

ပေသည်။

မှန်ပါသည် . . . . ဩကာသကန်တော့ခန်းသည် ထိုကြီးမားသောအန္တရာယ်ကြီးများကို ကာကွယ်ရေး ပျောက်ကင်းရေးအတွက်သာ ကောင်းမွန်ရုံသာမက ဗုဒ္ဓ ဘာသာဝင်တိုင်း သိသင့်သိအပ်သော ဘာသာရေး အခြေ ခံ ဗဟုသုတ များစွာကို နှုတ်တက်ရအောင် ဆောင်ထား စေသကဲ့သို့ဖြစ်သဖြင့် တန်ဖိုးရှိလှပေသည်၊ ကန်တော့ခန်း လာ အဓိပ္ပါယ်အားလုံးကို ကျေကျေညက်ညက် သိနား လည်ထားလျှင် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် ဖြစ် လာနိုင်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာပညာရှင်ကြီးများစွာကပင် ဩ ကာသမှ စ၍ "နိဗ္ဗာန်ရရပါလို၏" အထိ ကန်တော့ခန်း ၏ အဖွင့် ကျမ်းပေါင်းများစွာကို ပြုစု၍ ထားတော်မူခဲ့ ကြ၏၊ စာရေးသူအနေဖြင့် ဤကဲ့သို့ ဩကာသအဖွင့် ကျမ်း မျိုးကို ဆယ်ကျမ်း အောက်မလျော့တွေ့ဖူးဖတ်ဘူး၏၊ စာရေးသူမတွေ့ဘူးမဖတ်ဘူးသောကျမ်းမည်မျှရှိဦးမည်မသိ ချေ၊ ဩကာသဒိဝိဘာဝနီဟူသောကျမ်းကြီးမှာ လက်နှစ် လုံးခန့်ပင်ထူလေသည်။

## ကန်တော့ရန်ဝန်မလေးသင့်

ဤဆောင်းပါးအစတွင် ဖော်ပြထားသော ဝတ္ထုကြောင်းကို ကြည့်လျှင်အရိယူပဝါဒန္တရာယ် (အရိယာကိုပြစ်မှားကျူးလွန်မှု ဘေးအန္တရာယ်ကြီး) သည်သောတာပန်ပုဂ္ဂိုလ်များ၌ပင် ဖြစ်သေးကြောင်းသိရ၏၊ သူလိုလိုယ်လိုအပေါ်စားပုထုဇဉ်များအဖို့ မည်မျှဖြစ်လွယ်မည်ကို ဆင်ခြင်စဉ်းစားသင့်ပေသည်။

အရိယာပုဂ္ဂိုလ်ဆိုသည်မှာလည်း သာမန်အနေအစားအားဖြင့် ထူးထူးခြားခြားမဟုတ်၊ သူလိုကိုယ်လိုပင် နေထိုင်စားသောက်လျက်ရှိသဖြင့် ပုထုဇဉ်ပဲ အရိယာပဲ ခွဲခြားသိနိုင်ရန် မလွယ်ကူပါချေ၊ ရဟန္တာပုဂ္ဂိုလ်နှင့် အတူတကွနေ၍ ရဟန္တာနောက်မှ သပိတ်ကိုလွယ်ကာ ဆွမ်းခံအတူလိုက်နေသော ရဟန်းတစ်ပါးသည်ပင် မိမိရှေ့က ကြွနေသော ရဟန္တာပုဂ္ဂိုလ်ကို ရဟန္တာမှန်းမသိသဖြင့် "ရဟန္တာဆိုတာ ဘယ်လိုနေပါလိမ့်၊ ဖူးချင်လိုက်ပါဘိ" ဟုဆိုမိသေးကြောင်းသိရဘူး၏၊ ဤမျှအသိခက်လေသည်၊ ရဟန္တာပုဂ္ဂိုလ်အရိယာပုဂ္ဂိုလ်တို့ကလည်း ငါရဟန္တာပဲငါအရိယာပဲ

www.dhammaransi.com

ဟု ထုတ်ဖော်ပြောဆိုရန်ခဲယဉ်းသဖြင့် ပိုမိုအသိခက်လှ ပေသည်၊ ဤမြန်မာနိုင်ငံ၌ ပရိယတ္တိ၊ ပဋိပတ္တိသာသနာ တော်ကြီး အဆက်မပြတ်ထွန်းကားလျက်ရှိရာ ပရိယတ္တိ မှုမှန်နှင့် ကျင့်ကြံနည်းများလည်း အဆက်မပြတ်ခဲ့သဖြင့် ရဟန္တာပုဂ္ဂိုလ်အရိယာပုဂ္ဂိုလ်များမရှိဟု မည်သည့်နည်းနှင့်မျှ မဆိုအပ်ပါပေ၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်သော အရှင် ပိလိန္ဒဝစ္ဆ မထေရ်သည် နှုတ်အာကြမ်းတမ်းကြောင်း ခုနှစ်နှစ်အရွယ် ဖြင့် ရဟန္တာဖြစ်နေသော သာမဏေကလေးများသည် သူငယ်တို့ဘာဝထွေခင်း၍ကစားနေကြကြောင်း ကျမ်းဂန် တို့၌ ဆိုထား၏။ ဝါသနာအလျောက်ကြမ်းကြမ်းပြော ကြမ်းကြမ်းနေတတ်ရုံမျှဖြင့် ရဟန္တာအရိယာမဟုတ်ဟု လည်း မဆုံးဖြတ်သင့်ကြောင်း သတိပြုရပေမည်။

ထို့ကြောင့် ရဟန်းဖြစ်စေ လူဖြစ်စေ မိမိထက်အ သက်သိက္ခာဂုဏ်ဝါကြီးမြင့်သူတို့အား စိတ်ဖြင့်ပင်မပြစ်မှား မိရန်နှင့် ပြစ်မှားမိကလည်း ကန်တော့တောင်းပန်ကြရန် ဝန်မလေးသင့်ဟုဆိုချင်ပါသည်။

အကယ်၍ မိဘဆရာသမားအရိယာပုဂ္ဂိုလ်များအား ပြစ်မှားမိသည်ဆိုလျှင် မိမိကသတိတရားမရ၍မကန်တော့

www.dhammaransi.com

ရသေးမီအပြစ်မှားခံရသူများ ကွယ်လွန်သွားကြသည့်တိုင်အောင် ကန်တော့ရန် အချိန်မလွန်ပါ၊ အမြဲတမ်းအချိန်မှီ၍ နေသည်ဟုပင်ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် မိမိက သတိတရားရ၍ ကန်တော့ရန်စိတ်ကူးရသော အချိန်တွင် ကန်တော့ခံရမည့်ပုဂ္ဂိုလ်များကွယ်လွန်ကုန်က ထိုသူတို့၏ ကွယ်လွန်ရာနေရာသို့သွား၍ သော်လည်း ကန်တော့နိုင်လေသည်၊ မြှုပ်နှံဖုတ်ကြည်းရာ သုသာန်သင်္ချိုင်းသို့သွား၍သော်လည်း ကန်တော့နိုင်လေသည်၊ ဤသို့ကန်တော့လျှင်လည်း တင်ရှိနေသော သဂ္ဂန္တရာယ်များ၊ မဂ္ဂန္တရာယ်များ လွှင့်စင်ကင်းပျောက် သွားနိုင်သည်ဟု စာပေကျမ်းဂန်တို့၌ ဖော်ပြထားသော ကြောင့်ပင်ဖြစ်ပါပေသည်။

သို့ဖြစ်၍ လူကြီးမိဘ ဆရာသမား ရဟန်းသံဃာတို့အား ပြစ်မှားမိလျှင် ပြစ်မှားမိသည်ဟု သံသယရှိလျှင် အန္တရာယ် ကင်းငြိမ်းရန်အတွက် ကန်တော့ရန် ဝန်မလေးသင့်ဟု ဥပဒေသပြုလိုပါသတည်း။

* * *

# သမ္ဗုဒ္ဓေနှင့် သဗ္ဗမင်္ဂလာ

သမ္ဗုဒ္ဓေဂါထာသည် မြန်မာနိုင်ငံတော်တွင် အထင်ရှားဆုံးသော ဂါထာတော်မြတ်ကြီးဖြစ်သည်။ဗုဒ္ဓဘာသာဝင်တိုင်းပင် နေ့စဉ်ရွတ်ဖတ်ကြသည်။ ဗုဒ္ဓဘာသာဝင်တိုင်းပင် ဘေးအန္တရာယ်တွေ့ကြုံရလျှင် ပို၍ ရွတ်ကြလေ့ရှိ၏။ ရွတ်ဆိုကြသည့်အတိုင်းပင် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းကြကြောင်း ပြောဆိုသံကြားရပေသည်။

ရှေးက ဤသမ္ဗုဒ္ဓေဂါထာကြီးကို သာမန်အိပ်ရာဝင် အိပ်ရာထ ရွတ်ဆိုသည်ထက် အစီအစဉ်ဖြင့် ရွတ်ဆိုကြကြောင်း၊ မည်သည့်ကိစ္စကိုပြုလုပ်လျှင် အခေါက်ရေ မည်မျှ ရွတ်ဆိုကြကြောင်း အစဉ်အလာရှိခဲ့လေသည်၊ အောက်ပါ လင်္ကာကလေးမှာ သမ္ဗုဒ္ဓေဂါထာရွတ်ဆိုရန် အစီအစဉ် လင်္ကာဖြစ်၏။

သမ္ဗုဒ္ဓေဟု၊ ဆူဝေကျော်ကြား၊ နိဒါန်းထားပိမ့်၊
ကွမ်းစားသတ္တော်၊ ခေါင်းလျှော်ဒသ၊ ဘတ္တာတြိန်း၊
ဆီလိမ်းပဉ္စ၊ စီးထလေ့မှာ၊ ရှစ်ကြိမ်သာတည့်၊ နံ့သာ

ပန်းမျိုး၊ ကိုးကြိမ်နှိုးလော့၊ ချုပ်မိုးညဉ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏၊ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ရောက်သောခါ၊ ရွတ်ပါကိုးကြိမ်၊ စံအိမ်သန္ဓေ၊ မဖွားနေမူ၊ ရေမှာကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက်ခဏ၊ ချမ်းသာရ၏၊ ခေတ္တနှောင်သွင်း၊ သံခြေကျင်းနှင့်၊ အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏၊ မသွေနှစ်ခေါက်၊ လမ်းလျှောက်သွားရာ၊ ရွတ်တို့ပါလော့။ မာလာမွှေးလွှင်၊ နှစ်ခေါက်တင်၍၊ ခေါင်းတွင်ပင်စိုက်ရန်ဘေးကြိုက်လည်း၊ မြူဆိုက်မလိမ်း၊ ကင်းလွတ်ငြိမ်း၏။ ခပ်သိမ်းရောဂါ၊ ဗျာပါကင်းရှင်း၊ သောကလင်း၍၊ မင်းမင်းတကာ၊ ကြည်စွာမြတ်နိုး၊ရေပြည့်အိုးသို့၊ မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည့်၊ ထွက်ဝင်ရရဲ၊ လူခပ်တို့၊ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ကောင်းခြင်းထွေထွေ၊ ကောင်းကျိုးဝေသည်။

သမ္ဗုဒ္ဓေဂါထာတန်ခိုးတည်း။

ဤမျှမြန်မာတစ်နိုင်ငံလုံး အသုံးပြုရွတ်ဆိုနေရသော သမ္ဗုဒ္ဓေဂါထာကား မည်သူရေးသားစီကုံးခဲ့၍ မည်သည့်

www.dhammaransi.com

ကျမ်းကလာသောဂါထာပေနည်း။ ၎င်း၌ပါလာသော ဘုရားပေါင်း ၅၁၂၀၂၈ (ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်) ဆူဟူသော သင်္ချာကို မည်သို့ယူရမည်နည်း။

စာရေးသူအားမေးထားသော မိတ်ဆွေ၏မေးခွန်းမှာ ဘုရားဟောဂါထာအစစ်ဖြစ်ပါသလားဟု ဆိုလေသည်။ အမှန်မှာ သမ္ဗုဒ္ဓေဂါထာသည် ဘုရားဟောဂါထာမဟုတ်ပါ။ ရှေးဆရာသူမြတ်တို့ စီစဉ်ကုံးဖွဲ့ထားခဲ့သော ဂါထာသာဖြစ်ပါ၏၊ ၎င်း၏နောက်ခံကျမ်းနှင့် အထောက်အထား ဘုရားဆူရေတို့သည်လည်း ဘုရားဟောကျမ်းဂန်များမဟုတ်ပါ။ သို့သော် လေးစားအားပြုလောက်သော ကျမ်းများကားဖြစ်ပါပေသည်။

## သချေ်ျနှစ်ဆယ်

"စိန္တိတံ သတ္တသချေ်ယျံ၊ နဝသချေ်ယျဝါစကံ၊
ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။

ဟူသောဂါထာမှာ သောတတ္ထကီကျမ်း၌လာသော ဂါ ထာဖြစ်သည်၊ (ဇာတတ္ထကီကျမ်း၌လည်းလာသည်ဆို၏)

www.dhammaransi.com

ထိုကျမ်းသည် သံဂါယနာဝင်ကျမ်းမဟုတ်သော်လည်း စူဠဗုဒ္ဓဃောသမထေရ်ပြုစုခဲ့သော ကျမ်းဖြစ်သည်၊ စူဠဗုဒ္ဓဃောသဟူသည်လည်း အဋ္ဌကထာရှင်မဟာ ဗုဒ္ဓဃောသနှင့် တစ်ခေတ်တည်း ထင်ရှားခဲ့ပြီး အဘိဓမ္မာအဋ္ဌကထာတွင် မဟာဗုဒ္ဓဃောသကိုယ်တော်တိုင် အသိအမှတ်ပြုခဲ့ရသော အရှင်ဖြစ်၍ လေးစားလောက်သော ကျမ်းဆရာဖြစ်လေသည်။

ထိုစူဠဗုဒ္ဓဃောသအသျှင်မြတ်ကား ဖော်ပြပါ ဂါထာဖြင့် မြတ်စွာဘုရားအလောင်းတော်သည် ဘုရားအဖြစ်ကို ဆုတောင်းရာ၌ ဒီပင်္ကရာမြတ်စွာဘုရားအထံ၌ နိယတဗျာဒိတ်မခံရမီ ရှေးဘုရားတို့ထံတွင် စိတ်ဖြင့်ဆုတောင်းခဲ့သော ကမ္ဘာပေါင်းခုနစ်သင်္ချေရှိသည်၊ နှုတ်မြွက်၍ဆုတောင်းခဲ့သော ကမ္ဘာပေါင်းကိုးသင်္ချေရှိသည်၊ ဒီပင်္ကရာမြတ်စွာဘုရားထံ၌ နိယတဗျာဒိတ်ခံသည်မှစ၍ ဤကမ္ဘာ၌ ဘုရားအဖြစ်သို့ရောက်သည်အထိ ကိုယ်နှုတ်နှစ်ပါးဖြင့် ဆုတောင်းခဲ့သည်မှာ လေးသင်္ချေဖြစ်သည်ဟု ဆိုသည်၊ ထို (၃) ရပ်ပေါင်း သင်္ချေ (၂၀) တို့၌ ပွင့်တော်မူသော ဘုရားပေါင်းကား ဖော်ပြပါငါးသိန်း တစ်သောင်းနှစ်ထောင်

www.dhammaransi.com

နှင့် နှစ်ကျိပ်ရှစ်ဆူဖြစ်သည်ဟု ဆိုလေသည်။

ထိုစကားကို အနည်းငယ်ချဲ့ပြန်သော် ထိုသောတတ္ထကီကျမ်း၌ပင် သင်္ချေအမည်တို့ကို ဖော်ပြထားခဲ့ပုံမှာ - စိတ်ဖြင့် ကြံဆဆုတောင်းခဲ့သော ခုနစ်သင်္ချေတို့ဆိုသည်မှာ နန္ဒအသင်္ချေ၊ သုနန္ဒအသင်္ချေ၊ ပထဝီအသင်္ချေ၊ မဏ္ဍအသင်္ချေ၊ ဓရဏီအသင်္ချေ၊ သာဂရအသင်္ချေနှင့် ပုဏ္ဍရီကအသင်္ချေတို့ဖြစ်ရာ ထိုခုနစ်သင်္ချေအတွင်းတွင် ပွင့်တော်မူသော မြတ်စွာဘုရားတို့ကား ဗြဟ္မဒေဝ စသောဘုရားပေါင်းတစ်သိန်းနှစ်သောင်းငါးထောင်ဖြစ်ကုန်၏။

နှုတ်ဖြင့်သာဆုတောင်းခဲ့သော ကိုးသင်္ချေဟူသည်မှာ သဗ္ဗအသင်္ချေ၊ သဗ္ဗဖုလ္လအသင်္ချေ၊ သဗ္ဗရတနအသင်္ချေ၊ ဥသဘက္ခန္ဓအသင်္ချေ၊ ခန္ဓုတ္တမအသင်္ချေ၊ မာဏိတအသင်္ချေ၊ ဘဒ္ဒအသင်္ချေ၊ ပဒုမအသင်္ချေနှင့် သဗ္ဗဘလ္လအသင်္ချေတို့ဖြစ်၏၊ ထိုကိုးအသင်္ချေသော ကမ္ဘာတို့ဝယ်ပေါ်ရာဏာသကျဂေါတမ စသောဘုရားပေါင်း သုံးသိန်းရှစ်သောင်း ခုနစ်ထောင်ဖြစ်လေသည်။

ဒီပင်္ကရာမြတ်စွာဘုရားပွင့်သော သာရမဏ္ဍကမ္ဘာမှစ၍ ဤဘဒ္ဒကမ္ဘာအထိ သေလအသင်္ချေ၊ဘာသအသင်္ချေ

www.dhammaransi.com

ဇယအသင်္ချေနှင့် ရုစိယအသင်္ချေဟု လေးအသင်္ချေ(ကမ္ဘာ့တစ်သိန်းအပိုအလွန်) ဖြစ်ရာ ထိုကာလအတွင်း၌၊တဏှင်္ကရာ စသောဘုရားပေါင်း ၂၈ (နှစ်ကျိပ်ရှစ်) ဆူဖြစ်လေသည်။

## လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ဘုရားရှင်များ

ဤလေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကို ပိုမိုရှင်းလင်းအောင် အနည်းငယ်ချဲ့ရေးပါဦးမည်၊ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်၌ ဘုရားစင်စစ်ဖြစ်လတ္တံ့ဟူသော ဗျာဒိတ်ပန်းကိုပန်ဆင်ခဲ့ရကြောင်း သိကြပြီးဖြစ်၏။ ထိုဒီပင်္ကရာမြတ်စွာဘုရားကား လွန်ခဲ့သောတစ်သိန်းအလွန်ရှိသည့် ကမ္ဘာပေါင်းလေးသင်္ချေထက်က ဖြစ်ပေါ်ခဲ့သော သာရမဏ္ဍကမ္ဘာတွင် ဘုရာလေးဆူပွင့်ရာ၌ နောက်ဆုံးဘုရားဖြစ်လေသည်။ ထိုဒီပင်္ကရာမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ကမ္ဘာတစ်သင်္ချေလုံးလုံး ဘုရားမပွင့်ပဲ သုညကမ္ဘာကြီးများဖြစ်ခဲ့သည်၊ ထိုကြားခံနေသော သုညသင်္ချေကြီးကို သေလအသင်္ချေဟု ခေါ်လေသည်။

www.dhammaransi.com

ထိုသေလအသင်္ချေကြီး ကုန်ဆုံးသွားလျှင် ဘုရား တစ်ဆူပွင့်သော ကမ္ဘာ တစ်ကမ္ဘာဖြစ်ထွန်းလာ၏၊ ထိုကမ္ဘာမှာ သာရကမ္ဘာဖြစ်၍ ပွင့်သော ဘုရားမှာ ကောဏ္ဍညမြတ်စွာဘုရားဖြစ်လေသည်၊ထို့နောက်တွင် ကမ္ဘာတစ်သင်္ချေသုန်းပြန်လေ၏၊ ထိုကမ္ဘာသင်္ချေကား ဘာသအသင်္ချေဖြစ်လေသည်၊ထိုဘာသအသင်္ချေနောက်တွင် ဘုရားလေးဆူပွင့်သော သရမဏ္ဍကမ္ဘာတစ်ခုဖြစ်ပေါ်ခဲ့လေသည်။ ထိုကမ္ဘာတွင် မင်္ဂလ၊ သုမန၊ ရေဝတနှင့် သောဘိတမြတ်စွာဘုရား လေးဆူပွင့်၍ ကမ္ဘာသင်္ချေတစ်ခုသုဉ်းပြန်၏၊ထိုသင်္ချေကား ဇယသင်္ချေဖြစ် သည်။

ဇယသင်္ချေလွန်သော်ဘုရားသုံးဆူပွင့်သောဝရကမ္ဘာဖြစ်ထွန်းလာပြီး အနောမဒဿီ၊ ပဒုမ၊ နာရဒဟူသော မြတ်စွာဘုရားများ ပွင့်လာ၏၊ ထို့နောက် ရုစိယအသင်္ချေဟူသော ကမ္ဘာပေါင်းတစ်သင်္ချေဘုရားမပွင့်သုန်းသွားပြန်လေသည်၊ ထိုနောက်မှသာရကမ္ဘာဖြစ်ထွန်းလာပြီး ပဒုမုတ္တရဘုရားတစ်ဆူပွင့်လေသည်။ ထို့နောက် ကမ္ဘာတစ်သိန်းအလွန်တွင် ဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာ ဘုရားပွင့်ရပေသည်၊ ပဒုမုတ္တ ရမြတ်စွာဘုရားနှင့် ဂေါတမ မြတ်စွာဘုရား

www.dhammaransi.com

အကြား၌ ကမ္ဘာပေါင်းတစ်သိန်း ဖြစ်ခဲ့ပျက်ခဲ့ပြီး ဘုရားပေါင်း ၁၄ ဆူ ပွင့်တော်မူခဲ့ရာ ဘုရားဘွဲ့တော်များမှာ သုမေဓ၊ သုဇာတ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ၊ ဖုဿ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန နှင့် ကဿပမြတ်စွာဘုရားတို့ ဖြစ်ကြလေသည်၊ ဤကား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကို သိသာရန် ကြားဖြတ်ဖော်ပြချက်ဖြစ်ပါသည်။

ချုပ်လိုက်သော် -

(၁) စိတ်ဖြင့်ဆုတောင်းခဲ့သော ခုနစ်သင်္ချေထက်၌ဘုရားပေါင်း တစ်သိန်း နှစ်သောင်း ငါးထောင်၊

(၂) နှုတ်ဖြင့်ဆုတောင်းခဲ့သော ကိုးသင်္ချေထက်၌ဘုရားပေါင်း သုံးသိန်းငါးသောင်းခုနစ်ထောင်၊

(၃) ကိုယ်-နှုတ်နှစ်ပါးဖြင့် ဆုတောင်းခဲ့သော လေးသင်္ချေကမ္ဘာတစ်သိန်းထက်၌ ဘုရားပေါင်း နှစ်ကျိပ်ရှစ်ဆူ

ဖြစ်ရာ ဤသုံးရပ်ပေါင်း၍ ဘုရားပေါင်း ငါးသိန်းတစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူသည်ပင် သမ္ဗုဒ္ဓေဂါထာ၌ ပါသော ဘုရားပေါင်း ဖြစ်လာပါလေသည်။

ဤကား သမ္ဗုဒ္ဓေဂါထာလာ ဘုရားသရုပ်ကို ရှင်း

လင်းချက်ဖြစ်ပါသည်၊ထိုနှင့်ပတ်သက်၍ စာဒကတက်ဖွယ် များနှင့် ဖြေရှင်းချက်များ အများအပြားရှိပါသေးသည်၊ သို့ သော် မေးသူ၏ သိလိုချက်များ မဟုတ်၍ ခြင်းချန်ခဲ့ပါ သည်၊သို့ဖြင့် သမ္ဗုဒ္ဓေနှင့် ပတ်သက်သော ဒုတိယပုစ္ဆာ၏ အဖြေကို ဤမျှဖြင့် နိဂုံးချုပ်ခဲ့ပါမည်။

## သဗ္ဗမင်္ဂလာဂါထာ

သဗ္ဗမင်္ဂလာဂါထာမှာ မြန်မာနိုင်ငံတွင် သမ္ဗုဒ္ဓေဂါ ထာလောက် ထင်ထင်ရှားရှားရွတ်ဖတ်သူမများသော် လည်း ဘုရားဟောဂါထာအစစ်ဖြစ်၍ အတော်အတန် ရွတ်ဖတ်ကြသည်။ ရှေးခေတ်ကမူ သမ္ဗုဒ္ဓေဂါထာထက်ပင် ထင်ရှားခဲ့ဟန်တူလေသည်၊ အဘယ့်ကြောင့်ဆိုသော် သတ ပဒိကပုဏ္ဏာကျမ်းတွင် ၅၅ -ခုမြောက် ပုစ္ဆာအနေဖြင့် -

တစ်ဂါထာ၊ သဗ္ဗငယ်မင်္ဂလာလို့ မည်သညာသရေ တင့်၊ ကျမ်းဖွင့်ထင်စွာ။ ။ငါးနိကာယ်ပင်လယ်ထဲမှာလ၊ လွန်ကဲတဲ့သည်ဂါထာ၊ ဉာဏ်မဟာကိုင်ဖမ်း။ ။နက် ကျယ်စွာ၊ သမုဒ်ရေအဏ္ဏဝါ၌၊ အာနန္ဒာမွေလို့

နှောက်သည့်နှယ်၊ ဘုန်းထက်အောက်စမ်း။

ဟူသောမန်လည်ဆရာတော်ကြီး၏အမေးကို -

တစ်ဂါထာ၊ သဗ္ဗယံမင်္ဂလာလို့ မည်သညာသရေတင့်။ ။ကျမ်းဖွင့်ထင်စွာ၊ ငါးနိကာယ် ပင်လယ်ဝတွင်ပ၊နိဒါနသံယုတ်မှာ၊ ဒိဝါစချီကျူး။ ။နက်ကျယ်စွာ၊ငါးနိကာယ်အဏ္ဏဝါ၌၊ အာနန္ဒာသာလွန်ကျူးအောင်၊ဘုန်းညာဏ်ကွန်မြူး။

ဟု မင်းကွန်းတောရဆရာတော်ဘုရားကြီးက ဖြေကြားထားလေသည်၊ ထိုအမေးအဖြေအရ သဗ္ဗမင်္ဂလာဂါထာမှာ -

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိတေဇသာ။

ဟူသော ဂါထာဖြစ်၍ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဘိက္ခုဝဂ်မဟာကပ္ပိနသုတ်၌ ဟောတော်မူထားလေသည်။

www.dhammaransi.com

ကျက်မှတ်ရွတ်ဆိုလိုသူတို့အတွက် အနက်အကျဉ်းမှာ "အာဒိစ္စော နေမင်းသည်၊ ဒိဝါ - နေ့အခါ၌သာ၊တပတိ- ထွန်းလင်းတောက်ပနိုင်၏၊ စန္ဒိမာ - လမင်းသည်၊ ရတ္တိံ- ညဥ့်အခါ၌သာ အာဘာတိ-ထွန်းလင်းတောက်ပနိုင်၏၊ ခတ္တိယော - ဘုရင်မင်းသည်၊ သန္နဒ္ဓေါ - ချပ်ဝတ်တန်ဆာဝတ်ဆင်မှသာလျှင်၊တပ တိတောက်ပတင့်တယ်၏၊ ဗြာဟ္မဏော - ရဟန္တာပုဂ္ဂိုလ်သည်၊ ဈာယီ- ဈာန်ဝင်စားမှသာလျှင် တပတိ - တောက်ပတင့်တယ်၏၊ အထ- စင်စစ်သော်ကား၊ ဗုဒ္ဓေါ - မြတ်စွာဘုရားသည် သာလျှင်၊ သဗ္ဗမဟော ရတ္တိံ- အလုံးစုံသောညဥ့်နေ့တို့ပတ်လုံး၊ တေဇသာ-တန်ခိုးတော်အားဖြင့်၊ တပတိ - တောက်ပတင့်တယ်လေသတည်း။"

ဤအနက်နှင့်ပါဠိတော်ကို ကျက်၍ ညည့်နေ့ရွတ်ဖတ်သင့်လေသည်၊ အထက်ပါ အမိပ္ပါယ်ကို ကြည့်၍ ရွတ်ဖတ်သူ၌ မည်သို့အကျိုးခံစားရမည်ကိုပါ သိသင့်လေသည်။

ဤသဗ္ဗမင်္ဂလာဂါထာကို သီဟိုဠ်ကျွန်း ဘာတိကမင်းကြီးက မေးဘူး၍ ပညာရှိအမတ်ကြီးဖြေဆိုပုံ သံယုတ်အဋ္ဌ

ကထာ၌ ပြဆိုထားချက်ကိုလည်း နိဂုံးချုပ်အနေဖြင့် ဖော်ပြလိုပေသည်။

သီဟိုဠ်ကျွန်း၌ ဘာတိကမင်းကြီးသည် ပူဇော်မှုတစ်ခုကို ပြုပြီးလျှင် နိကာယ်ငါးရပ်ကိုတတ်ကျွမ်းသော အမတ်ကြီးတစ်ဦးအား ရတနာသုံးပါးနှင့် သက်ဆိုင်သော ဇယမင်္ဂလာ ဂါထာတစ်ပုဒ်ကို ရွတ်ဆိုစမ်းပါဟု စေခိုင်းလေသည်၊ ထိုအခါပညာရှိသော အမတ်ကြီးက ပိဋကသုံးပုံကို ဆင်ခြင်ပြီး ဤ "ဒိဝါတပတိ အာဒိစ္စော" စသောဂါထာကို ရွတ်ဆိုလေသည်။

ရွတ်ဆိုခိုက်၌ "ဒိဝါတပတိအာဒိစ္စော"ကို ရွတ်ဆိုစဉ် ဝင်ဆဲနေမင်းကြီးကို လက်အုပ်ချီသည်၊ "ရတ္တိမာဘာတိစန္ဒိမာ"ကိုရွတ်စဉ် ထွက်လာဆဲ လမင်းကြီးကို လက်အုပ် ချီသည်၊ "သန္နဒ္ဓေါခတ္တိယောတပတိ" ကို ရွတ်စဉ်ဘာတိကမင်းကြီးကို လက်အုပ်ချီသည်၊ "ဈာယီတပတိဗြာဟ္မဏော" ကို ရွတ်စဉ်ရဟန်းသံဃာများရှိရာသို့ လက်အုပ်ချီသည်၊ "ဗုဒ္ဓေါတပတိတေဇသာ" ဟု နောက်ဆုံးအပိုဒ်ကိုရွတ်ဆိုသောအခါ၌မူ မနီးမဝေး၌ရှိသောမဟာစေတီကြီးအား လက်အုပ်ချီလေသည်၊ ထိုအခါ ဘာတိကမင်းကြီးက

"လက်အုပ်ကိုချပါဦး" ဆိုကာ ထိုလက်အုပ်ချီသောလက်၌ အသပြာတစ်ထောင်ပေးကမ်းချီးမြှင့်လိုက်သည်ဟူ၏။

ဤကား သဗ္ဗမင်္ဂလာဂါထာအကြောင်းပင်ဖြစ်သည်၊ ဂါထာမှာ ဘုရားဟောဂါထာဖြစ်ပြီး ကျမ်းဂန်၌အလွန်ထင်ရှားကာ အကျိုးအလွန်များသဖြင့် သမ္ဗုဒ္ဓေဂါထာကဲ့သို့ နေ့ညမပြတ်ရွတ်ဖတ်ရန် သင့်လေသည်၊ ဤတွင် တတိယပုစ္ဆာအဖြေကို သိသာရုံဖြေဆိုလိုက်ခြင်း ဖြစ်သတည်း။

* * *

# သူရဿတီ

ပဉ္စမပြဿနာ (သူရဿတီကိုးကွယ်မှုအကြောင်း) ကို အကျဉ်းချုံး၍ဖော်ပြပါမည်၊ ဗုဒ္ဓဘာသာမြန်မာလူမျိုး များစွာတို့၏ အိမ်တွင် ရွှေဟင်္သာစီး မယ်တော်ကြီးဟူ၍ ရုပ်တုရုပ်လုံးဖြင့်တလီ ပန်းချီဘလောက်ပုံဖြင့်တမျိုးကိုး ကွယ်၍ထားသော သူရဿတီပုံများကို တွေ့ရပေသည်၊ အချို့မှာ ဘုရားစင်၌တင်၍ ပေါ်ပေါ်လွင်လွင်ပင်ထားရှိ ကိုးကွယ်ကြကာ ဘုရား၌သာ ပန်းညှိုးချင်ညှိုးမည်၊ မယ် တော်ကြီး၌ မညှိုးစေရအောင် ဂရုပြုကြသည်ကို တွေ့ရ ပေသည်၊ သို့နှင့် မယ်တော်ကြီးသည် မြန်မာလူမျိုးတို့၏ ကိုး ကွယ်ရာဖြစ်နေသဖြင့် ဘာသာရေးသမားတို့အဖို့ စိတ် ဝင်စားစရာပြဿနာတစ်ရပ် ဖြစ်လာရပေသည်။

ဤအကြောင်းနှင့်ပတ်သက်၍ မိတ်ဆွေများနှင့် အကြိမ်များစွာလည်း ဆွေးနွေးခဲ့ဘူးပေသည်၊ အကျိုး အ ပြစ်ကိုလည်း ဝေဖန်ပြခဲ့ဘူးသည်၊ ဆောင်းပါးအနေဖြင့် ကား မရေးခဲ့ဘူးသေးပေ။ သူရဿတီနှင့် ပတ်သက်သော

www.dhammaransi.com

ကျမ်းစာတို့တွင် နိဒါန်းအနေဖြင့် ရေးရန်အခွင့်ကြုံခဲ့သော်လည်း မရေးဖြစ်အောင်ပင် ရှောင်ကြဉ်နေခဲ့မိပေသည်၊ သို့သော် ယခုမူကား မရှောင်သာတော့သဖြင့် ရေးသားတင်ပြရပေတော့မည်။

သူရဿတီကို "ဆာရတ်(စ) ဗတီ" ဟုဖြာဟွကာတို့ကခေါ်၏ "သရဿတီ"ဟုရေးရလိမ့်မည်၊ သရဝန္တဟု ပုဒ်ရင်းကိုထုတ်လျှင် သရမှာ ရေဟောဖြစ်၍၊ ရှိသည့်အဓိပ္ပါယ်ရသော ဝန္တုပစ္စည်းဖြင့်ဆိုက မြစ်တစ်ခုဟူ၍သာ အဓိပ္ပါယ်ဆိုရပေလိမ့်မည်၊ ဝေဒကျမ်းတို့တွင်လည်း မြစ်တစ်ခုအနေဖြင့်သာ ဖော်ပြထားကြသည်ဟုဆို၏၊ မှန်ပါသည်၊ သရဿတီမြစ်သည် ရှေးအာရိယန်လူမျိုးတို့နေရာဖြစ်သည့် ဘရာမာဝါတ္တနယ်နိမိတ်ဖြစ်ရာ ထိုခေတ်အာရိယန်တို့သည် ယခုခေတ် ဟိန္ဒူတို့ ဂင်္ဂါမြစ်တို့ကို လေးစားရိုသေကြသကဲ့သို့ သရဿတီမြစ်ကို ရိုသေကြသည်ဟု ဆိုပေသည်။

မြစ်ကို (ဝါ) မြစ်စောင့်နတ်ကို အစဉ်အဆက် ပူဇော်ခဲ့ကြ၏၊ နေဒီဟူသောမြစ်သည် ဣတ္ထိလိင်ဖြစ်သဖြင့် မြစ်စောင့်နတ်သည် နတ်သမီးဖြစ်လာခဲ့ပြီးလျှင် မြစ်ကမ်းနဖူးတွင် ပူဇော်ပွဲကျင်းပ၍ ဂါထာများ ရွတ်ဖတ်ခြင်း၊ ဆု

www.dhammaransi.com

တောင်းခြင်းဖြင့် တခမ်းတနားကျင်းပမြဲဖြစ်ရာ ထိုမှတစ်စတစ်စ တိုးတက်ပြန့်ကားလာခဲ့သည်၊ နောက်သော် မြစ်မှပြောင်းလဲလာသော သူရဿတီသည် နှုတ်ကိုစောင့်သော နတ်သမီးတစ်ပါးဖြစ်လာခဲ့လေတော့၏။

နတ်သမီးဖြစ်လာရသည်မှာလည်း သရဿတီ (သူရဿတီ) မြစ်မှာ နဒီသဒ္ဒါမြစ်ဟောဖြစ်၍ နဒီသည် ဣတ္ထိလိင် ဖြစ်သဖြင့် မြစ်မှသက်ရှိ ဖြစ်လာရချိန်တွင် ပုလ္လိင်ယောကျ်ားဖြစ်မလာတော့ပဲ ဣတ္ထိလိင်အမျိုးသမီး (ဝါ) နတ်သမီးဖြစ်လာရသည်မှာ ဖြစ်ရိုးဖြစ်စဉ်ဟုပင် ဆိုရပါမည်။

သူရဿတီကို အမရကောသစသော သက္ကတအဘိဓာန်တို့တွင် "ဗြာဟ္မီ၊ ဘာရတီ၊ ဘာသာ၊ဂီရ၊ ဝါကျ၊ ဝါဏီ၊ သရဿတီ" (ပါဠိပြန်ထားပြီး) ဟု ပရိယာယ်ခုနစ်မျိုးပြထားလေသည်။ ယင်းပုဒ်တို့၏အနက်မှာ စကားဟူ၍ပင် ဖြစ်သဖြင့် သူရဿတီသည် စကားတော်တရားတော်(သို့မဟုတ်) စကားတို့ကိုအစိုးရသော နတ်သမီးဟုဆိုကြကုန်၏။ ထို့ကြောင့် စကားပြောသူတိုင်းသည် တနည်းအားဖြင့် တိရစ္ဆာန်မဟုတ်သူတိုင်းသည် သူရဿတီကို ပူဇော်ရမည်

ဟု ဆိုလိုရာရောက်ပေသည်။

သုဗောဓာ လင်္ကာရကျမ်းတွင် အရှင်သံဃရက္ခိတ မထေရ်မြတ်သည် ကျမ်းဦးပဏာမ၌ ဝါဏီဟူသော ပုဒ်ကိုအသုံးပြုခဲ့ရာ "မြတ်စွာဘုရား၏ တရားစကားတော်တည်းဟူသော သူရဿတီနတ်သမီး" ဟု တင်စား၍ အနက်ဆိုခဲ့ကြ၏။ အလင်္ကာကျမ်းသည် ကဗျာကျမ်းဖြစ်၍ ဤတင်စားမှုကို အကြိုက်များခဲ့ကြလေသည်။

## ဝေဒကျမ်းများအဆိုသူရဿတီနတ်သမီး

ဟိန္ဒူဘာသာဝင်တို့ ထိုသူရဿတီနတ်သမီးကို အထူးသဖြင့် ယုံကြည်ကိုးကွယ်ခဲ့ကြရာ နောင်သော်သူရဿတီသည် ဟိန္ဒူတို့၏ မိရိုးဖလာ ကိုးကွယ်ရာနတ်သမီး ဖြစ်လာတော့၏၊ ဟိန္ဒူတို့က သူရဿတီသည် အတတ်ပညာအားလုံးကို စောင့်ကြပ်သောနတ်သမီး၊ တူရိယာကဗျာ ပညာတို့ကို အစိုးရသူ၊ သက္ကတဘာသာ ဒေဝနာဂရီဘာသာတို့ကို တီထွင်သော နတ်သမီးစသည်ဖြင့် ယူဆလာကြတော့၏။

www.dhammaransi.com

သူတို့၏ ရိ(ဂ်) ဝေဒကျမ်းတွင် ဝါစာမည်သော ဤနတ်သမီးသည် နေလသမုဒ္ဒရာနှင့် လောကကြီးတစ်ခုလုံးကို စောင့်ကြပ်သူဖြစ်ကြောင်း၊ မိမိကိုကိုးကွယ်ပူဇော်သူတို့အား ဆင်းရဲကင်းကွာချမ်းသာသို့ ပို့ဆောင်နိုင်ကြောင်း၊ ပညာဟူသမျှကို အစိုးရသူဖြစ်၍ ဥစ္စာစည်းစိမ်ကို တိုးတက်အောင် တတ်စွမ်းနိုင်ကြောင်း များအပြင် အပူဇော်ခံတို့တွင် အထူးကဲဆုံးဖြစ်၍ နေရာဌာနတိုင်းရှိ သတ္တဝါမှန်သမျှတို့အား အမြဲစောင့်ကြပ် နေသဖြင့် နတ်တိုင်းကပင် လေးစားရကြောင်း ဆိုထားလေသည်။

ပူရာဏ်ကျမ်းတို့တွင် သူရဿတီ၏ဘဝဖြစ်စဉ်ကို စိတ်ဝင်စားဖွယ်ပြဆိုထားကြ၏၊ ဗြဟ္မာကြီးသည် မိမိကိုယ်မှ စင်ကြယ်သောသွေးသားတို့ကို ယူ၍ အမျိုးသမီးတစ်ဦးကို ဖန်ဆင်းခဲ့လေသည်၊ ထိုအမျိုးသမီးကား သူရဿတီပင်ဖြစ်၏၊ ထို့ကြောင့် သူရဿတီသည် ဗြဟ္မာမင်း၏သမီးတော်ပင်ဖြစ်ခဲ့၏၊ သတရူပ၊သာဝိတ္တိ၊ သရသွတီ၊ ဂါယတ္တိနှင့် ဗြာဟ္မဏ္ဍဟူ၍ အမည်ငါးမျိုးဖြင့် ကျော်စောခဲ့လေသည်။

သူရဿတီသည် ဗြဟ္မာဖန်ဆင်းခဲ့၍ ဗြဟ္မာမင်းကြီး၏ သမီးဟုဆိုသော်လည်း နောက်တွင် ဗြဟ္မာကပင်ပြန်

www.dhammaransi.com

လည်သိမ်းပိုက်သဖြင့် ပြဟ္မာ၏ဇနီးဖြစ်ရပြန်၏ အခြားကျမ်းတို့တွင် ပြဟ္မာသည် (ဗိဿနိုးဗိဿျကာ) မဟာသိဝ (သျှီဗာ) တို့နှင့် ဆွေးနွေး၍ သုံးဦးပေါင်းဖြင့် တစ်လောကလုံးကို ထွန်းပစေသော နတ်သမီးတစ်ပါးကို ဖန်ဆင်းကြလေသည်၊ ယင်းသည်ပင်သူရဿတီဖြစ်၍ ပြဟ္မာကြီးနှင့် ဆက်ဆံရာ၌ သူရဿတီ၊ ဗိဿနိုးနှင့် ဆက်ဆံရာ၌ လက္ခမီဒေဝီ၊ မဟာသိဝနှင့် ဆက်ဆံရာ၌ ပါရဗတီဒေဝီဟူ၍ ဖြစ်ရကြောင်းဆိုထားသေး၏။(ထိုမှတစ်ပါးမူကွဲအမျိုးမျိုးရှိသေးသည်၊ အကျယ်မပြတော့ပါ)။

## သူရဿတီရုပ်ပုံနှင့် တင်စားချက်

သူရဿတီသည် ပြဟ္မာ့ဘုံကမလာသန (ကြာပလ္လင်) ၌ နေ ကာ ဟသာ်ယာဉ်ကိုစီးနင်းသွားလာကြောင်းဖြင့် ဟိန္ဒူကျမ်း များမှာဆိုသည်၊ "ဟသာ်ဖြူစင်၊ ယာဉ်ထက်ခွင်၌၊ ဆင်းသွင် ဖြူဆွတ်၊ ကိုယ်ရောင်ဝတ်လျက်၊ကြီးမြတ်ဉာဏ၊ ဘုန်းတေ ဇဖြင့်၊ လက်လှဗယ်ညာ၊ နှစ်ဖက်မှာလည်း၊ ပဒုမ္မာဖြူ၊ စိန် ရောင်တူကို၊ စွဲယူကိုင်ကာ" စသည်ဖြင့်

www.dhammaransi.com

စပ်ဆိုထားကြသည် ကိုလည်း တွေ့ရပေသည်။

“ပိဋကတ္တယသမ္ဘူတ္တံ၊ သဗ္ဗသိဒ္ဓိသုခါဝဟံ”

စသောဂါထာဖြင့် ဟံသာယာဉ်ပေါ်တွင် ပိဋကတ်သုံးပုံကို ယူဆောင်လာသောပုံကို ထုလုပ်ကိုးကွယ်ကြသည်ကိုလည်းတွေ့ရဘူး၏၊ ထိုပုံမျိုးကား အလင်္ကာကျမ်းလာဝါဏီအရ ပိဋကတ်သုံးပုံတည်းဟူသော သူရဿတီနတ်သမီးဆိုသည့်အတိုင်း တူတန်အောင် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ထုလုပ်ကိုးကွယ်ကြဟန်တူ၏၊ “သုံးပုံပိဋကတ်၊ ဝါဏီ မြတ်ဟု၊ သူရဿတီ၊ နတ်ဒေဝီလည်း၊ ယှဉ်မှီနိစ္စ၊ မပြတ်မ ၍၊ ငါ့နှလုံးတိုက်၊ ရွှေကြာသိုက်၌၊ ပျော်ပိုက်စေပြီး” ဟူ၍လည်း မန်လည်ဆရာတော်ကြီးက မဃဒေဝ နိဒါန်းတွင် အထက်ပါယုံကြည်ချက်များနှင့်မဆန့်ကျင်ရလေအောင် စပ်ဆိုခဲ့လေသည်။

## ယုံကြည်ချက်အမျိုးမျိုး

သူရဿတီအကြောင်းနှင့်ပတ်သက်၍ စိတ်ဝင်စားစွာဆက်လက်လေ့လာသောအခါ အိန္ဒိယပြည်နှင့် ဆက်

www.dhammaransi.com

လျက်ရှိသော နီပေါလ်ပြည်တွင် ပိုမိုအင်အားကြီးမားသော သူရသတီကိုးကွယ်မှုများကို တွေ့ရလေသည်၊ နီပေါလ်လူမျိုးတို့သည် အများအားဖြင့် ဗြာဟ္မဏဝါဒီများပြားသဖြင့် သူရသတီမှာ ယင်းတို့၏ မိရိုးဖလာကိုးကွယ်ရာကဲ့သို့ဖြစ်နေလေသည်၊ သို့သော် နီပေါလ်ပညာရှင်တို့၏ အယူမှာ ဖော်ပြခဲ့သော "ဗြာဟ္မီ၊ ဘာရတီ၊ ဘာသာ၊ ဂီရ၊ ဝါကျ၊ ဝါဏီ သရသတီ"ဟူသောအမည် (၇) မျိုးအတိုင်း သူရသတီကို "စကား" ဟုအဓိပ္ပါယ်ယူကြပြီး စကားမရှိသည့် လူမျိုး သည် တိရစ္ဆာန်နှင့်တူ၍ တိရစ္ဆာန်နှင့်လူ ခွဲခြားမှုမှာ စကားသာ ပဓာနဖြစ်သည်၊ ထို့ကြောင့် သူရသတီဟူသည်ကား (ဝါ) စကားကို အစိုးရသူဖြစ်သည်ဟုဆိုကြသည်၊ နောင်တွင် စကားကောင်းစွာပြောဆိုတတ်သူ၊ စကားအရာ အင်္ဂါလေးတန်နှင့် ညီညွတ်စွာ ပြေပြေ ပြစ်ပြစ်ပြောဆိုတတ်သူကို သူရသတီဟုဆိုကြလေသည်၊ ထိုထက်စကားကောင်းစွာ ပြောဆိုတတ်ရုံမက ပညာအရပ်ရပ်တတ်ကျွမ်းသူများကိုလည်း သူရသတီဟု ခေါ်ဝေါ်သမုတ်ကြပြန်သဖြင့် နယ်ကျယ်လာလေသည်။

သူရသတီကိုအမည် (၁၂) မျိုး၊ ကိုယ်အင်္ဂါ

www.dhammaransi.com

လက္ခဏာ (၈) မျိုးဖြင့် ဂုဏ်ပြုထားပြန်သည်၊ အမည် (၁၂) မျိုးမှာ (မူရင်းဂါထာများအရ)

(၁) ဘာရတီ (ဘာရတ ရသေ့၏ဥစ္စာ၊ ဝါ-စကား)
(၂) သရဿတီ (စီးသောရေရှိသောအရာ)
(၃) သာရဒါဒေဝီ (သရဒဥတုဌှ်ဖြစ်သောဒေဝီ)
(၄) ဟံသဝါဟိနီ( ဟင်္သာယာဥ်ရှိသူ)
(၅) ဇဂမ္မာတာ(လောက၏မိခင်)
(၆) ဝါစိဿရီ (စကားကိုအစိုးရသူ)
(၇) ကောမာရီ (အပျိုစင်)
(၈) ဝရဒါယိနိ(ဆုပေးလေ့ရှိသူ)
(၉) ဗုဒ္ဓိဒတ္တိ (အသိဉာဏ်ကိုပေးလေ့ရှိသူ)
(၁၀) ဗြဟ္မစာရိဏီ (ဗြဟ္မစာရီအကျင့်ရှိသူ)
(၁၁) စန္ဒဃဏ္ဍာ (လတည်းဟူသောခေါင်းလောင်းရှိသူ)
(၁၂) ဘူဝနိဿရီ (လောကကိုအစိုးရသူ)

ဟူ၍ဖြစ်၏ (ကွင်းအတွင်းရှိ မြန်မာပြန်ဆိုချက်များမှာ ရနိုင်သော သဒ္ဒါအနက်များဖြစ်၏၊ မူရင်းဖြစ်စဉ်နှင့် ကိုက်ညီချင်မှကိုက်ညီပေမည်)

www.dhammaransi.com

ကိုယ်အင်္ဂါလက္ခဏာ (၈)မျိုးဟူသည်ကား လက္ခီ၊ မေခါ၊ခရာ၊ ပုဋ္ဌိ၊ ဂေါရီ၊ တုဋ္ဌိ၊ ပမာ၊ ဓိတိ၊ ဤ (၈) မျိုးဖြစ်၏၊ ကျက်သရေရှိခြင်း၊ ပညာကြီးမြင့်ခြင်း၊ တည်ရာ မြေကြီးသဖွယ်ဖြစ်ခြင်း၊ ကျွေးမွေးခြင်း၊ နူနယ်ပျိုပျစ်ခြင်း၊ နှစ်သက်သောစိတ်ရှိခြင်း၊ နှိုင်းယှဉ်ချင့်ချိန်တတ်ခြင်းနှင့် ခိုင်ခံ့တည်ကြည်ခြင်းဟု အဓိပ္ပါယ်ယူသော်ရကောင်းရာ၏။

သူရဿတီသည် ဗြဟ္မာညဏ်ရှိပြီး ရိုးတံရိုးဆစ်မပေါ်ပြေပြစ်တင့်တယ် ဖြူဖွေးစင်ကြယ်သော ရုပ်ဆင်းအင်္ဂါရှိ၍ လက်တွင် စောင်းနှင့်စိပ်ပုတီး (သို့မဟုတ်) ပေစာကို ကိုင်ဆောင်ထားသည်၊ သတ္တဝါတို့၏ အပြစ်တို့ကို အစဉ်ခွင့်လွှတ်တတ်သည်၊ ပဒုမ္မာကြာပွင့်ပေါ်၌ အစဉ်အမြဲကိန်းစံတတ်သည်ဟုဆိုပေသည်၊ ၎င်းသူရဿတီရုပ်သွင် ကိုပီပြင်စွာထုလုပ်ပြီးလျှင် ဖော်ပြပါအမည် (၁၂) မျိုး၊ ကိုယ်အင်္ဂါလက္ခဏာ (၈) မျိုးကို ဖွဲ့နွဲ့ထားသော ဂါထာများဖြင့် ကျူးရင့်သိဒ္ဓိတင်လျှက် ကိုးကွယ်ကြလျှင် သင်ကြားသောစာပေပညာများ ပေါက်ရောက်တတ်မြောက်ခြင်း၊ အလုပ်အကိုင်အောင်မြင်ခြင်း၊ သိဒ္ဓိအမျိုးမျိုးပြီးစီးခြင်းစသော အကျိုးထူးများရနိုင်သည်ဟု ဗြာဟ္မဏဘာသာဝင်များက

www.dhammaransi.com

အယူရှိကြလေသည်။

## ဝသန္တပဥ္စမီနေ့

နီပေါလ်ပြည်တွင် အခြားသောပွဲတော်နေ့များကဲ့သို့ သူရဿတီနေ့တစ်နေ့ရှိပြီး အခမ်းအနားကြီးကျယ်စွာဖြင့် ပူဇော်လေ့ရှိကြသည်၊ ထိုနေ့ကို "မဂသုဓိပဥ္စမီနေ့" ဟူ၍ဎင်း "ဆရိပဥ္စမီနေ့"ဟူ၍ဎင်း ခေါ်သည်၊ သို့သော် ဝသန္တဥတု၏ ငါးရက်မြောက်နေ့၌ ပူဇော်ကြမြဲဖြစ်၍ "ဝသန္တပဥ္စမီနေ့" ဟု အခေါ်များလေသည်၊ တန်ခူးနှင့် ကဆုန်လနှစ်လသည် ဝသန္တဥတုဖြစ်၏။ထိုဝသန္တဥတုမှာ ဎင်းတို့ဘာသာအရ အထွတ်အမြတ်ထားရာ ဥတုဖြစ်သဖြင့် အောက်ပါ အဓိပ္ပါယ်အတိုင်း ချီးကျူးဖွဲ့နွဲ့ကြကုန်၏။

"တဝီဝီတိုက်ခတ်၍လာနေသော လေပြင်းမုန်တိုင်းတို့သည် ဝသန္တရာသီကို သတိပေးလျက်ရှိသည်၊ပြာရီမှိုင်းညို့နေသော မိုးကောင်းကင်ဝယ် လျှပ်စစ်လျှပ်ပန်းတို့က ယှက်သန်းလျက်ဎင်း၊ မိုးသံတို့က တချွန်းချွန်းမြည်လျက်ဎင်း ဝသန္တရာသီကို သရုပ်ဖော်ကြ

www.dhammaransi.com

သည်၊ နှံ့ -ပြွေ - ဘာဂျာသံကဲ့သို့ ထံတျာဆိုသီ
အော်မြည် ဟစ်ကြွေးနေကြသော ပုဇဉ်းနှံကောင်တို့
ကလည်း ဝသန္တသီချင်းကို သံညှင်းကျူကာ သီဆို
ကြပါသည်၊ သာယာငြိမ့်ညောင်းလွမ်းဖွယ်ကောင်း
သည့် ပျော့ပျောင်းသော ဥသြသံတို့ကလည်း ဝသန္တ
ကို ကြိုဆိုကြသည်၊မြေဆီမြေလွှာမှ ပေါက်ပေါ်
ဖွင့်ဖူးလာကြသည့် ပန်းဥ ပန်းဖူး ပန်းပွင့် ပန်းငုံတို့ကမူ
ဝသန္တကို သရုပ်ဖော်နေကြပါ၏၊ ဂိမန္တဥတု၏
အပူဒဏ်ကို ခံစားလာခဲ့ကြရသည့် ပင်ကြီးပင်ငယ်
ပင်ရွယ်ပင်လတ် သစ်ပင်အရပ်ရပ်တို့သည်ကား
ခြောက်သွေ့ညှိုးငယ်နေရာမှ ဝသန္တ၏အခိုးအ
ငွေ့ကြောင့် စိမ်းစိုရှင်လန်းသည့်အသွင်သို့ကူးပြောင်း
လာကြပါပြီ၊ ထိုမိုးသီချင်းနှင့်အတူ တိုက်ခတ်လာ
သောလေနုလေအေး မွှေးမွှေးချိုချိုတို့အပြင် စိမ်းစို
သောအာရုံတို့ကြောင့် လူတို့၏ စိတ်နှလုံးသည်လည်း
တဖန်နုပျိုလန်းဆန်းခြင်းသို့ရောက်လာရပြန်တော့ပြီ”
ဤသို့လျှင် ဝသန္တရာသီသည် လူတို့အား ရွှင်မြူးစေလေ၏၊
နီပေါလ်ပြည်သူတို့က “ဤသို့ရွှင်မြူးလာရခြင်းမှာလည်း
သူရဿတီဒေဝီ၏ စောင်းညှင်းတန်ခိုးကြောင့်”ဟု အဆိုရှိ
လေသည်၊ ထို့ကြောင့် ဝသန္တပဥ္စမီနေ့မှာ သူတို့အဖို့အလွန်
ထူးမြတ်သောနေ့ကြီးဖြစ်၏၊ ထိုနေ့တွင် ပန်းအမွှေးတိုင်

www.dhammaransi.com

ဆန်ရေချမ်းပေါက်ပေါက်တို့နှင့် သူရဿတီအား ပူဇော်ကြလေ၏၊ ထိုပစ္စည်းများသာမက စာပေနှင့်စပ်သော ကလောင်တံ မင်အိုးစက္ကူစသည်များဖြင့်လည်း ပူဇော်ရသေးရာ ထိုသို့ပူဇော်သည့် အထိမ်းအမှတ်ဖြင့် ဝသန္တပဉ္စမီနေ့၌ စာပေရေးသားခြင်း လုံးဝမပြုလုပ် ကြရပေ၊ (စာပေရေးသားမှုကို လှူထားသည့်အဓိပ္ပါယ်ပင်)

ထိုနေ့တွင် ကြာပွင့်ပေါ်၌ ရပ်နေသောပုံ၊ ဟင်္သာယာဉ်၌စောင်း (သို့မဟုတ်) ကြာပန်းကိုကိုင်နေသောပုံ၊ ဒေါင်းယာဉ်၌ စာအုပ်နှင့် စောင်းကိုင်နေသောပုံစသော သူရဿတီ၏ ရုပ်ပုံဟန်အမျိုးမျိုးတို့ကို ဖော်ထုတ်ရေးဆွဲ၍ ပူဇော်ကြပြန်လေသည်၊ သူရဿတီအား ပူဇော်ကြသော ဂါထာများမှ ဆုတောင်းနှစ်ဂါထာမျှကို နမူနာအဖြစ် အောက်တွင်ဖော်ပြလိုက်ပါ၏။

သရဿတိ မယာ ဒိဋ္ဌာ၊
ဝီဏာ ပေါတ္ထကဓာရိဏီ၊
ဟံသဝါဟနသံယုတ္တာ၊
ဝိဇ္ဇာဒါနံ ကရောတုမေ။

မယာ၊ အကျွန်ုပ်သည်။ ဒိဋ္ဌာ၊ ဖူးမြင်အပ်သော။ ဝီဏာပေါတ္ထကဓာရိဏီ၊ စောင်းနှင့်ပေစာတို့ကို ဆောင်လေ့ရှိသော။ ဟံသဝါဟန - သံယုတ္တာ၊ ဟင်္သာယာဉ်နှင့်ယှဉ်

www.dhammaransi.com

သော၊ သရဿတီ၊ သူရဿတီသည်၊ မေ၊အကျွန်ုပ်အား၊ ဝိဇ္ဇာဒါနံ၊ အတတ်ပညာပေးခြင်းကို၊ ကရောတု၊ ပြုတော်မူပါစေသတည်း။

ဝေဒါ သုတ္တာနိ သဗ္ဗာနိ၊
နစ္စဂီတာဒိကံစ ယံ၊
န ဝိဟီနံ တွယာ ဒေဝီ၊
တထာ မေသန္တု သိဒ္ဓယော။

ဒေဝီ၊ အိုအရှင်မ။ ဝေဒါ၊ ဝေဒတို့သည်၎င်း၊ သဗ္ဗာနိ သုတ္တာနိ၊ အလုံးစုံသော ကျမ်းဂန်တို့သည်၎င်း၊ နစ္စဂီတာဒိကံ၊ တခြင်းသီခြင်းအစရှိသော၊ ယံစ၊ အကြင်အတတ်ပညာသည်၎င်း၊ သန္တိ၊ ရှိကုန်၏၊ တံသဗ္ဗံ၊ ထိုအလုံးစုံသည်၊ တွယာ၊ အရှင်မမှ၊ နဝိဟီနံ၊ မကင်းနိုင်ပါ၊ တထာ၊ အရှင်မအတူ၊ မေ၊ အကျွန်ုပ်အား၊ သိဒ္ဓယောသိဒ္ဓိတို့သည်၊ သန္တုဖြစ် ပါစေကုန်သတည်း။

ဗြာဟ္မဏဘာသာဝင်များနှင့်သာ သက်ဆိုင်သော သူရဿတီပုံတော် သိဒ္ဓိတင်ဂါထာများ၊ သူရဿတီရှိခိုးဂါထာများ၊ ဝသန္တပဉ္စမီအစီအရင်ဂါထာများကိုကား ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာတို့နှင့် ဆန့်ကျင်သဖြင့် မဖော်ပြလိုတော့ပါ၊ အမှန်အားဖြင့်လည်း အထက်ပါဖော်ပြချက်များကို ထောက်ရှုခြင်းဖြင့် သူရဿတီသည် ဗုဒ္ဓဘာသာ တရားတော်နှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း ထင်ရှားပါသည်။

www.dhammaransi.com

ဤမျှရှည်ရှည်လျားလျား တင်ပြရေးသားနေခြင်းမှာလည်း သိလိုသူရှိသဖြင့် ပြဿနာ အားလျော်စွာ အကျဉ်းချုံး၍ တင်ပြလိုက်ခြင်းမျှ ဖြစ်ပါသည်၊ သူရဿတီကိုး ကွယ်မှုကို အမွှန်းတင်အားပေးနေခြင်းမဟုတ်ပေ၊ စင်စစ်အားဖြင့်ကား စာရှုသူတို့သည် ဗုဒ္ဓဘာသာဝင်များပီပီ ဘုရား၊ တရား၊ သံဃာကိုးကွယ်ခြင်းမှအပ နာနာသတ္တာရဉ်လွှောကနဘောကြီး မရောက်ရန် အခြားဝါဒန္တရအသရဏတို့၌ မပါဝင်မိကြရန် အထူးသတိထားရပေမည်။

ထို့ပြင် သူတော်ကောင်း ကုသိုလ်ရှင်တို့အား သာမန်နတ်များမဆိုထားဘိ၊ သိကြားမင်း ကိုယ်တိုင်ကပင် ရှိခိုးဦးခိုက်ရပုံ ဟောထားသော သံယုတ်ပါဠိတော်၊ လူတို့အားယာဉ်လုပ်စီးသောနတ်များသည် သမ္မာအယူရှိ - ဗုဒ္ဓဝါဒီတို့အနီးသို့ပင် မကပ်ဝံ့ပုံဆိုထားသော သုတ်ပါထေယျ အဋ္ဌကထာစကား စသည်တို့ကို ထောက်ထား၍ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် သူရဿတီစသော နတ်တို့အား ကိုးကွယ်ခြင်း ရှိခိုးခြင်းမပြုမိကြရန် သတိပြုကြစေလိုပါသတည်း။

* * * * * * *

www.dhammaransi.com

၁၉၅၉ ခုနှစ် ယူနက်စကိုစာပေဆုရစာအုပ်

ကာလီဒါသ၏

# သကုန္တလာ ပြဇာတ်

ရဝေထွန်း ပြန်ဆိုသည်

N Nyunt Than & *Group* မှ

စီစဉ်၍ ဆက်လက်ထွက်ပါမည်။

စာမူခွင့်ပြုချက်အမှတ် ၁၄၆/၂၀၀၀ (၂) (၁၅. ၃. ၂၀၀၀)

www.dhammaransi.com